# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရားထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၆)၊ အမှတ် (၀၇၂)


# ဘိုင်ပင်ဂူဒေသနှင့် ဟေမိငါးထောင်နေရာ ခရီးသွားဇုန်ဖော်ဆောင်ရန် အလားအလာကောင်းများရှိ

**ပုသိမ်ကြီး ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မင်းကန်ကျေးရွာအုပ်စု ဘိုင်ပင်ဒေသရှိ ဆင်ဖြူတွင်း သဘာဝကျောက်လိုဏ်ဂူ၊ သုံးထပ်ရေတံခွန်နှင့် ဟေမိငါးထောင်နေရာကို လာရောက်ဖူးမြော်လေ့လာ အပန်းဖြေသူများ များပြားလာသောကြောင့် ခရီးသွားဇုန်နေရာတစ်ခုအဖြစ် ဖော်ဆောင်ရန် တိုင်းဒေသကြီးအစိုးရထံ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ဒေသခံပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေပြီး ခရီးသွားလုပ်ငန်းတွင်လည်း ဝင်ငွေပိုမိုရရှိစေနိုင်သဖြင့် ယင်းဒေသရှိ အလားအလာကောင်းသည့် နေရာများအား ထိန်းသိမ်းစောင့်ရှောက်ကာ ခရီးသွားဇုန်အဖြစ် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦးက ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၃

# ပြည်နယ်ဝန်ကြီးချုပ် မောင်တောဒေသရှိ ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေး

**မောင်တော ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ၊ ရခိုင်ပြည်နယ်ဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ် မစ္စတာ ခရစ်ကာတာနှင့် တာဝန်ရှိသူများသည် မောင်တောမြို့နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများရှိ နှစ်ဖက် လူမှုအသိုင်းအဝန်းမှ ပြည်သူများနှင့် တွေ့ဆုံထောက်ပံ့ရန်အတွက် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက အမြန်ရေယာဉ်ဖြင့် ထွက်ခွာလာရာ မောင်တောမြို့နယ် တောင်ပိုင်းဒေသ ကင်းချောင်းကျေးရွာ ARG စိုက်ပျိုးရေးကုမ္ပဏီသို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မောင်တော ပြည်သူတစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်



# မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကကြီးမှူး၍ သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့

စာ » ၄



# ငါးဖမ်းရာသီ မြန်မာ့ပင်လယ်ပြင်မှ ဈေးကွက်ဝင်တန်ဖိုးမြင့် ငါးသလောက်ငါးများ ပိုမိုဖမ်းဆီးရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါး/ပုစွန်သယံဇာတထိန်းသိမ်းနိုင်ရေးနှင့် ရေရှည်စဉ်ဆက်မပြတ်ဖမ်းဆီးထုတ်လုပ်နိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ငါးဖမ်းရာသီအတွက် ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာကို ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ သတ်မှတ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆- ၂၀၁၇ ငါးဖမ်းရာသီကို စက်တင်ဘာ ၁ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ခဲ့ရာ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ငါးအထိအမိများကာ ယခင်နှစ်ကထက် ပိုမိုကောင်းမွန်လာပြီး ငါး/ပုစွန်အရွယ်အစားများ ပိုမိုကြီးမားလာကြောင်း ရေလုပ်ငန်းရှင်များထံမှ သိရသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစ၍ မြန်မာ့ပင်လယ်ပြင်၌ ငါးသလောက် ငါးဖမ်းဆီးရရှိမှုမှာ ယခင်နှစ်ကထက်များပြားလာခဲ့ရာ ကမ်းရိုးတန်းဒေသရှိတိုင်းဒေသကြီး/ပြည်နယ်များဖြစ်သော ရခိုင်ပြည်နယ်၌ ပိဿာချိန် ၂၂၅၀၀၀ ခန့်၊ ဧရာဝတီတိုင်းဒေသကြီး၌ ပိဿာချိန် ၇၃၀၀၀၀ ခန့်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပိဿာချိန် ၁၂၀၀၀၀၀ ခန့်နှင့် မွန်ပြည်နယ်၌ ပိဿာချိန် ၆၄၀၀၀ ခန့် ဖမ်းဆီးရမိခဲ့သည်။ ငါးသလောက်ဖမ်းဆီးရရှိမှု အရွယ်အစားမှာ ခန့်မှန်း ၃၀၀ ဂရမ်မှ ၅၀၀ ဂရမ်အထိ ဖမ်းဆီးရမိကြောင်း ငါးချဆိပ်ကမ်းများသို့ ငါးဖမ်းရေယာဉ်ဝင်ရောက်မှုများ၊ ကုန်တက်စာရင်းရရှိမှုအခြေအနေများနှင့် ရေလုပ်ငန်းရှင်များထံမှ သိရသည်။

နှစ်စဉ်ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာအဖြစ်သတ်မှတ်ပိတ်ပင်ထားသော

စာမျက်နှာ ၃ ကော်လံ ၁

မြန်မာ့အလင်း

# အမှန်တရားအပေါ်သစ္စာရှိခြင်းနှင့် ဂုဏ်သိက္ခာရှိသော သတင်းမီဒီယာ

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်မှာ နှစ်လတင်းတင်းပြည့်ခဲ့ပြီးသည့်နောက် ယင်းဖြစ်ရပ်၏ နောက်ဆက်တွဲဖြစ်ရပ်များမှာ မူလအခြေအနေများနှင့် အကွာခြားကြီးကွာခြားသွားခဲ့ပြီဖြစ်သည်။ လိမ်လည်မှု၊ အဆင်ခြင်ကင်းမဲ့မှုတို့က မြန်မြန်ဆန်ဆန်ပျံ့နှံ့သွားခဲ့ပြီး ဘာသာရေး၊ လူမျိုးရေး အစွန်းရောက်သူ၊ အကြမ်းဖက်သင်တန်းများပေးခဲ့သူ၊ ကျေးရွာများတွင် ခေါင်းပြတိုက်ခဲ့သူ၊ မိမိတို့ မှီခိုနေထိုင်ရာနိုင်ငံကို ဘာသာရေးစစ်ပွဲဆင်နွှဲရန် လက်ညှိုးတထောင်ထောင်နှင့် လက်နက်များကိုင်ဆောင်ကာ ကြိမ်းမောင်းနေသူ၊ ဘာသာတူအချင်းချင်းကိုပင် လည်လှီးသတ်ဖြတ်ခဲ့သူတို့၏ ပုံရိပ်များက တဖြည်းဖြည်းမှေးမှိန်သွားကာ လိမ်ညာဝါဒဖြန့်မှုနှင့် မမှန်ကန်သည့်သတင်းများကသာ တစ်စတစ်စဖုံးလွှမ်းလာခဲ့သည်။ အံ့သြဖွယ်ကောင်းသည်မှာ ရည်ရွယ်ချက်ရှိရှိဖြင့် လိမ်ညာသတင်းဖြန့်ချိမှုများတွင် ဒေသတွင်းထင်ရှားသည့်သတင်းဌာနနှင့် ကမ္ဘာတွင်ပါ ကျော်ကြားသည့် သတင်းဌာနတို့ပါ ပါရှိနေကြခြင်းဖြစ်ပြီး မိမိတို့ဖော်ပြခဲ့သည့်သတင်းများ မှားယွင်းကြောင်းသိရှိပြီးချိန်တွင်လည်း ရိုးသားဖြောင့်မတ်စွာဖြင့် အမှားကိုဝန်ခံခြင်း၊ ပြင်ဆင်ဖော်ပြခြင်းတို့မပြုခဲ့ဘဲ မသိမသာ ပြန်လည်ဖြုတ်ချသွားခဲ့ခြင်းဖြင့် ၎င်းတို့၏ကျင့်ဝတ်စံနှုန်းတို့နိမ့်ကျမှုကိုဖော်ပြသွားခဲ့သည်။

"မတိကျသော၊ အနက်ကောက်လွဲစေသော၊ ပုံဖျက်ထားသော အချက်အလက်များကို ဖော်ပြမိပါက အချိန်မဆိုင်းဘဲ ပြင်ဆင်ချက်ထုတ်ပြန်ရမည်။ ထိုသို့ပြင်ဆင်ချက်ထုတ်ပြန်ရာတွင်လည်း မူလဖော်ပြချက်နှင့် အနီးစပ်ဆုံးနေရာတွင် ပေါ်လွင်ထင်ရှားစွာ အမြန်ဆုံးပြင်ဆင်ဖော်ပြပေးရမည်။ ထိုမတိကျမှုကြောင့် ထိခိုက်နိုင်သော လူ၊ အဖွဲ့အစည်းများအားလုံးကိုလည်း ပြန်လည်ဖြေရှင်းတုံ့ပြန်ဆောင်ရွက်ခွင့်ပေးရမည်"

အထက်တွင် ဖော်ပြခဲ့သည်မှာ မြန်မာနိုင်ငံစာနယ်ဇင်းများက ကျင့်သုံးလျက်ရှိသော မီဒီယာအစီအစဉ်များဆိုင်ရာကျင့်ဝတ်များအနက် တိကျမှု၊ ဘက်မလိုက်မှုနှင့် မျှတမှုတို့အတွက် ကျင့်ဝတ်များမှ ကောက်နုတ်ချက်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့သော ဒီမိုကရေစီစနစ်နုနယ်သေးသည့် နိုင်ငံတစ်နိုင်ငံမှ အတွေ့အကြုံနုနယ်သေးသည့် မီဒီယာတို့လိုက်နာကျင့်သုံးလျက်ရှိသည့် ကျင့်ဝတ်များမှာပင်လျှင် မှားယွင်းမှုအတွက်ပြင်ဆင်ဖော်ပြပေးရန် ပြဋ္ဌာန်းမှုများနှင့်အတူ ကျင့်သုံးလျက်ရှိရာ ဒီမိုကရေစီစနစ် ခိုင်မာရင့်ကျက်ပြီးသည့်နိုင်ငံတို့မှ ပရော်ဖက်ရှင်နယ်မီဒီယာများ၏ကျင့်ဝတ်စံနှုန်းများမှာလည်း မြင့်မားမည်မလွဲဟု ယုံကြည်မိသည်။

မူလသတင်းအရင်းအမြစ်ကို စေ့စပ်သေချာစွာမစစ်ဆေးဘဲ သတင်းအမှန်ဟုယူဆကာ ရိုးသားစွာဖော်ပြခဲ့မိသည်ဖြစ်စေ၊ မမှန်ကန်သောသတင်းကိုပင် ရည်ရွယ်ချက်ရှိရှိဖြင့်ဖော်ပြခဲ့သည်ဖြစ်စေ အဆိုပါသတင်းအမှားသည် နာမည်ကြီးမီဒီယာတစ်ခု၏အဆင်ခြင်ကင်းမဲ့စွာဖော်ပြခဲ့မှုကြောင့် အခြားကွန်ရက်များတွင် ဆက်ကာဆက်ကာ ဖော်ပြမှုနှင့်အတူ နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာကိုထိခိုက်စေခဲ့ပြီဖြစ်သည်။ နောက်ဆက်တွဲအဖြစ် ရှုပ်ထွေးသောအခြေအနေများသည်လည်း ထိုနိုင်ငံ ထိုလူမျိုးတို့အပေါ် သက်ရောက်လာခဲ့မည်ဆိုလျှင် သတင်းအမှားကို ဖော်ပြခဲ့သည့်မီဒီယာမှာပင် တာဝန်ရှိလိမ့်မည်ဖြစ်သည်။

ကမ္ဘာ၏မည်သည့်အစိတ်အပိုင်းတွင်ရှိသော သတင်းမီဒီယာသမားများဖြစ်စေ ကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းကြရမြဲဖြစ်သည်။ မီဒီယာသမားမှန်သမျှ အမှန်တရားပေါ်တွင် ရပ်တည်ကြရသည်။ ဖြောင့်မတ်ရိုးသားခြင်း၊ မျှတခြင်းတို့သည်လည်း မီဒီယာတို့၏ သီလများပင်ဖြစ်သည်။ မည်သည့်သတင်းမီဒီယာမျှအမှားနှင့်ကင်းသည်ဟူ၍မရှိ။ မှားတတ်သည့်သဘောတို့ရှိသည်သာ။ အမှားကို အမြန်ဆုံးနှင့်ထင်ရှားပေါ်လွင်စွာ ပြန်လည်ပြင်ဆင်ခြင်း၊ အမှန်အချက်အလက်တို့ကိုပြန်လည်ဖော်ပြခြင်းတို့ဖြင့်သာ သတင်းအပေါ်သစ္စာတရားနှင့်လူသားအသိုက်အဝန်းအပေါ် အလေးထားသည့် သိက္ခာရှိသော မီဒီယာအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။ ။




## ပြည်သူပူးပေါင်းပါဝင်မှုဖြင့် ရဲလုပ်ငန်းထိရောက်စွာဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော်မြို့နယ် (၁၀) ရပ်ကွက် ဘုရားလမ်းရှိ နေပြည်တော်မြို့မရဲစခန်းတွင် ဒီဇင်ဘာလပထမပတ်က ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်အား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ထွန်းစိုးသိန်းက အမှာစကားပြောကြားသည်။

မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အေးမင်းက ရက် ၂၀၀ စီမံချက်ဝန်ဆောင်မှုများကို ရွေးရှုသောရဲလုပ်ငန်းစနစ် တိုင်ကြားခံရမှုနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မှုများ၊ မှုခင်းဖြစ်ပွားမှု၊ ထူးခြားမှုခင်းဖော်ထုတ်ရမိမှု၊ လိုင်စင်မဲ့ယာဉ်များနှင့် အသံဆူညံစွာတပ်ဆင်မောင်းနှင်သော မော်တော်ဆိုင်ကယ်ဖမ်းဆီးအရေးယူမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်ရှိ ဘောလုံးကွင်း ပြန်လည်ပြုပြင်မှု ၆၀ ရာခိုင်နှုန်း ပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၁၁) ရပ်ကွက် ဇေယျဝတီပန်းခြံနေပြည်သူများ လေးနှစ်ကြာကာလတင်ပြလျှောက်ထားသော ဘောလုံးကွင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ဘောလုံးကွင်း၏ ဧရိယာမှာအလျား ၂၂၄ ပေ၊ အနံ ၁၄၅ ပေရှိသည်။ "ဒီလုပ်ငန်းခွင်ကို အောက်တိုဘာ ၂ ရက်က စတင်ခဲ့တာပါ။ လုပ်ငန်းအားလုံးကိုတော့ ၂၀၁၇ ခုနှစ်ဇန်နဝါရီလ ဒုတိယပတ်မှာပြီးစီးမယ်လို့ခန့်မှန်းထားပါတယ်" ဟု တာဝန်ခံဌာနစုမှူး (အင်ဂျင်နီယာ) ဦးတင်ဇော်ထွန်းက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရွှေပြည်သာမြို့နယ်၌ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ အမှတ် (၁၈) ရပ်ကွက် ပန်းခြံ(၁)နှင့် အမှတ် (၁၁) ရပ်ကွက် ဇေယျဝတီပန်းခြံတို့တွင် ဘောလုံးအားကစားကွင်းတစ်ကွင်းစီဖြင့် စုစုပေါင်းနှစ်ကွင်း တည်ဆောက်မည်ဟု သိရသည်။

"လူငယ်တွေကစားနိုင်ဖို့ အားကစားကွင်း တည်ဆောက်ပေးတဲ့အတွက် သက်ဆိုင်ရာဌာနကို ကျေးဇူးလည်းတင်တယ်။ ဝမ်းလည်းသာပါတယ်။ ဒီလိုမှ မဟုတ်ရင် လူငယ်လူရွယ်တွေက ဘောလုံးကို ယာဉ်သွားလမ်း၊ လူသွားလမ်းတွေမှာ တက်ကန်နေကြတော့ ပြဿနာခဏခဏဖြစ်နေတာတွေ့နေရတယ်။ ဘောလုံးအားကစားကွင်းပြီးသွားရင် အားလုံးအဆင်ပြေသွားပါပြီ" ဟု ယင်းရပ်ကွက်အတွင်းနေသူ ဦးမြထွန်းက ပြောသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

## လားရှိုးမြို့၌ မူးယစ်ဆေးဝါးအကြောင်း ဟောပြော

**လားရှိုး ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဒီဇင်ဘာ ၈ရက်က လားရှိုးမြို့ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါးအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၈၀ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲကို ရှမ်းပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ဥက္ကဋ္ဌဒုတိယရဲမှူးကြီး အောင်ကျော်စိုး၊ ခရိုင်/မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ လားရှိုးမြို့ရှိ အမှတ်(၂၄) မူးယစ်တပ်ဖွဲ့ (အထူး)နှင့် အမှတ်(၁၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး အသိပညာပေးဟောပြောပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။**မမ(လားရှိုး)**

## ပုသိမ်မြို့နယ်တွင် မိုးစပါးစံပြကွက်ရိတ်သိမ်း

**ပုသိမ် ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း မိုးစပါးစိုက်ဧက တစ်ဧကအထွက်တိုးမှန်ကန်ရေးအတွက် ငွေဆောင်မြို့ မဒြေါကုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာ တောင်သူဦးကျော်ခိုင်ကြီး၏ ရွှေသွယ်လေးစပါးမျိုး စိုက်ပျိုးဧက ၀ ဒသမ ၁၀ ဧကအား ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၇၁ ဒသမ ၆၂ တင်း (အခြောက်) ထွက်ရှိကြောင်း သိရသည်။

အဆိုပါစံပြကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး ဦးတင်အောင် ဦးဆောင်ပြီး ဝန်ထမ်းများက စုပေါင်းရိတ်သိမ်းခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးဧက ၉၃၈၅၁ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**မေမိုးသဲ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၀-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၂၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၉၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၄၀/၆၆၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၆ ・ ၇၉ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၀၃၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ ・ ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂ ・ ၅၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး စည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၁၀**



မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစည်း အဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်အထိမ်းအမှတ် ရုပ်ရှင်ဇာတ်ကားများနှင့် ဇာတ်လမ်းတွဲများ ရိုက်ကူးပြသနိုင်ရေးနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ဒါရိုက်တာများ၊ ဇာတ်ညွှန်းဆရာများ၊ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် တာဝန်ရှိသူများက မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်အတွက် ရုပ်ရှင်ဇာတ်ကားကြီး ခုနစ်ကားနှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ရိုက်ကူးရေး၊ မြန်မာနိုင်ငံရှိ ရုပ်ရှင်ရုံများ၌ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ရုပ်ရှင်ပြသနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့မှ တာဝန်ရှိသူများက ဆင်ဆာအဖွဲ့၏ လက်ရှိ ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများက ဆင်ဆာနှင့်ပတ်သက်၍ ဆောင်ရွက်ရသည့် အခက်အခဲများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ဂုဏ်သိက္ခာမထိအောင် သတိထားကြပါလို့ ပြောချင်ပါတယ်

ဦးစဝ်ကိုင်ဖ

ရန်ကုန် ဒီဇင်ဘာ ၁၀

**မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ကြီးမှူးကျင်းပသည့် တတိယအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် မြန်မာနိုင်ငံ သတင်းစာပညာရှင်ကြီးများက ယနေ့ခေတ်လူငယ် သတင်းစာဆရာများအပေါ် အကြံပြု ပြောကြားချက်များကို စုစည်းတင်ပြလိုက်ရပါသည်။**



ဦးစဝ်ကိုင်ဖ



ဦးအုန်းကြိုင်



တက္ကသိုလ်စိန်တင်



ဦးစိန်ထွန်းအောင်



ဦးတိုးမြင့်

**ဦးအုန်းကြိုင်**

ဒီနေ့ခေတ် သတင်းစာဆရာတွေက အင်မတန်တော်တဲ့သူတွေပါ။ ဒါပေမယ့် လက်ကလေးတွေ မထိန်းနိုင်ဘူး။ လက်ချော် ခြေချော်လေးတွေရှိတယ်။ အရေးအသားလေးတွေ။ အရေးကြီးဆုံးက လိုက်နာရမယ့် ကျင့်ဝတ်တွေ ရှိတယ်။ သတင်းမီဒီယာကောင်စီက ထုတ်ပေးထားတယ်။ အဲဒီကျင့်ဝတ်တွေအတိုင်း လိုက်နာဖို့လိုမယ်။ လက်ရှိပြဋ္ဌာန်းထားတဲ့ ရာဇသတ်ကြီး ဥပဒေတို့၊ ရာဇဝတ်ကျင့်ထုံးဥပဒေတို့ စတဲ့ ဥပဒေတွေလည်း လေ့လာဖို့ကောင်းတယ်။ အဲဒါဆိုရင် အင်မတန်တော်တဲ့ သတင်းစာဆရာကြီးတွေ၊ သတင်းထောက်တွေ ဖြစ်မယ်လို့ ယုံကြည်တယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ သတင်းထောက်တွေရဲ့အခန်းကဏ္ဍက အင်မတန်အရေးကြီးတယ်။ သတင်းစာဆရာက ခေတ်ကိုဦးစီးရမှာ၊ ခေတ်ကိုရှေ့ဆောင်ရမှာ၊ ခေတ်ကို ပြုပြင်ရမှာ သတင်းစာဆရာပဲ ဖြစ်တယ်။ အဲဒီတော့ အနေ အထိုင်၊ အပြောအဆို၊ အပြုအမူ၊ အဝတ်အစား အရာရာမှာထိန်းသိမ်းပြီးတော့ ကိုယ့်ကိုလည်း သူများရိုသေအောင်၊ သူများကိုလည်း ကိုယ်ကရိုသေတတ်အောင် ကျင့်သုံးတတ်ရင်ဖြင့် ဒီနေ့ သတင်းစာဆရာတွေ ထိပ်တန်းရောက်သွားလိမ့်မယ်။ အခုဖြစ်နေတာက လူငယ်သတင်းစာဆရာတွေကို သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက သိပ်ကြောက်ကြတယ်။ ကြောက်တာ ဘာဖြစ်လို့လဲဆိုတော့ ရမ်းလို့။ အဲဒီတော့ စူးစမ်းဆင်ခြင်တတ်ကြမယ်ဆိုရင်ဖြင့် အနာဂတ်အတွက် အင်မတန်ကောင်းပါတယ်။

**ဦးစဝ်ကိုင်ဖ**

သတင်း လုပ်တော့မယ်ဆိုရင် သေချာအောင် အချက်အလက်တွေ ပြည့်စုံအောင်ရှာဖွေ စုဆောင်းပြီးတော့မှ ဖော်ပြနိုင်ဖို့ဟာ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံ ကျွန်တော်တို့ လူမျိုးသိက္ခာဂုဏ်မထိအောင် ထိန်းထိန်းသိမ်းသိမ်းနဲ့ ရေးကြဖို့နဲ့ မဟုတ်တာ ထုတ်ဖော်ရမယ်ဆိုတဲ့ဟာ ရှိပေမယ့်လို့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး ဂုဏ်သိက္ခာ မထိအောင် သတိထားကြပါလို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်”

**တက္ကသိုလ်စိန်တင်**

လူငယ် သတင်းစာဆရာတွေဟာ ခေတ်ဟောင်းက ကိုယ်တို့လုပ်ခဲ့တဲ့ နည်းတွေကို ပြန်ရှာကြပါ။ အထူးသဖြင့် သတင်းတစ်ပုဒ်ရေးမယ်ဆိုရင် ကျွန်တော်တို့ ငယ်ငယ်ကသင်ခဲ့တဲ့ “ဘ” ခြောက်လုံးကို ပါပါစေ။ “ဘ” ခြောက်လုံးမပါဘဲနဲ့ သတင်းတွေရေးနေကြတာ ရယ်စရာကောင်းပါတယ်။ ဘယ်သူ၊ ဘယ်တုန်းက၊ ဘာကြောင့်၊ ဘယ်မှာ၊ ဘာဖြစ်ခဲ့တယ်။ ရက်စွဲမပါဘဲနဲ့ တစ်နေ့က သတင်းစာထဲမှာသတင်းတစ်ပုဒ်တွေ့တယ်။ ရက်စွဲနဲ့ အချိန်မပါဘဲနဲ့ သတင်းရေးနေကြတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကြေးမုံ ဦးသောင်းက သင်ပေးခဲ့တယ်။ မောင်စိန်တင်တဲ့ “ဘ” ခြောက်လုံးမပါရင် သတင်းမရေးနဲ့တဲ့။ အဲဒီတော့ အရေးကြီးဆုံး စကားတစ်ခွန်းပြောပါရစေ။ ဒီနေ့ သတင်းစာဆရာတွေ၊ သတင်းထောက်တွေ “ဘ” ခြောက်လုံးပါအောင်လုပ်ပါ။ အာဏာရှင်ခေတ်မှာ နှစ် ၅၀ လုံးလုံးကို ဒုက္ခရောက်ခဲ့ပါတယ်။ အခု လွတ်လပ်ပါပြီ။ ဒါပေမယ့် အရေးအကြီးဆုံးတစ်ချက်က လွတ်လပ်ပြီဆိုပြီးတော့ ထင်ရာဇွတ်ရေးလို့တော့ မရဘူး။ ခုနက မြို့တော်ဝန်ပြောသွားတဲ့စကား အလွန်ထိပါတယ်။ အားလုံး ဥပဒေအောက်မှာ ရှိပါစေတဲ့။ သတင်းစာဆရာတွေလည်း ဥပဒေအောက်မှာရှိပါစေ၊ ဒါပဲပေါ့နော်။

**ဦးစိန်ထွန်းအောင်**

နောက်ပိုင်း လူငယ်တွေအနေနဲ့ မြန်မာစာအရေးအသား ကျစ်ကျစ်လျစ်လျစ်နဲ့ အဆင့်အတန်းရှိအောင် ကြိုးစားစေချင်တယ်လို့ ဆရာ့အနေနဲ့ မှာချင်ပါတယ်။ သတင်းသမားတွေအနေနဲ့ လှုပ်ရှားမှု လုပ်ကိုင်မှုတွေမှာ ဝမ်းမြောက်စရာတွေ တွေ့ပါတယ်။ အထူးသဖြင့် အမျိုးသမီး သတင်းစာဆရာတွေလည်း အများကြီးပါဝင်လာတဲ့အတွက် ဆရာတို့ခေတ်နဲ့ မတူဘူး။ ဆရာတို့ခေတ်ကဆို အမျိုးသားတွေချည်းပဲ။ အမျိုးသမီး သတင်းထောက်ဆိုလို့ တစ်နိုင်ငံလုံးမှာ တစ်ယောက်၊ နှစ်ယောက်လောက်ပဲ ရှိတာကိုး။ ဆရာတို့လုပ်တုန်းက လူကြီးတွေက မှာတယ်။ သတင်းရေးသားတယ်၊ ဆောင်းပါးရေးသားတယ်ဆိုတာ ကျမ်းပြုနေသလိုပဲ၊ ကျမ်းပြုသလို စိတ်ထားပြီးတော့ အရေးအသားတွေ ဂရုစိုက်ကြပါ။ သဒ္ဒါ၊ ဝါကျ စီကုံးထုံးဖွဲ့မှု၊ ကိုယ့်မြန်မာစာအဆင့်အတန်းမြင့်မှု၊ ကျစ်လျစ်မှု၊ တိုတိုနဲ့လိုရင်းကိုရောက်ဖို့။ သတင်းစာဆိုတာက အခိက က short to the point တိုတိုနဲ့ လိုရင်း၊ ပြည့်လည်း ပြည့်စုံရမယ်။ အချက်အလက်လည်း ပြည့်စုံရမယ်။ ကော်လံတွေ၊ နေရာတွေ သိပ်မဖြုန်းဘဲနဲ့ သတင်းစာတွေ နေရာများများ ပေးနိုင်အောင်ပါ။ အခုအချို့က အရေးအသားတွေ နည်းနည်းလိုတယ်လို့ ဆရာတို့တွေ့တယ်။ အဲဒါမျိုးတွေ အားဖြည့်ပေးဖို့ ဝိုင်းဝန်းပြီးတော့ ကြိုးစားကြဖို့ လိုမယ်လို့ အကြံပေးချင်တယ်။

**ဦးတိုးမြင့်**

အမြင်အရပြောရရင် အကောင်းမြင်ဝါဒနဲ့ အဆိုးမြင်ဝါဒဆိုတာ ရှိတယ်။ ဦးလေးတို့က ရေးတဲ့အခါ အကောင်းမြင်ဝါဒနဲ့ ရေးတယ်။ သူတစ်ပါးမထိခိုက်အောင်လည်း ရေးတယ်။ ဝန်ထမ်းဘဝမှာ ဖြစ်နေတဲ့အခါကျတော့ အစိုးရနဲ့ပတ်သက်တာ ဆန့်ကျင်တာတစ်ခုမှ မလုပ်ဘူး။ ကိုယ်ကပြောစရာ ပြုစရာရှိတာတော့ အမှန်အတိုင်းတော့ ရေးတော့ ရေးရမှာပါ။ ဒါပေမယ့်လည်း အပြုသဘောနဲ့ပဲ ရေးတယ်လေ။ ဒါကသတင်းစာဆရာတွေရဲ့ ကျင့်ဝတ်ပါ။ တစ်ယောက်နဲ့ တစ်ယောက် ပုဂ္ဂိုလ်ရေးအရ သူကတော့ ဘာဖြစ်တယ်၊ ဘာညာပြောလို့ရှိရင် ဘာဖြစ်လဲဆိုတော့ သူ့အတွက်လည်း မကောင်းဘူး။ ကိုယ့်အတွက်လည်း မကောင်းဘူးဆိုတော့ ကျွန်တော် ပြောချင်တာက လူတွေက အပြုသဘောမျိုးနဲ့ပဲ ရေးသင့်တယ်။ ကောင်းတဲ့ဘက်ကလှည့်ပြီး ရေးသင့်တယ်။ ဥပမာအားဖြင့် အစိုးရကို ကိုယ်ကတစ်ခုခုပြောချင်တယ်ဆိုရင် ဒါကဒီလိုလေးရှိတယ်၊ ဒီလိုပြုပြင်လိုက်ရင် ကောင်းမယ်လို့ ပြောလို့ရှိရင် အစိုးရဘက်ကိုလည်းဆန့်ကျင်ဘက်ရောက်မသွားဘူး။ ကိုယ်ကိုယ်တိုင်ကလည်း အကြံပေးလိုက်တဲ့အတွက်ကြောင့် ကိုယ့်အကြံကို အသုံးပြုလို့ ရသွားတယ်။

**တွေ့ဆုံမေးမြန်း**
**ထင်ပေါ်ဝင်း(ကမာရွတ်)**

### ❂ ရှေ့ဖုံးမှ

ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများသည် ယေဘုယျအားဖြင့် ငါး / ပုစွန်သားပေါက်ပွားကြီးပြင်းချိန်ဖြစ်ရာ ဥဆောင်ငါးများ လွတ်မြောက်မှု ပိုမိုများပြားလာနိုင်ပြီး ငါးပေါက်ပွားကြီးပြင်းချိန်ရရှိလာခြင်း၊ အရွယ်မရောက်သေးသော ငါး / ပုစွန်များကို ဖမ်းဆီးရမိခြင်းမှထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ ရေသယံဇာတတိုးပွားကာ ရေရှည်ငါးလုပ်ငန်းဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေခြင်းတို့ကြောင့် ငါးဖမ်းရာသီပြန်လည်ဖွင့်လှစ်ဖမ်းဆီးခွင့်ပြုချိန်တွင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်သော ဈေးကွက်ဝင်၊ တန်ဖိုးမြင့် ငါးသလောက်ငါးများ ပိုမိုဖမ်းဆီးရမိမှုမှာ နှစ်စဉ် ငါးသယံဇာတ ထိန်းသိမ်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးရလဒ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ❄ ရှေ့ဖုံးမှ

အဆိုပါဘိုင်ပင်ဒေသ၌ ဆင်ဖြူတွင်း သဘာဝကျောက်လိုဏ်ဂူအပါအဝင် လိုဏ်ဂူကိုးခုရှိ၍ ယင်းတို့အနက် ဘိုင်ပင်ဂူ၊ ရေခါးဂူ၊ တွင်းညီနောင်ဂူနှင့် နေထွက်ဂူတို့ကို တွေ့ရှိ ဖော်ထုတ်ခဲ့ပြီး ကျန်ငါးနေရာကိုလည်း ဆက်လက် ရှာဖွေသွားမည်ဖြစ်သည်။ တွေ့ရှိခဲ့သည့် ကျောက်လိုဏ်ဂူများအနက် သဘာဝအလျောက်ဖြစ်ပေါ်တည်ရှိသည့် ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်၊ သဘာဝအတိုင်းဖြစ်ပေါ်နေသည့် ဆင်ဖြူရုပ်တု၊ နံရံပန်းချီကားချပ်သဖွယ်ဖြစ်ပေါ်နေသည့် ကျားရုပ်၊ ခြသေ့်ရုပ်များ၊ ဗောဓိညောင်ပင်များအပြင် မိခင်တစ်ဦးက ကလေးငယ်ကို နို့တိုက်ကျွေးနေသော ရုပ်တုများ၊ ကျောက်ဇီးကွက်များဖြင့် ထူးခြားဆန်းပြားလှပစွာတည်ရှိကြောင်း သိရသည်။

ယင်းဒေသကို ထိန်းသိမ်းစောင့်ရှောက်နေသည့် ရေတံခွန်တောင် သစ္စာဝေဒဂူတောင်ဆရာတော်ကြီးက “ဒီဒေသမှာ မိုးကုတ်တရားစခန်းနဲ့ ဘိုးဘွားရိပ်သာ တည်ဆောက် ဖို့ အစီအစဉ်ရှိတယ်။ ဖောင်တော်ဦးကျောင်းကလည်း ဘုန်းတော်ကြီးသင် တက္ကသိုလ် ဆောက်မယ်ကြားတယ်။ ဂူတွေထဲမှာ ထိုင်ရုပ်ပွားတော် အဆူတစ်ထောင် ထည့်သွင်းပူဇော်ထားပြီး အဆူတစ်သောင်းအထိ ပူဇော်ဖို့အစီအစဉ်ရှိပါတယ်”ဟု မိန့်ကြားသည်။ လာရောက်ကြသူများအနေဖြင့် သဘာဝအတိုင်း ဆန်းပြားလှပစွာ တည်ရှိနေသော ဂူလေးဂူနှင့် ဗောဓိငါးထောင်ရုပ်ပွားတော်များ ကိန်းဝပ်ရာဌာနကြီးကိုလည်း ဝင်ရောက်ဖူးမြော်နိုင်မည့်အပြင် သုံးထပ်ရေတံခွန်၌လည်း ဝင်ရောက်အပန်းဖြေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကကြီးမှူး၍ သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့



**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA)က ကြီးမှူးကျင်းပသည့် တတိယအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးသီဟစောနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အသင်းအထွေထွေအတွင်းရေးမှူး ဦးကျော်စွာမင်းက ကန်တော့ခံ သက်ကြီး သတင်းစာပညာရှင် ၁၂၀ နှင့် မိတ်ဆက်ပေးပြီး တက်ရောက်လာကြသူများက သက်ကြီးသတင်းစာပညာရှင်ကြီးများအား အလှူငွေနှင့် ပစ္စည်းများကို လက်ရောက်ပူဇော်ကန်တော့ကြကာ အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဝါရင့်သက်ကြီး သတင်းစာပညာရှင် ဟံသာဝတီ ဦးအုန်းကြိုင်နှင့် အသင်းအတွင်းရေးမှူး(၁) ဦးရဲမင်းဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

အဆိုပါ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း တတိယအကြိမ် သက်ကြီး သတင်းစာ ပညာရှင်ကြီးများပူဇော်ကန်တော့ပွဲတွင် အလှူရှင်များ၏ လှူဒါန်း ငွေကျပ် ၂၆၅ သိန်းကျော်နှင့် ပစ္စည်း တန်ဖိုးငွေကျပ် ၂၇၅ သိန်းကျော်တို့ကို သက်ကြီး သတင်းစာပညာရှင် ၁၂၀ တို့အား လှူဒါန်းကန်တော့ခဲ့ကြသည်။ **(ဝဲပုံ) (သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင်၌ စက်ပျက်၍ မျောနေသည့် နိုင်ငံခြားသားခရီးသွားများအား ကယ်ဆယ်လွှဲပြောင်း

**ကော့သောင်း ဒီဇင်ဘာ ၁၀**

ထိုင်းနိုင်ငံ ရနောင်းမြို့အခြေစိုက် Namjai Ranong Co.,Ltd.မှ ခရီးသည် နိုင်ငံခြားသား ၁၁ ဦးနှင့်အတူ အပျော်စီး စက်တပ်လှေတစ်စင်း မြန်မာ့ပင်လယ်ပြင်အတွင်း စက်ပျက်ကာ ပင်လယ်ရေစီးကြောင်းအတိုင်း မျောပါလျက်ရှိကြောင်း သတင်းအရ ကော့သောင်း ဇာဒက်ကြီး ရေတပ်အခြေစိုက်စခန်း၊ တပ်မတော် (ရေ) စစ်ရေယာဉ်ဖြင့် ခရီးသွားဧည့်သည်များအား သွားရောက်ကယ်ဆယ်ကာ ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ဒေသတာဝန်ရှိအဖွဲ့အစည်းများသို့ လာရောက်လွှဲပြောင်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံ ရနောင်းမြို့အခြေစိုက် Namjai Ranong Co., Ltd. မှ Nam jai nine အမည်ရှိ အပျော်စီးစက်တပ်လှေသည် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၁ ဦးနှင့်အတူ ဒီဇင်ဘာ ၅ ရက်က မြန်မာနိုင်ငံ မြိတ်ကျွန်းစုများသို့ အပျော်ခရီးထွက်လာခဲ့ရာ ကော့သောင်းမြို့မှ ရေမိုင် ၁၂၀ ခန့်၊ မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၁၃ ဒသမ ၆၈၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၂ ဒသမ ၉၄၃ မိနစ် တည်နေရာတွင် အင်ဂျင်စက်ချွတ်ယွင်းသွားကာ ပင်လယ်ရေစီးကြောင်းအတိုင်း မျောပါနေခဲ့သည်။

ဒီဇင်ဘာ ၇ ရက်တွင် အဆိုပါ စက်လှေမှ ကော့သောင်းမြို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှတစ်ဆင့် ဆက်သွယ် အကြောင်းကြားသဖြင့် ကော့သောင်း ဇာဒက်ကြီးရေတပ် အခြေစိုက်စခန်း၊ တပ်မတော်(ရေ) စစ်ရေယာဉ်ဖြင့် ၄င်းတို့၏စက်လှေနှင့် ခရီးသွားဧည့်သည်များအား သွားရောက်ကယ်ဆယ်ကာ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခရီးသွားဧည့်သည်များမှာ ဗြိတိန်နှစ်ဦးနှင့် တရုတ်ကိုးဦး၊ သဘော်သား ထိုင်းသုံးဦးနှင့် လှေလုပ်သား၊ ဧည့်လမ်းညွှန် မြန်မာ သုံးဦးတို့ဖြစ်ပြီး ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး နေရပ်ပြန်နိုင်ရေး သက်ဆိုင်ရာခရီးသွားကုမ္ပဏီနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



## ရဲတပ်ဖွဲ့ဝင်များနှင့်သစ်တောဝန်ထမ်းများအား ဆုချီးမြှင့်

**ကသာ ဒီဇင်ဘာ ၁၀**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ကသာခရိုင်အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရေးအဖွဲ့၌ ပါဝင်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဝန်ထမ်းများအား ဆုချီးမြှင့်ပွဲကို ခရိုင်ရဲရိပ်သာ အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ရွှင်က အမှာစကား ပြောကြားခဲ့ပြီး တာဝန်ရှိသူများက တရားမဝင်သစ်များဖမ်းဆီးရာတွင် ပါဝင်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဝန်ထမ်းများအား ဆုများ ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ရွှင်နှင့်အတူ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ ဆုချီးမြှင့်ခြင်းခံခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၊ သစ်တောဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

## ပြည်သူများ ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေး ထရန်စဖော်မာတိုးမြှင့်တပ်ဆင်

**ကြို့ပင်ကောက် ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသည့် ၅၀၀၀ ကေဗွီအေထရန်စဖော်မာအား ပြည်သူများ ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်စေရန် ၁၀၀၀၀ ကေဗွီအေထရန်စဖော်မာတိုးမြှင့်တပ်ဆင်ခြင်းကို ဒီဇင်ဘာလပထမပတ်က မြို့နယ်ဓာတ်အားခွဲရုံ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသစ်တပ်ဆင်ခဲ့သော ၁၀၀၀၀ ကေဗွီအေထရန်စဖော်မာကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာငွေဖြင့် မြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာပေါင်း ၂၈ ရွာသို့ ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ထရန်စဖော်မာအဆင့်မြှင့်အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဘုန်းကျော် ကြီးကြပ်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ စိုးလျှပ်စစ်အဖွဲ့မှ ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့သဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၌ နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၁ ဒီဂရီစင်တီဂရိတ်၊ နောင်ချိုမြို့၌ ၇ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့နှင့် မိုးကုတ်မြို့တို့၌ ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# သီပေါနမ့်ပေါ့ချောင်း ရေလွှဲဆည်တည်ဆောက်ပြီးပါက ရေကိုအကျိုးရှိစွာ သုံးစွဲနိုင်မည်

**သီပေါ ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ညောင်ပင်ကွင်းကျေးရွာနှင့် နမ့်ပေါ့ချောင်းပေါ်ရှိ မြို့လယ်ချောင်းရေလွှဲဆည်တည်ဆောက်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောက်လုပ်လျက်ရှိသည်ကို ဒီဇင်ဘာ ၈ ရက်က တွေ့ရသည်။

နမ့်ပေါ့ချောင်းရေလွှဲဆည်တည်ဆောက်ရေးလုပ်ငန်းများကို ပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (လားရှိုး) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦး၏ညွှန်ကြားမှု၊ ခရိုင်ဦးစီးအရာရှိ (ကျောက်မဲ) ဦးဥက္ကာ၏ ကြီးကြပ်မှုတို့ဖြင့် မြို့နယ်ဦးစီးမှူး ဦးစိုင်းသန့်ဇင်ထွန်းနှင့်အဖွဲ့က ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေလွှဲဆည်မှာ အရှည် ၁၈၈ ပေနှင့် အကျယ် ၁၃၃ ပေ၊ တူးမြောင်း ပေ ၂၀၀၀ ရှိပြီး နိုင်ငံတော်မှ ငွေကျပ်သိန်းသုံးထောင်ကျော်ချမှတ်ပေးကြောင်း သိရသည်။ ယင်းဆည်ကြီး တည်ဆောက်ပြီးစီးပါက ပန်းတိမ်တောင်ရပ်နှင့်တိန်းချေ၊ တိန်းစံ၊ ကွန်ကျောင်း၊ နောက်ကတ်ကျေးရွာများရှိ လယ်ဧက ၁၈၀ ကျော် ရေဖူလုံစွာသောက်သုံးနိုင်မည်ဖြစ်ပြီး သီပေါမြို့မှ တိုင်းရင်းသားပြည်သူများအနေဖြင့် နှစ်စဉ်နွေရာသီ ရေတွင်း ရေကန်များ ရေခန်းခြောက်ခြင်းမှကင်းဝေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ရွှေတိဂုံစေတီတော်သို့ ငွေကျပ်သိန်း ၁၇၄၀ တန်ဖိုးရှိ ရွှေပြားသက်န်းတော်များလှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပန်းတဉ်းတန်းအရုဏ်တော်ဝတ်အသင်းကြီးကကြီးမှူး၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ (၇၅) ကြိမ်မြောက် (စိန်ရတုသဘင်) အဖြစ် ရွှေစင်ရွှေသားရွှေပြား သင်္ကန်းတော်များ ရေစက်ချလှူဒါန်းပွဲကို ဒီဇင်ဘာ ၈ ရက် နံနက်က ကြည့်မြင်တိုင်မြို့နယ် ဘောဂ ရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းမနှင့်တော်ဝင်လမ်းထောင့်ရှိ အသင်း အလှူတော်မင်္ဂလာမဏ္ဍပ်၌ ပြုလုပ်သည်။

ရှေးဦးစွာ အသင်းကြီး၏သြဝါဒါစရိယဆရာတော် ဗားကရာတိုက် ရွှေလှိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တသံဝရဇောတိ အရှင်သူမြတ်ထံမှ ညေ့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး အသင်းမှ တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ အလှူရှင်များ၏ကိုယ်စား ရွှေပြားသင်္ကန်းတော်များကို ပေးအပ်လှူဒါန်းရာ ရဟန်းရှင်လူပြည်သူအများကောင်းမှုအဖြစ် လှူဒါန်းထားသော ရွှေပြားသင်္ကန်းတော် ၁၈ပြားအတွက် အသင်းနာယကကြီးဦးဘချိုနှင့် ဦးသိန်းညွန့်ကလည်းကောင်း၊ ထာဝရရွှေပဒေသာပင် ဘဏ်အတိုးရငွေမှ လှူဒါန်းထားသော ရွှေပြားသင်္ကန်းတော် ခြောက်ပြားအတွက် အသင်းဥက္ကဋ္ဌ ဦးဘသင်းနှင့် ဒုတိယဥက္ကဋ္ဌ (၁) ဦးကြည်မောင်တို့က လည်းကောင်း၊ အဓိဋ္ဌာန်အောင် အာစဏ္ဍကံစုဘူးများမှ ရရှိငွေဖြင့်လှူဒါန်းထားသော ရွှေပြား သင်္ကန်းတော် ၆၁ ပြားအတွက် အသင်း ဒုတိယဥက္ကဋ္ဌ(၂) ဦးလှညွန့်နှင့် အတွင်းရေးမှူး(၂)ဦးစိန်လှိုင်တို့က လည်းကောင်း၊ မိသားစုအလိုက် ပုဂ္ဂလိက လှူဒါန်းထားသော ရွှေပြားသင်္ကန်းတော် ၁၈၄ ပြားတို့အတွက် အကြိမ်အများဆုံး အလှူရှင်များဖြစ်ကြသည့် ဒေါ်ခင်မြ၊ ဒေါ်ခင်တီတီနှင့် ဒေါ်ခင်ခင်စိန်တို့က လည်းကောင်း၊ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် သီရိရတနာဓမ္မာရုံ အလုပ်အမှုဆောင်အဖွဲ့က စည်းရုံး လှူဒါန်းထားသော ရွှေပြားသင်္ကန်းတော် ၂၁ ပြားအတွက် အလုပ်အမှုဆောင် အဖွဲ့ကလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းရာ ရပ်ကွက်အုပ်ချုပ် ရေးမှူး ဦးထွန်းဝင်းက လက်ခံယူခဲ့သည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ဗဟန်းမြို့နယ် သီရိဇေယျာကျောင်းတိုက်မှ မဟာစည်နယ်လှည့် ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံမှ အနုမောဒနာတရားနာယူခဲ့ကြသည်။

ယင်းနောက် အသင်းကြီးက ဦးဆောင်၍အလှူရှင်များက ရွှေပြား သင်္ကန်းတော်များကို ကိုင်ဆောင်ကာ ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်၌ လက်ယာရစ်တစ်ပတ် လှည့်လည်အပူဇော်ခံခဲ့ပြီးနောက် စေတီတော်ဂေါပက အဖွဲ့ထံ အပ်နှံလှူဒါန်းခဲ့ကြသည်။

ပန်းတဉ်းတန်း အရုဏ်တော်ဝတ်အသင်းကြီးက ကြီးမှူး၍ ယခုနှစ် (၇၅) ကြိမ်မြောက် (စိန်ရတုသဘင်)၌ လှူဒါန်းမှုမှာ တစ်ပြားလျှင် အလေးချိန် တစ်ကျပ်သားစီရှိသော ရွှေပြားသင်္ကန်းတော် အပြား ၂၉၀၊ ရွှေစင်ရွှေသား အလေးချိန်နှစ်ပိဿာနှင့် ကိုးဆယ်ကျပ်သား တန်ဖိုးငွေကျပ် (စေတီတော်ဈေး) သိန်း ၁၇၄၀၊ တရားဟောဓမ္မကထိကဆရာတော်များသို့ လှူဒါန်းငွေကျပ် ၈၅ သိန်းကျော်၊ စာရေးတံမဲလှူဒါန်းငွေကျပ် ၆၈ သိန်းကျော်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ဆိုင်ကလုန်းမုန်တိုင်းအခြေအနေ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ယနေ့မြန်မာစံတော်ချိန် နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဗာဒတ်ရှ်" (VARDAH) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိခဲ့ကာ အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက်မိုင် ၄၉၀ ခန့်၊ မာချီလီပတ္တနမ်မြို့၏အရှေ့တောင်ဘက် မိုင် ၅၅၀ ခန့်၊ ပို့ဘလဲယားမြို့၏ အနောက်-အနောက်မြောက်ဘက် မိုင် ၁၉၀ ခန့်နှင့် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ၂၄၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ထားသည်။

အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာစံတော်ချိန် နံနက် ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၂ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၉ ဒသမ ၆ ဒီဂရီတို့၌ရှိပြီး ဗဟိုချက်လေဖိအား ၉၉၅ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်းခန့်ဖြစ်သည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဗာဒတ်ရှ်" (VARDAH) သည် နောက် ၇၂ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေအနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့် ကြိုတင်သတိပြုရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

(မြန်မာ့အလင်း)

# သက်ဝင်လှုပ်ရှား ရန်ကုန်မြို့၏လမ်းမများပွဲတော် ဖွင့်ပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၀**

သက်ဝင်လှုပ်ရှား ရန်ကုန်မြို့၏ လမ်းမများပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅နာရီက ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါပွဲတော်ဖွင့်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားရာတွင် "ဒီပွဲတော်ကို ကျွန်တော်တို့မြို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ မြို့ပြပုံစံအခင်းအကျင်းတွေကို သိရှိစေဖို့၊ မြို့တော်နေ ပြည်သူတွေ ပျော်ရွှင်ချမ်းမြေ့စေပြီး ကမ္ဘာလှည့်ခရီးသွားတွေကို ဖိတ်ခေါ်နိုင်ဖို့နဲ့ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေကို အထောက်အကူပြုစေနိုင်ဖို့အတွက်နမူနာအဖြစ် ဒီပြပွဲကို ပြုလုပ်တာဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ရန်ကုန်မြို့မှာ လမ်းဘေးဈေးသည်တွေကို စနစ်တကျရောင်းချနိုင်ဖို့ ညဈေးတန်းတွေ စီစဉ်ပေးထားပါတယ်။ နေရာချထားမှုကိုလည်း အတတ်နိုင်ဆုံး စနစ်တကျဖြစ်အောင် ဆောင်ရွက်နေပါတယ်။ နောက်ပိုင်းမှာ နိုင်ငံတကာအဆင့်မီရောင်းချနိုင်ဖို့အတွက်၊ ဟော်ကာစင်တာတွေ၊ မားကတ်တွေကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးဖို့အတွက် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်မှာ မြို့တော်နေပြည်သူတွေရဲ့ စားဝတ်နေရေးအတွက် အတတ်နိုင်ဆုံးစီစဉ်ပေးခဲ့သလို ပြည်သူလူထုကလည်း စည်းကမ်းရှိရှိနဲ့ သန့်ရှင်းပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေကို ရောင်းချပေးနိုင်ဖို့နဲ့ ဘေးကင်းလုံခြုံမှုရှိစေဖို့အတွက် ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်သွားစေဖို့ တိုက်တွန်းလိုပါတယ်" ဟု ထည့်သွင်းပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi နှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က အမှာစကားများ ပြောကြားခဲ့ကြသည်။ ဆက်လက်၍ JICA ဌာနေကိုယ်စားလှယ် Mr.Keiichiro Nakazawa က မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ပွဲတော်တွင် စားသောက်ဆိုင် ၁၇၀ ခန့်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ရိုးရာလက်မှုပြခန်းများနှင့် ဆိုင်များ ပါဝင်ပြသထားသည်။ အနီးတစ်ဝိုက်ရှိ သမိုင်းဝင်နေရာများကို မီးအလှဆင်ထွန်းညှိထားပြီး တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများက လမ်းညွှန်ပြသမှုအစီအစဉ်များလည်း ပါဝင်သည်။

ပွဲတော်ကို ဒီဇင်ဘာ ၁၁ရက်တွင်လည်း ညနေ ၅ နာရီမှ ည ၉ နာရီအထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)၊ ထင်ပေါ်ဝင်း**

# ခရီးသွားအစီအစဉ်ရိုက်ကူးရန် မြန်မာနာမည်ကြီး သရုပ်ဆောင်နှင့်အဆိုတော်များ တရုတ်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနာမည်ကြီးအဆိုတော်နှင့် သရုပ်ဆောင်များပါဝင်သော အနုပညာအဖွဲ့တစ်ဖွဲ့သည် ခရီးသွားခရီးစဉ်နှစ်ခုပြုလုပ်ရန် ဒီဇင်ဘာ ၁၅ ရက်မှ ၂၇ ရက်အထိ တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ခရီးသွား အစီအစဉ်အနေဖြင့် တရုတ်နိုင်ငံရှိ ရှန်ဟိုင်း၊ ဟန်ကျိုး၊ ဆူကျိုနှင့် ရန်ကျိုစသည့် မြို့လေးမြို့သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းအဖွဲ့တွင် နာမည်ကျော် ရက်(ပ်) အဆိုတော် လွှမ်းပိုင်၊ ကျော်ထွဋ်ဆွေနှင့် ဘော်ဘီဆော့ဆာတို့ ပါဝင်မည်ဖြစ်သလို ပေါ့ပ်အဆိုကျော် ဘန်နီဖြိုးလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နာမည်ကြီးသရုပ်ဆောင်များဖြစ်သည့် မင်းသွေး၊ အလင်းရောင်နှင့် မင်းသမီး ခင်လေးနွယ်၊ Miss Myanmar 2013 နှင့် သရုပ်ဆောင် မင်းသမီး ခင်ဝင့်ဝါ၊ မော်ဒယ်လ်၊ အဆိုတော်များနှင့် Miss World 2014 ဝိုင်းလေးနှင့် မော်ဒယ်လ်အဆိုတော် နန်းသူဇာတို့လည်း လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။

"Let's go" ခရီးသွားအစီအစဉ်သည် လူငယ်များကြား ရေပန်းစားလာသောအစီအစဉ်ဖြစ်ကြောင်း သိရသည်။

**တင်လင်း**



# ဖွံ့ဖြိုးတိုးတက်လာသော စက်သုံးဆီဖြန့်ဖြူးရောင်းချမှုလုပ်ငန်း

**မောင်စွမ်းအင်**



နိုင်ငံတော်၏ စီးပွားရေးတွင် ပုဂ္ဂလိကပါဝင်မှုကို အားပေးမြှင့်တင်ရန်နှင့် ပုဂ္ဂလိကစက်သုံးဆီတင်သွင်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရန် စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင် ၂၆၁ ဆိုင်ကို ပုဂ္ဂလိကသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ပြီး အဆိုပါ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကို ၂၀၁၀ ပြည့်နှစ် ဇွန်လ ၁၀ ရက်မှစ၍ စတင်ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့သည်။ ပုဂ္ဂလိကသို့ စတင်လွှဲပြောင်းရောင်းချပေးခဲ့စဉ်က တစ်ပြည်လုံး၏ စက်သုံးဆီလိုအပ်ချက်ကို ပြည့်မီအောင် တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချနိုင်မှုမရှိသောကြောင့် စက်သုံးဆီအရောင်းဆိုင်များတွင် ပြည်သူလူထုအနေဖြင့် နေ့စဉ်တန်းစီ၍ ဝယ်ယူခဲ့ကြရသော်လည်း ယခုအချိန်တွင် ပုဂ္ဂလိကစက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်သုံးဆီအရောင်းဆိုင်များကို နိုင်ငံအနှံ့ဖွင့်လှစ်ရောင်းချနေပြီဖြစ်ရာ ပြည်သူလူထုအနေဖြင့် အဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

**စီမံဆောင်ရွက်ထား**

၂၄ နာရီ အချိန်ပြည့် ဖွင့်လှစ်ရောင်းချခြင်း၊ အရောင်းဆိုင်များ၏ ဝန်ဆောင်မှုကောင်းမွန်လာခြင်း၊ နေ့စဉ်ရောင်းချသည့် ဈေးနှုန်းများအား အရောင်းဆိုင်များရှေ့တွင် LED Board များဖြင့် ကြေညာထားခြင်း၊ စက်သုံးဆီဆိုင်များ၏ တည်ဆောက်သည့်ပုံစံများနှင့် ပတ်ဝန်းကျင်သပ်ရပ်သန့်ရှင်းအောင် စီမံဆောင်ရွက်ထားခြင်း၊ မီးဘေးအန္တရာယ်ကင်းဝေးအောင် စီမံချက်များချ၍ လုပ်ဆောင်ထားရှိခြင်း စသည့်အချက်များကြောင့် ပြည်သူလူထုအနေဖြင့် စက်သုံးဆီများအား မိမိတို့၏စိတ်တိုင်းကျ နှစ်သက်ရာအရောင်းဆိုင်တွင် လွတ်လပ်စွာဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် စက်သုံးဆီများကို တစ်ပြည်လုံးနေရာအနှံ့အပြားတွင် အဆင်ပြေလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်အရ စက်သုံးဆီအရောင်းဆိုင်အသစ်များ ထပ်မံဖွင့်လှစ်ရန် လိုအပ်သဖြင့်လည်းကောင်း၊ တရားမဝင်စက်သုံးဆီ သယ်ယူပို့ဆောင် သိုလှောင်ရောင်းချမှုများနှင့် တရားမဝင် လမ်းဘေးစက်သုံးဆီအရောင်းဆိုင်များ လျော့နည်းပပျောက်စေရန်အတွက် လည်းကောင်း၊ စက်သုံးဆီအရောင်းဆိုင်အသစ်နှင့် စက်သုံးဆီသိုလှောင်ကန်စခန်းအသစ် တည်ဆောက်၍ လုပ်ငန်းလုပ်ကိုင်လိုသူများကို လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားစေပြီး စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်များ စိစစ်ခွင့်ပြု ထုတ်ပေးလျက်ရှိပါသည်။


ထို့အပြင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ လေယာဉ်ဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို နိုင်ငံတကာအဆင့် ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုခိုင်မာပြီး နိုင်ငံတကာ အတွေ့အကြုံရင့်ကျက်သည့် ပြည်ပကုမ္ပဏီတစ်ခုနှင့် အကျိုးတူ ဖက်စပ်လုပ်ငန်းလုပ်ကိုင်ရန် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ရာ တင်ဒါအောင်မြင်ခဲ့သည့် Puma Energy Group Pte., Ltd. နှင့် အကျိုးတူပူးပေါင်းကာ National Energy Puma Aviation Services Co., Ltd. အမည်ဖြင့် ဖက်စပ်ကုမ္ပဏီကိုဖွဲ့စည်းခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မင်္ဂလာဒုံလေယာဉ်ဆီဌာနခွဲအား အောက်တိုဘာ ၁ ရက်မှစ၍ လည်းကောင်း၊ ဆက်လက်၍ ပြည်တွင်းလေဆိပ်များရှိ ကျန်ဌာနခွဲ ၁၁ ခုအား ၁၅-၇-၂၀၁၆ ရက်မှစ၍လည်းကောင်း အကျိုးတူဖက်စပ်ဆောင်ရွက်ခဲ့သည်။

**ရောင်းချခွင့် လိုင်စင်များထုတ်ပေး**

စက်သုံးဆီဖြန့်ဖြူးရောင်းချမှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ၁၉-၁၀-၂၀၁၆ ရက်အထိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီအဖွဲ့အစည်းများသို့ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်များကို အောက်ဖော်ပြပါအတိုင်း ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါသည်-

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | အရောင်းဆိုင် | သိုလှောင်ကန်စခန်း | ရေယာဉ် | လေဆိပ် |
|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ၆၉ | | | ၂ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၄၅ | ၅ | ၃ | ၁ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၄၉၇ | | | ၁ |
| ၄ | ဧရာဝတီတိုင်းဒေသကြီး | ၂၀၈ | | ၂ | |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၂၀၃ | | | |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၃၃ | ၁ | | |
| ၇ | မကွေးတိုင်းဒေသကြီး | ၁၃၁ | | | |
| ၈ | တနင်္သာရီတိုင်းဒေသကြီး | ၁၆ | | ၃ | ၃ |
| ၉ | ကချင်ပြည်နယ် | ၇၂ | | | ၁ |
| ၁၀ | ကယားပြည်နယ် | ၁၁ | | | |
| ၁၁ | ကရင်ပြည်နယ် | ၃၁ | | | |
| ၁၂ | ချင်းပြည်နယ် | ၁ | | | |
| ၁၃ | မွန်ပြည်နယ် | ၈၉ | | ၄ | ၁ |
| ၁၄ | ရခိုင်ပြည်နယ် | ၃၃ | | ၃ | ၂ |
| ၁၅ | ရှမ်းပြည်နယ် | ၃၁၉ | | | ၂ |
| စုစုပေါင်း | | ၁၉၆၈ | ၆ | ၁၅ | ၁၃ |

နိုင်ငံတော်အတွင်း စက်သုံးဆီသုံးစွဲမှုအနေဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဓာတ်ဆီ ၁၅၅ ဒသမ ၀၂၅ ဂါလန်သန်း၊ ဒီဇယ်ဆီ ၄၆၄ ဒသမ ၈၆၆ ဂါလန်သန်း သုံးစွဲခဲ့ရာမှ တစ်နှစ်ထက်တစ်နှစ် ဖော်ပြပါပုံပြဂရပ်အတိုင်း တိုးမြှင့်လာခဲ့ရာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဓာတ်ဆီ ၄၀၃ ဒသမ ၀၉၅ ဂါလန်သန်း၊ ဒီဇယ်ဆီ ၈၀၇ ဒသမ ၆၁၉ ဂါလန်သန်းအထိ တိုးမြှင့်လာခဲ့ပါသည်-




**လွတ်လပ်စွာရောင်းချ**

ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများအပေါ် တရားဝင်ကျသင့်သည့် အခွန်အခများပေးဆောင်စေပြီး ထိုက်သင့်သည့် အမြတ်အစွန်းများရယူ၍ ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာရောင်းချလျက်ရှိရာ စက်သုံးဆီဈေးနှုန်း ထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့မှလည်း လိုအပ်သလိုထိန်းသိမ်းညှိနှိုင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းဖြင့် အပြိုင်အဆိုင် ရောင်းချလျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ၏ တစ်လအတွင်း ရောင်းချခဲ့သည့် ပျမ်းမျှရောင်းဈေးနှုန်းများအား အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြအပ်ပါသည်-

| စဉ် | ခုနှစ်/လ | ရန်ကုန်(တစ်လပျမ်းမျှ) | | | | မန္တလေး (တစ်လပျမ်းမျှ) | | | |
|---|---|---|---|---|---|---|---|---|---|
| | | 92 Ron | 95 Ron | ဒီဇယ်ဆီ | ပရီမီယံဒီဇယ်ဆီ | 92 Ron | 95 Ron | ဒီဇယ်ဆီ | ပရီမီယံဒီဇယ်ဆီ |
| ၁ | ၂၀၁၆ ခုနှစ် ဧပြီလ | ၂၄၅၀ | ၂၉၀၀ | ၂၂၀၀ | ၂၄၀၀ | ၂၇၀၀ | ၃၃၇၅ | ၂၃၅၀ | ၂၅၅၀ |
| ၂ | မေလ | ၂၅၃၀ | ၃၀၀၀ | ၂၄၀၀ | ၂၆၀၀ | ၂၈၂၀ | ၃၄၅၅ | ၂၅၉၀ | ၂၈၂၀ |
| ၃ | ဇွန်လ | ၂၆၀၀ | ၃၀၀၀ | ၂၅၀၀ | ၂၆၅၀ | ၂၉၁၀ | ၃၅၀၀ | ၂၆၈၀ | ၂၉၁၀ |
| ၄ | ဇူလိုင်လ | ၂၅၂၀ | ၂၉၂၀ | ၂၅၀၀ | ၂၆၅၀ | ၂၈၀၀ | ၃၅၀၀ | ၂၇၀၀ | ၂၉၀၀ |
| ၅ | ဩဂုတ်လ | ၂၄၅၀ | ၂၈၅၀ | ၂၄၅၀ | ၂၆၀၀ | ၂၇၅၀ | ၃၃၂၀ | ၂၆၀၀ | ၂၈၂၀ |
| ၆ | စက်တင်ဘာလ | ၂၅၅၀ | ၂၉၀၀ | ၂၅၅၀ | ၂၆၅၀ | ၂၇၅၀ | ၃၂၀၀ | ၂၆၅၀ | ၂၇၅၀ |
| ၇ | အောက်တိုဘာလ | ၂၇၀၀ | ၂၉၅၀ | ၂၆၇၀ | ၂၇၄၀ | ၂၈၆၅ | ၃၂၇၅ | ၂၈၀၀ | ၂၉၇၀ |

ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များမှ ဖြန့်ဖြူးရောင်းချနေသော စက်သုံးဆီများ၏ အခြင်အတွယ်နှင့် အရည်အသွေးစစ်ဆေးခြင်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူ ချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ညွှန်ကြားချက်အရ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ သက်ဆိုင်ရာဆပ်ကော်မတီ ဥက္ကဋ္ဌ(သို့မဟုတ်) အတွင်းရေးမှူးနှင့် ဆပ်ကော်မတီတွင် ပါဝင်ဖွဲ့စည်းထားသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြည်တွင်း အခွန်များဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့ စသည့် ဌာနများမှ အဖွဲ့ဝင်အဖြစ်ပါဝင်သည့်အဖွဲ့များဖြင့် စစ်ဆေးကြပြီး စက်သုံးဆီနမူနာများကို စနစ်တကျရယူ၍ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ရှိ ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးပါသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ရှောင်တခင်စစ်ဆေးရန်လိုအပ်ပါက တိုင်းဒေသကြီးရောင်းဝယ်ရေးအရာရှိ၏ ကွပ်ကဲမှုဖြင့် Mobile Fuel Lab ယာဉ်ကိုအသုံးပြု၍ ရှောင်တခင် စစ်ဆေးမှုပြုလုပ်စေလျက်ရှိပါသည်။

**စံခြင်ခွက်များဖြင့် စစ်ဆေးနိုင်**

စက်သုံးဆီဝယ်ယူသုံးစွဲသူပြည်သူလူထုအနေဖြင့် မိမိဝယ်ယူသည့်ဆိုင်မှ စက်သုံးဆီအခြင်အတွယ် ပြည့်ဝမှုရှိမရှိကို ယင်းဆိုင်များတွင် အသင့်ထားရှိသည့် စံခြင်ခွက်များဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်ပြီး အခြင်အတွယ်မပြည့်ခြင်း၊ အရည်အသွေး သတ်မှတ်စံချိန်စံညွှန်း ပြည့်မီကိုက်ညီမှုမရှိခြင်းကြောင့် ကျေနပ်မှုမရှိသဖြင့် ထုတ်ပြန်ကြေညာထားသည့်အတိုင်း သတင်းပေးပို့တိုင်ကြားလာပါက လိုအပ်သလိုစစ်ဆေးစိစစ် အရေးယူဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ပုဂ္ဂလိကစက်သုံးဆီ ဖြန့်ဖြူးရောင်းချမှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် မိမိတို့ တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေခြင်း၊ စက်သုံးဆီများကို တစ်ပြည်လုံးနေရာတိုင်းတွင် ဝယ်ယူသုံးစွဲလာနိုင်သည်နှင့်အမျှ အဆင်ပြေလွယ်ကူစွာ ခရီးသွားလာနိုင်ခြင်း၊ အသေးစားမှအကြီးစားအထိ စက်မှု လက်မှုလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများ တိုးတက်လာခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပိုမိုတိုးတက် မြန်ဆန်လာခြင်း စသည်တို့ကြောင့် ပုဂ္ဂလိက စက်သုံးဆီဖြန့်ဖြူးရောင်းချမှုလုပ်ငန်းသည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ထို့အပြင်ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် တိုင်းပြည်အတွက် အခွန်အခများ၊ ဝင်ငွေများပိုမိုတိုးတက်ရရှိစေမည် ဖြစ်ပါသည်။

# တချို့ဘဏ်တွေက ဒေါ်လာတွေကိုင်ထားပြီး ဈေးကွက်မရှိတဲ့အတွက် အရောင်းအဝယ်မဖြစ်တဲ့အခါ တကယ်တမ်းဈေးကွက်ထဲမှာ ခန်းခြောက်သလို ဖြစ်သွားပါတယ်

ဦးဆက်အောင်(ဒုတိယဥက္ကဋ္ဌ)မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ယနေ့မိမိတို့နိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှင့် ပတ်သက်သည်များ၊ ငွေကြေးဖောင်းပွမှုကို မည်ကဲ့သို့ ထိန်းချုပ်ရမည်၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့်အတူ နိုင်ငံခြားငွေ တိုးတက်မြင့်မားလာမှုများ၊ ငွေကြေးဖောင်းပွမှုနှုန်းကို တွက်ချက်မှု စသည်တို့နှင့် ပတ်သက်၍ သိရှိနိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်ဝါဝါမောင်တို့၏ ဆွေးနွေးမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-**

*(ယမန်နေ့မှ အဆက်)*

**ဦးမောင်မောင်ဝင်း**
**ဒုတိယဝန်ကြီး**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**မေး ။ နိုင်ငံတော်အနေနဲ့ ငွေကြေးဖောင်းပွမှု မြင့်တက်နေတာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းသွားမလဲဆိုတာ ပြောပြပေးစေချင်ပါတယ်။**

ဖြေ ။ အစိုးရ အခုသွားနေတာက ဈေးကွက်စီးပွားရေးစနစ်ကိုသွားနေပြီ။ ဈေးကွက်စီးပွားရေးစနစ်မှာမှ ဈေးကွက်ကို အပြည့်အဝ ဈေးကွက်အတိုင်းလိုက်နာနေတဲ့စနစ်ကို ဦးတည်ပြီး သွားနေတာဖြစ်တဲ့အတွက် အစိုးရရဲ့စွက်ဖက်မှု၊ ထိန်းချုပ်မှုတွေကို အတတ်နိုင်ဆုံး ကင်းရှင်းအောင် လုပ်နေပါတယ်။

ဒီနေရာမှာတော့ ထိန်းချုပ်တယ်၊ ကန့်သတ်တယ်ဆိုတာတွေထက် အစိုးရအနေနဲ့ ဘယ်လိုအဆင်ပြေချောမွေ့အောင် ဖြေရှင်းဆောင်ရွက်ပေးမလဲဆိုတာမျိုးလေးတွေနဲ့ပဲ ပိုပြီးနီးစပ်မယ်ထင်ပါတယ်။ အစိုးရအနေနဲ့ကတော့ ဈေးကွက်စီးပွားရေးမှာ ဒီဖြစ်နေတဲ့အခြေအနေကို လက်သင့်ခံပြီးတော့ ငွေကြေးမူဝါဒအပိုင်းက ဘယ်လိုတုံ့ပြန်မလဲ၊ ဘဏ္ဍာရေးမူဝါဒအပိုင်းကလည်း ဘာတွေတုံ့ပြန်ဆောင်ရွက်ပေးမလဲ။ အလားတူပဲ ကုန်သွယ်ရေးမူဝါဒတို့၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒဘက်က ဒါတွေကို ဘယ်လိုတုံ့ပြန်ဆောင်ရွက်မလဲ။ ကျွန်တော်တို့ လုပ်နေပါတယ်။ အဆက်မပြတ် လုပ်နေပါတယ်။

### နှစ်ခုစလုံး ဟန်ချက်ညီညီထိန်း

အစိုးရသစ် တက်လာပြီးနောက်ပိုင်းမှာ စီးပွားရေးမူဝါဒဆယ့်နှစ်ချက်ကို တရားဝင်ထုတ်ပြန်ကြေညာခဲ့တာ ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုမူဝါဒလည်း ထုတ်ပြန်ပြီးပါပြီ။ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်ကိုလည်း ရေးဆွဲပြဋ္ဌာန်းပြီးပါပြီ။ ဒါတွေဟာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဦးတည်ပြီးလုပ်နေတာဖြစ်သလို တစ်ဖက်ကလည်း မက်ခရိုစီးပွားရေး တည်ငြိမ်မှုရယ်၊ မက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရယ် နှစ်ခုစလုံးကို ဟန်ချက်ညီညီထိန်းပြီးတော့ သွားနိုင်အောင် အစိုးရက စဉ်ဆက်မပြတ်လုပ်နေပါတယ်။

ကုန်သွယ်ရေးမူဝါဒအပိုင်းကလည်း စဉ်ဆက်မပြတ်သုံးသပ်လုပ်ကိုင်နေတာတွေ ရှိပါတယ်။ ငွေကြေးမူဝါဒပိုင်းကလည်း လေလံစနစ်တွေ၊ bond တွေ၊ Bills တွေကို option စနစ်နဲ့ ရောင်းတာတွေရှိပါတယ်။ ဘဏ္ဍာရေးမူဝါဒဘက်ကလည်း အခွန်တွေကို တိုးပြီးရအောင်ကောက်ဖို့ အသုံးစရိတ်တွေကို စိစစ်ပြီးတော့မှ ဦးစားပေးသင့်တာကိုပဲ ဦးစားပေးသုံးဖို့၊ ဘတ်ဂျက်ရဲ့ လိုငွေကို GDP အချိုးကို ထိန်းသိမ်းပြီးတော့ ဆောင်ရွက်ဖို့ အဆက်မပြတ် လုပ်နေပါတယ်။ ကုန်သွယ်ရေးမူဝါဒအပိုင်းကလည်း အလားတူပါပဲ။

ဒါကြောင့် ငွေဖောင်းပွမှုကို အစိုးရရဲ့ ထိန်းချုပ်မှုဆိုတာထက် လက်ရှိအနေအထားက ဘယ်လိုရှိတယ်။ ဘာကြောင့်ဖြစ်လာရတာလဲဆိုတာကို ပြန်ကြည့်ရင် တစ်ဖက်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရအောင်လုပ်ချင်ရင် ငွေကလည်း အထိုက်အလျောက် ဖောင်းပွလာမှာပါ။ ဖွံ့ဖြိုးလာတယ်ဆိုရင် ဖောင်းလာတယ်ဆိုတာလည်း ရှိမှာပါ။ ကျုံ့သွားမယ်ဆိုရင်တော့ ကျဆင်းသွားမှာပါ။ ဒီလိုလေးတွေရှိပါတယ်။

### လှည့်လည်သုံးစွဲကြ

ဥပမာ လယ်သမားတွေကို အရင်တုန်းက တစ်ဧကကို တစ်သိန်းချေးတဲ့အနေအထားကနေ တစ်ဧကကို တစ်သိန်းခွဲအထိ တိုးချေးလိုက်မယ်ဆိုရင် ဘီလီယံပေါင်း ထောင်ချီပြီး စိုက်ပျိုးစရိတ်ကို ချေးပေးလိုက်တယ်။ ချေးပေးလိုက်တဲ့ငွေတွေ ဈေးကွက်ထဲကို ရောက်သွားပြီးတော့ လယ်သမားတွေ လက်ထဲကို ရောက်သွားပြီး ဒီငွေတွေကို လှည့်လည်သုံးစွဲကြတယ်။ ဖွံ့ဖြိုးတိုးတက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လယ်သမားတွေ စိုက်ပျိုးစရိတ်ဖူလုံစေဖို့ အစိုးရက ချေးပေးလိုက်တယ်။ အလားတူပဲ နိုင်ငံတော်က တံခါးဖွင့်ပြီး ဖိတ်ခေါ်လိုက်တဲ့အခါမှာ ကြွေးမြီဟောင်းတွေကို ရှင်းလင်းလိုက်တဲ့အခါ နိုင်ငံခြားအကူအညီတွေ၊ ချေးငွေတွေ ပိုရလာတယ်။

ဒီချေးငွေတွေက ဒီလိုပဲစီးဝင်လာကြတယ်။ အလားတူပဲ ချေးငွေမဟုတ်တဲ့ နိုင်ငံခြားငွေ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်များပြားပြီး စီးဝင်လာတာတွေလည်း ရှိပါတယ်။ ဒါတွေအားလုံးက ဘယ်ကိုသွားနေလဲဆိုတော့ ငွေကြေးလှည့်လည်တဲ့ပမာဏကို ဖြစ်စေပြီးတော့ ငွေကြေးဖောင်းပွမှုကို ဖြစ်စေနိုင်တယ်။ အဲဒီလိုဖြစ်စေနိုင်တော့ တစ်ဖက်က အစိုးရအနေနဲ့ ရေရှည်ရေတို စီမံကိန်းတွေကို ချမှတ်ပြီးတော့ ဘယ်ဝန်ကြီးဌာနကတော့ ဘယ်မူဝါဒချမယ်ဆိုတာမျိုး။ တစ်ဖက်ကလည်း ဘတ်ဂျက် ၅ ရာခိုင်နှုန်းထက် မကျော်စေဘဲ ထိန်းပါတယ်။ ဘဏ္ဍာရေးဘက်ကလည်း လုပ်တယ်။ ဗဟိုဘဏ်ဘက်ကလည်း လုပ်နေတာတွေ အများကြီးရှိပါတယ်။ အခြားသောသက်ဆိုင်ရာ ဌာနအသီးသီးကနေ တုံ့ပြန်မှုတွေလုပ်ပါတယ်။

တစ်ချိန်ချိန်မှာတော့ ဒီတုံ့ပြန်မှုတွေက အကျိုးသက်ရောက်လာမှာပါ။ အဆက်မပြတ်သွားနေတဲ့အခါကျတော့ ဖြစ်ပေါ်နေတဲ့အခြေအနေကို လက်သင့်ခံပြီးတော့ ဘယ်လိုဝိုင်းဝန်းပြီး ဆောင်ရွက်မယ်။ အစိုးရဘက်က ဘယ်လိုမူဝါဒတွေ ချမှတ်မယ်။ ကုန်သည်တွေဘက်က၊ ပြည်သူတွေဘက်က လူတန်းစားအသီးသီးကနေ ဘယ်လိုပူးပေါင်းပြီး ကျွန်တော်တို့ လိုချင်တဲ့ ပုံစံမျိုးရောက်လာအောင် ဆောင်ရွက်သင့်ပါတယ်လို့ ပြောလိုပါတယ်။

**ဦးဆက်အောင်**
**ဒုတိယဥက္ကဋ္ဌ**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**မေး ။ ဒီငွေကြေးဖောင်းပွမှုနဲ့ ဆက်စပ်ပြီးတော့ နိုင်ငံခြားငွေလဲလှယ်မှုနှုန်းတွေကလည်း မြင့်တက်လာတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘယ်လိုဆောင်ရွက်နေလဲဆိုတာကို ပြောပြပေးပါ။**

ဖြေ ။ ငွေကြေးဖောင်းပွမှုနှုန်းဖြစ်လာရင် နိုင်ငံခြားငွေလဲလှယ်မှုနှုန်းပေါ်မှာ သက်ရောက်မှုဖြစ်ပါတယ်။ ငွေကြေးတန်ဖိုးကျသင့်သည်ထက် အများကြီးကျသွားရင်လည်း ငွေကြေးဖောင်းပွမှုနှုန်းကို တန်ပြန်သက်ရောက်စေပါတယ်။ အခုလောလောဆယ်မှာတော့ ငွေကြေးဖောင်းပွမှုနှုန်းက လွန်ခဲ့တဲ့နှစ်က တော်တော်လေးကို တက်လာတာ တွေ့ရတယ်။ ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေတဲ့ တခြားအချက်အလက်တွေ အများကြီးရှိပါတယ်။ ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းနိုင်မယ်ဆိုရင် အကောင်းဆုံးပါပဲ။

ငွေကြေးဖောင်းပွမှုနှုန်းကို ကာကွယ်ချင်တယ်ဆိုရင် နောက်ထပ် အရေးကြီးဆုံးအချက်ကတော့ ပြည်တွင်းကို နိုင်ငံခြားသုံးငွေတွေ စီးဝင်လာဖို့လိုပါတယ်။ အဲဒီလို လုပ်တဲ့အခါမှာ ဈေးကွက်ထဲကို ဒေါ်လာတွေ စီးဝင်လာအောင်လုပ်တာနဲ့ တခြားနိုင်ငံမှာရှိတဲ့ ဒေါ်လာတွေ ပြည်တွင်းကို စီးဝင်လာအောင် လုပ်တာဆိုပြီး နှစ်မျိုးရှိပါတယ်။ အဲဒါကျတော့ ရင်းနှီးမြှုပ်နှံမှုကို တာဝန်ယူတဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပို့ကုန်သွင်းကုန် တာဝန်ယူတဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တခြားသက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပြီးတော့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ပို့ကုန်တွေဆိုရင်လည်း ငွေတွေပြန်ဝင်လာဖို့အတွက် ကျွန်တော်တို့ အမြဲတမ်းစောင့်ကြည့်နေပါတယ်။ ဘယ်လောက်ရာခိုင်နှုန်းအထိ ရောက်ပြီလဲ။ မရောက်သေးတဲ့ ကုမ္ပဏီတွေကလည်း ဘယ်ကုမ္ပဏီတွေဖြစ်နေလဲဆိုတာ စောင့်ကြည့်ပါတယ်။ ဒုတိယအချက်ကတော့ ဗဟိုဘဏ်နဲ့ ဆိုင်ပါတယ်။ အပြင်ကနေ စီးဝင်လာတာ မဟုတ်ဘဲနဲ့ အတွင်းကို ရောက်နေတဲ့ ဒေါ်လာတွေမှာမှ တချို့ဘဏ်တွေမှာ ဒေါ်လာတွေ အများကြီးရှိပါတယ်။ တချို့ဘဏ်တွေမှာ ဒေါ်လာတွေမရှိဘူး။ အဲဒီတော့ ဒေါ်လာတွေ ပိုလျှံနေတဲ့ ဘဏ်တွေကနေ လိုအပ်နေတဲ့ ဘဏ်တွေကို ဒေါ်လာတွေ စီးဝင်သွားအောင်လုပ်ရမှာ ဖြစ်ပါတယ်။ တချို့ဘဏ်တွေက ဒေါ်လာတွေ ပိုလျှံပြီး ကိုင်ထားပြီးတော့ ဈေးကွက်မရှိတဲ့အတွက် အရောင်းအဝယ်မဖြစ်တဲ့အခါ တကယ်တမ်းဈေးကွက်ထဲမှာ ခန်းခြောက်သလို ဖြစ်သွားပါတယ်။

### မှန်းဆပြီးလုပ်ရတဲ့စနစ်

နောက်တစ်ခုက ကျွန်တော်တို့ဆီမှာ အဓိကဖြစ်နေတဲ့ ပြဿနာကတော့ ဈေးကစားတာ ဖြစ်ပါတယ်။ ဈေးကစားတာဆိုတာက မှန်းဆပြီးတော့ လုပ်ရတဲ့စနစ်ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာဖြစ်နေတဲ့ စနစ်ကိုက ဘုံစီးပွားရေးစနစ်မှာ ဈေးကစားတာကို ထိန်းချုပ်ဖို့ အကျွမ်းတဝင်ဖြစ်နေပါပြီ။ ဈေးကွက်စီးပွားရေးမှာ ဈေးကစားတာကို ထိန်းချုပ်ဖို့ အကျွမ်းတဝင် မဖြစ်သေးပါဘူး။ ဈေးကွက်စီးပွားရေးမှာ ဈေးကစားတာကို ထိန်းချုပ်မှုနဲ့ ဘုံစီးပွားရေးမှာဈေးကစားတာကို ထိန်းချုပ်မှုက မတူပါဘူး။

အဲဒီတော့ ဈေးကွက်စီးပွားရေးမှာ ဈေးကစားတာကို ထိန်းချုပ်ဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ အဓိကကတော့ ပြည်တွင်းကို ဒေါ်လာတွေစီးဝင်လာဖို့က အရေးကြီးပါတယ်။အဲဒါတွေကို ကျွန်တော်တို့ ပေါင်းစပ်လုပ်ရမှာပါ။ ဒါကြောင့် ကျွန်တော်တို့ အမြဲဆုံတွေ့နေပါတယ်။ ဒေါ်လာပြန်ဝင်လာအောင်လုပ်နိုင်ဖို့ အရေးကြီးပါတယ်။ ဗဟိုဘဏ်အနေနဲ့ အခြားဌာနတွေနဲ့ ဆက်စပ်ပြီး အမြဲတမ်း ကြိုးစားနေမှာ ဖြစ်ပါတယ်။

**ဒေါ်ဝါဝါမောင်**
**ညွှန်ကြားရေးမှူးချုပ်**
**ဗဟိုစာရင်းအင်းအဖွဲ့**

**မေး ။ လက်ရှိဖြစ်ပေါ်နေတဲ့ ငွေကြေးဖောင်းပွမှုကြောင့် နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ဘယ်လိုသက်ရောက်မှုတွေ ရှိနိုင်သလဲဆိုတာ ဆွေးနွေးပေးစေလိုပါတယ်။**

ဖြေ ။ ငွေဖောင်းပွတယ်ဆိုတာက နေရင်းထိုင်ရင်းနဲ့ ဝယ်နိုင်စွမ်းအားကလျော့သွားပြီးတော့ လူတွေက ငွေကြေးအပေါ်မှာ စိတ်ချမှုမရှိတဲ့ နောက်ပုံစံတစ်မျိုးနဲ့ ကိုင်မယ်ပေါ့။ တော်တော်များများက ရှိနေတဲ့ငွေကို ငွေသားချည်းထားတာထက် ပုံစံတစ်မျိုးနဲ့ ပြောင်းလိုက်တဲ့ အနေအထားမျိုးပါ။

လက်ပြောင်းလက်လွှဲလုပ်တဲ့နှုန်းတွေ ပိုမြန်လာတယ်။ လှည့်ပတ်နေတဲ့ ငွေကြေးတွေဟာ အရှိန်တအားမြန်လာတယ်။ ဒါက ငွေကြေးဖောင်းပွမှုကိုဖြစ်စေတဲ့ အကြောင်းရင်းတစ်ရပ်ပါ။ စီးပွားရေးအတွက် အကျိုးသက်ရောက်မှုကို ပြောရမယ်ဆိုရင် ကိုယ့်နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအား တိုးတက်အောင်လုပ်ဖို့ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာအောင်၊ နောက်တစ်ခုက ပြည်တွင်းမှာရှိနေတဲ့ ကိုင်ထားတဲ့ ငွေရင်းနှီးမြှုပ်နှံမှုတွေက ထုတ်လုပ်မှုစွမ်းအားတက်အောင် ဆောင်ရွက်ဖို့လိုပါတယ်။

ထုတ်လုပ်တဲ့လုပ်ငန်းတွေ တိုးတက်အောင်လုပ်ဖို့ဆိုရင် လုပ်သာကိုင်သာရှိတဲ့ စီးပွားရေးဝန်းကျင်တွေ ဖန်တီးပေးဖို့လိုပါတယ်။ ကုန်သွယ်မှုရေးရာ မူဝါဒတွေ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ ဖြေလျှော့တာတွေ၊ နိုင်ငံတကာနဲ့ပတ်သက်တဲ့ ငွေပေးချေမှုစနစ်တွေ ပိုမိုချောမွေ့လွယ်ကူစေလာတာ စသဖြင့်ပေါ့၊ နိုင်ငံတကာနဲ့ ချိတ်ဆက်ဆောင်ရွက်တဲ့အခါ ဘဏ်စနစ်တွေ၊ ဝန်ဆောင်မှုတွေ ပိုမြန်လာတာ၊ ငွေပေးချေတဲ့နေရာမှာ transition cost တွေ လျော့နည်းကျဆင်းလာစေတာ ဒါမျိုးတွေဖြစ်စေဖို့ လိုအပ်လာတာပေါ့။

### အကျိုးအမြတ်ပိုရရှိ

ဒါမှမဖြစ်ဘူးဆိုရင် ထုတ်လုပ်မှုတွေလုပ်တယ်၊ တချို့သောကုန်စည်တွေရဲ့ သွင်းကုန်တွေက နိုင်ငံခြားကနေတစ်ဆင့်တင်သွင်းပြီးမှ ထုတ်လုပ်ရတဲ့အခါမှာ ငွေဖောင်းပွတဲ့အခါကျတော့ ပေးရတဲ့တန်ဖိုးထက်ပိုပြီးတော့ တန်ဖိုးတွေ ပိုများလာတဲ့အခါ သူ့ရဲ့ကုန်ကြမ်းဈေးနှုန်းကများလာတဲ့အခါမှာ သူ့ရဲ့ထုတ်ကုန်ဈေးနှုန်းက တက်လာပြီးတော့ ထွက်လာတဲ့ကုန်စည်ကို ပြန်ရောင်းတဲ့အခါမှာလည်း ဈေးကများသွားမယ်။ ဒီလိုအနေအထားတွေ ဖြစ်စေတယ်။ ငွေကြေးဖောင်းပွမှုဖြစ်တဲ့အခါမှာ export လုပ်တဲ့အခါမှာတော့ အကျိုးအမြတ်ပိုရှိပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ငွေကြေးဖောင်းပွမှုဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းတင် တွေ့ကြုံနေရတာ မဟုတ်ပါဘူး။ ရှေ့ပိုင်းမှာ အာဆီယံနိုင်ငံတွေထဲမှာ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့ဆိုရင် ၂၀၁၀ ဝန်းကျင်မှာ သူတို့ရဲ့ ငွေကြေးဖောင်းပွမှုနှုန်းဟာ ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့တာပါ။

ငွေကြေးဖောင်းပွမှုရှိနေသော်လည်း အဲဒါကို ကြောက်ရွံ့နေဖို့ မဟုတ်ဘူး။ ဒီထက် အလုပ်အကိုင်ဖန်တီးမှုတွေ ပွင့်လာအောင်၊ စီးပွားရေးအခွင့်အလမ်းတွေ ပိုပေါ်လာအောင်၊ ဆိုလိုချင်တာက ကိုယ့်ရဲ့ဝင်ငွေတွေ၊ ထုတ်လုပ်မှုတွေ ပိုတက်လာရင် ငွေကြေးဖောင်းပွမှုတွေကို ကြောက်စရာ မလိုတော့ပါဘူး။ တစ်ဖက်ကလည်း စီးပွားရေးဝန်းကျင်တွေကို ပိုဖန်တီးပေးမယ်၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကို ပိုတိုးလာအောင် ဆောင်ရွက်ကြမယ်ဆိုရင် ငွေကြေးဖောင်းပွမှုကို တခြားနိုင်ငံတွေလိုပဲ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဦးမောင်မောင်ဝင်း**
**ဒုတိယဝန်ကြီး**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**မေး ။ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်နေတဲ့အခါမှာ နိုင်ငံတော်အပိုင်း၊ စီးပွားရေးလုပ်ငန်းရှင်တွေ အပိုင်း၊ ပြည်သူလူထုအပိုင်းတွေအနေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်သင့်သလဲဆိုတာကို ဆွေးနွေးပေးစေလိုပါတယ်။**

ဖြေ ။ အစိုးရရယ်၊ လုပ်ငန်းရှင်တွေရယ်၊ ပြည်သူရယ် ဆက်ဆံရေးက အရေးကြီးပါတယ်။ အစောကပြောတဲ့ လက်ရှိအနေအထားကိုကြည့်ပြီး အကောင်းဆုံး ဘယ်လိုကျော်လွှားမလဲဆိုတာ အရေးကြီးပါတယ်။ အစိုးရဘက်ကလည်း ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်တဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကို သက်ဆိုင်ရာ ဌာနအသီးသီးက ဆောင်ရွက်ကြမှာ ဖြစ်သလို လုပ်ငန်းရှင်တွေအပိုင်း၊ ပြည်သူလူထုအပိုင်းကလည်း မိမိအနေအထား၊ မိမိတို့နားလည်ပြီးတော့ ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှာပဲဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းနေတဲ့ အချိန်လည်း ဖြစ်တယ်။

### ယုံကြည်စွာမှန်းကြ

ဘယ်အစိုးရပဲ တက်လာလာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းမှာပါပဲ။ GDP growth rate ကို ကြည့်မယ်ဆိုရင် ဒီနှစ် နှစ်စက ၇ ဒသမ ၈ ဆိုပြီးမှန်းခဲ့တယ်။ ဒီနေ့ အရှိန်အဟုန်နှေးနေတဲ့အတွက် ၆ ဒသမ ၅ လောက် လျော့သွားမယ်လို့ မှန်းထားပါတယ်။ အလားတူ ကမ္ဘာ့ဘဏ်၊ IMF တို့ကလည်း အဲဒီလောက် မှန်းပေးထားတာရှိတယ်။ လာမယ့်နှစ်ကျတော့ GDP growth rate သည် ၇ ဒသမ ၅ ဝန်းကျင်မှာ ရှိနေမယ်လို့ ကမ္ဘာ့အဖွဲ့အစည်းအသီးသီးက ယုံကြည်စွာမှန်းကြတယ်။ ဘာလို့ယုံကြည်စွာမှန်းသလဲဆိုရင် သူတို့မှာအဖြေရှိတယ်။

မြန်မာနိုင်ငံဟာ တိုးတက်နေတယ်။ သယံဇာတတွေလည်း ပေါများတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာဖို့ အများကြီးရှိတယ်။ လူသားအရင်းအမြစ်လည်းရှိတယ်။ အလားအလာသိပ်ကောင်းနေတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုနှုန်းက ဆက်ပြီးမြင့်နေတဲ့အဆင့်မှာ ရှိနေမယ်လို့ သူတို့က လက်ခံတယ်။ ကျွန်တော်ပြောချင်တာကတော့ GDP ရဲ့ side ကိုကြည့်ပြီး မြန်မာငွေတန်ဖိုးနဲ့ဆိုရင် ကျပ်ထရီလီယံ ၈၀ လောက်ရှိပြီး ဒေါ်လာနဲ့တွက်မယ်ဆိုရင် ၆၅ ဘီလီယံလောက် ရှိပါမယ်။

ချမ်းသာသွားတဲ့တစ်ချိန်ကျရင် ဒီနှုန်းရမှာ မဟုတ်တော့ဘူး။ ၁ ရာခိုင်နှုန်း၊ ၂ ရာခိုင်နှုန်းလောက်ပဲ ဖြစ်သွားမှာပါ။ အစိုးရဘက်ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်မှာပဲ။ သုံးစရာရှိတာသုံးမှာပဲ။ အဲဒီအခါ ငွေပမာဏတိုးလာပြီးတော့ ငွေကြေးဖောင်းပွမှု အနည်းငယ်ရှိလာမှာပါပဲ။ ဒါကို ကျွန်တော်တို့က ပိုများမလာအောင် အဆင်ပြေအောင် ထိန်းပေးရမှာပါ။ အစိုးရအပိုင်းရော၊ လုပ်ငန်းရှင်အပိုင်းရော ပြည်သူလူထုအပိုင်းပါ အပြန်အလှန်နားလည်မှုရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်စေလိုပါတယ်။


ဦးဆက်အောင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်


ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန


ဒေါ်ဝါဝါမောင်
ညွှန်ကြားရေးမှူးချုပ်
ဗဟိုစာရင်းအင်းအဖွဲ့

ကိုမင်း၊ ခင်စုစုလှိုင်၊ အေးအေးမြင့်

❀ ရွှေဖုံးမှ

ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ARG စိုက်ပျိုးရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးဘအေးက တောင်ပိုင်းဒေသရှိ ရခိုင်တိုင်းရင်းသားကျေးရွာများသို့ စပါးရိတ်သိမ်းစက်များကို တစ်ရွာလျှင် တစ်လုံးကျနှုန်းဖြန့်ဝေ၍ စပါးရိတ်သိမ်းပြီးစီးနေမှု အခြေအနေများကို ရှင်းလင်းခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒုချီးရားတန်းကျေးရွာ၊ ရွာသစ်ကေကျေးရွာ၊ အုန်းတောကျေးရွာများသို့ရောက်ရှိပြီး ဒေသခံများနှင့် ညနေ ၄ နာရီခန့်တွင် တွေ့ဆုံ၍ "ယခုဆိုလျှင် မောင်တောဒေသသည် တည်ငြိမ်အေးချမ်းမှုရှိလာနေပြီဖြစ်သောကြောင့် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများကိုလည်း မူလအခြေအနေအတိုင်း ဆောင်ရွက် လုပ်ကိုင်နေကြပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း နေထိုင်သူများအနေဖြင့် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများ၊ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ နေထိုင်လုပ်ကိုင်စားသောက်ကြဖို့ လိုကြောင်း၊ နှစ်ဖက်လူ့အဖွဲ့အစည်းအနေဖြင့် သင့်မြတ်ညီညွတ်စွာ နေထိုင်ကြရန်လိုသကဲ့သို့ ကြားသိရသည့် သတင်းအမှန်များကိုလည်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ သတင်းပေးကြရန်လိုကြောင်း၊ မိမိတို့ရောက်ရှိစဉ် တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်လင်းစွာ ဆွေးနွေးကြရန်လိုကြောင်း၊ မိမိတို့နှင့်အတူ UN နှင့် UNHCR အဖွဲ့များလည်းပါလာကြောင်း ရှင်းလင်းမှာကြားသည်။


ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်

ဆက်လက်၍ ရခိုင်ပြည်နယ်ဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ် မစ္စတာ ခရစ်ကာတာကလည်း ခရီးစဉ်လိုက်ပါလာရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ပြည်နယ်အစိုးရက ထောက်ပံ့သည့် အဝတ်အထည်များကိုလည်းကောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ UN ကိုယ်စားလှယ်က စောင်၊ ခြင်ထောင်နှင့် အခြားအသုံးဆောင်ပစ္စည်းများပါသည့် Family Kit များကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြသည်။


မစ္စတာ ခရစ်ကာတာ ဒေသခံများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်

ထို့နောက် အလယ်သံကျော်ရွာသို့ ရောက်ရှိရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံအားပေးပြီး ပြည်နယ်အစိုးရက ထောက်ပံ့လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆေးနှင့် အဝတ်အထည်များကို လည်းကောင်း၊ အထက၌ အစ္စလာမ်ဘာသာဝင်များနှင့် သီးခြားတွေ့ဆုံ၍ အဝတ်အထည်များကို လည်းကောင်း အသီးသီးထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ရခိုင်တိုင်းရင်းသားကျေးရွာများဖြစ်ကြသည့် ဥဒေါင်းရွာ၊ ရွှေဇဟိုရ်ရွာ၊ ဗောဓိကုန်းရွာများသို့ သွားရောက်ကာ ဒေသခံရခိုင်တိုင်းရင်းသားများကို တွေ့ဆုံအားပေး၍ ပြည်နယ်အစိုးရက ထောက်ပံ့လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆေးနှင့် အဝတ်အထည်များကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## ညမထွက်ရအမိန့်ကို ဖောက်ဖျက်ကျူးလွန်သူ ဒဏ်ငွေချမှတ်၊ ပုဒ်မ ၁၄၄ အား ထပ်မံပြင်ဆင်ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၈ ရက် ညက လုံခြုံရေးကင်းလှည့်လည်ဆောင်ရွက်စဉ် မြို့မအရှေ့ရပ်ကွက် မင်းဘာကြီးလမ်းပေါ်၌ မြို့မအနောက်ရပ်ကွက်နေသူ ကျော်မျိုးလွင်ပါ လေးဦးတို့ကို ည ၉ နာရီ မိနစ် ၅၀ က ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ကျော်မျိုးလွင်ပါ လေးဦးသည် ညမထွက်ရအမိန့်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ ၁၈၈ အရ တစ်ဦးလျှင် ဒဏ်ငွေကျပ် ၂၀၀၀၀ စီ အမိန့်ချမှတ်ခဲ့သည်။

မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့(ကျီးကန်းပြင်)၊ ငါးခူရနယ်မြေရုံး၊ ကိုးတန်ကောက်ရဲကင်းစခန်းတို့ကို အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် မောင်တောခရိုင်အတွင်း ဒေသပိုမိုတည်ငြိမ်အေးချမ်းရေးအတွက် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၌ ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော လူများစုဝေးခြင်း မပြုရန်နှင့် ည ၇ နာရီမှ နံနက် ၆ နာရီအထိ ကာလအတွင်း ညမထွက်ရအမိန့်ကို ဒီဇင်ဘာ ၉ ရက်မှစ၍ နှစ်လပြည့်မြောက်သည့်နေ့အထိ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၄ အရ ထပ်မံ၍ ပြင်ဆင်ထုတ်ပြန်ထားကြောင်း သိရသည်။

(သတင်းစဉ်)

## မိုင်းပြုလုပ်ရာတွင် အသုံးပြုသည်ဟု ယူဆရသည့် ပင်စတင်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မောင်တောမြို့နယ်အတွင်းရှိ မယင်းတောင်နှင့် မျောတောင်မြောက်ရွာတစ်ဝိုက် တောင်ကုန်းများကို နယ်မြေရှင်းလင်းရာ ဒီဇင်ဘာ ၉ ရက် ညနေ ၃ နာရီခွဲက ချုံပုတ်အတွင်း ဝှက်ထားသော ပြောက်ကျားအင်္ကျီ ရှစ်ထည်နှင့် မိုင်းပြုလုပ်ရာတွင် အသုံးပြုသည်ဟု ယူဆရသည့် ကားပင်စတင် ၁၂ ခုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်

❒ ကျောဖုံးမှ

ရေမျက်တောင်ကျေးရွာအုပ်စု စုစုပေါင်းကျေးရွာအုပ်စု ငါးအုပ်စုအတွင်းရှိ အိမ်ထောင်စု ၃၁၈ စုတို့အား ဆန်အိတ် ၇၉ ဒသမ ၅၀၊ ဆီ ၁၅၉ ပိဿာ၊ ပဲ ၁၅၉ ပိဿာ၊ ဆား ၁၅၉ ပိဿာနှင့် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**One More အဖွဲ့ ထောက်ပံ့ပေးအပ်**

One More အဖွဲ့က သာယာကုန်းကျေးရွာ ပြည်သူများအား ဆန်၊ ဆီ၊ ပဲ ထောက်ပံ့ပေးအပ်စဉ်


ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က လောင်းဒုံကျေးရွာပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်များ ပေးအပ်စဉ်



**ပြည်နယ်ဝန်ကြီးချုပ် ပေးအပ်**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖားဝပ်ချောင်းကျေးရွာပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်များ ပေးအပ်စဉ်

# မုံးကိုးမြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်ကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းစဉ် လက်နက်များနှင့်ခဲယမ်းများ ရှာဖွေသိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မုံးကိုးမြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက နေ့ညမပြတ် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မုံးကိုးမြို့အတွင်းနှင့် အနီးပတ်ဝန်းကျင် နေရာများ၌ လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးစဉ် ကျန်ရစ်ခဲ့သည့် လက်နက်များ၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ရှာဖွေသိမ်းဆည်းရမိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သိရသည်။



ဒီဇင်ဘာ ၉ ရက်က တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် ထိတွေ့တိုက်ပွဲတစ်ကြိမ်ဖြစ်ပွားခဲ့ပြီး MNDAA လက်နက်ကိုင်အဖွဲ့မှ အလောင်း နှစ်လောင်း ရရှိခဲ့ကာ မုံးကိုးမြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်၌ အမ် ၂၂ သေနတ် လေးလက်၊ ပွိုင့် ၂၂ သေနတ် နှစ်လက်၊ လေသေနတ် လေးလက်၊ အမ် ၂၂ ကျည်အိမ် ကိုးခု၊ မှန်ပြောင်းမျိုးစုံ လေးခု၊ ကျည်မျိုးစုံ ၁၇၅ တောင့်၊ ဗုံးသီးမျိုးစုံ ၁၁ လုံး၊ ပို့ကျည် သုံးတောင့်ပါ RPG ဒုံးသီး နှစ်လုံး၊ တိုက်မိုင်း တစ်လုံး၊ လမ်းလျှောက်စကားပြောစက် နှစ်လုံး၊ မိုင်းရှာစက် တစ်လုံး၊ ကျောပိုးအိတ် တစ်လုံး၊ KIA ကုတ်အင်္ကျီ နှစ်ထည်၊ ယူနီဖောင်းမျိုးစုံ ၃၃ စုံ **(ယာပုံ)** နှင့် အရပ်သား အလောင်း ခုနစ်လောင်းတို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ယနေ့ နံနက် ၁၁ နာရီခန့်ကလည်း မုံးကိုးစခန်း၏ အရှေ့ဘက်ရှိ ချုံအတွင်းမှ အမ် ၂၂ သေနတ် တစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ၎င်းကျည်အတောင့် ၂၀ နှင့် လွယ်ကြိုးတစ်ချောင်းတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မသင်္ကာဖွယ်ရာဆိုင်ကယ်အားရပ်တန့်စေရာ ရပ်တန့်မှုမရှိသဖြင့် ခြောက်လှန့်ပစ်ခတ်



**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဒီဇင်ဘာ ၉ ရက် ည ၁၀ နာရီ ၅ မိနစ်ခန့်က အီနိုင်းကျေးရွာအဝင်၌ နမ္မတူမြို့မှ လားရှိုးမြို့ဘက်သို့ မောင်းနှင်လာသည့် KENBO အမျိုးအစား မသင်္ကာဖွယ် ဆိုင်ကယ်တစ်စီးကို စစ်ဆေးရန်တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ အတင်းမောင်းနှင်ထွက်ပြေးသဖြင့် လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်တားဆီးခဲ့ရာ ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားမှာ လက်နက်ငယ်ထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

အဆိုပါ ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ ကြိုးဆွဲလက်ပစ်ဗုံး တစ်လုံးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

# လက်နက်ကိုင်ပူးပေါင်းအဖွဲ့များက ဆက်ကြေးများတောင်းခံ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

KIA / TNLA / MNDAA / AA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များသည် ဒီဇင်ဘာ ၉ ရက် ည ၁၁ နာရီခန့်က နမ္မတူမြို့နယ် နားမတ်(မြောက်)ရွာ ကျေးရွာ၏ အရှေ့တောင်ဘက် လေးမိုင်ခန့်အကွာ နမ္မတူ-လားရှိုး လမ်းမပေါ်ရှိ နားဆိုင်းအုပ်စု နားဆိုင်ရွာသို့ ပြောင်းရွှေ့ရောက်ရှိလာကြောင်း သိရသည်။

လက်နက်ကိုင် ပူးပေါင်းအဖွဲ့များသည် နမ္မတူ-လားရှိုးသို့ သွားသည့် ယာဉ်ကြီး/ယာဉ်ငယ်များကို တားဆီးရပ်တန့်ခိုင်းစေပြီး တစ်စီးလျှင် ကျပ် ငါးသိန်း ဆက်ကြေးတောင်းခံခဲ့ကာ ဒီဇင်ဘာ ၁၀ ရက် နံနက် ၆ နာရီက နမ္မတူမြို့၏ အရှေ့တောင်ဘက်ရှိ ပန်ချင်ရွာဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။

နံနက် ၇ နာရီခွဲတွင် နမ္မတူ-လားရှိုးသို့သွားသည့် ယာဉ်ကြီး/ယာဉ်ငယ်များသည် ပုံမှန်အတိုင်း ပြန်လည်သွားလာလျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# တိုက်ပွဲရှောင်ဒေသခံပြည်သူများ မုံးကိုးမြို့အတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်မှုကို စတင်လက်ခံ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း ဖြစ်ပွားခဲ့သည့် KIA/ TNLA/ MNDAA / AA ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ တိုက်ပွဲရှောင် နေထိုင်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီခန့်မှ စတင်၍ မုံးကိုးမြို့နယ်စပ်ဝင်ပေါက်ဂိတ်၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ စစ်ဆေးလက်ခံလျက်ရှိသည်။ **(ယာပုံ)**



ထိုသို့ လက်ခံစိစစ်ဆောင်ရွက်လျက်ရှိရာတွင် ပြန်လည်ဝင်ရောက်နေထိုင်မှုများ အနေဖြင့် ဒီဇင်ဘာ ၉ ရက်က အမှတ် ၁ ရပ်ကွက်မှ အိမ်ထောင်စု ၁၂ စု၊ ကျား ၁၅ ဦး၊ မ ၁၃ ဦး စုစုပေါင်း လူဦးရေ ၂၈ ဦး ၊ ယနေ့တွင် အမှတ် ၂ ရပ်ကွက်မှ အိမ်ထောင်စု ၂၄၀ စု၊ ကျား ၅၃၉ ဦး၊ မ ၆၄၀ စုစုပေါင်း လူဦးရေ ၁၁၇၉ ဦး စိစစ်လက်ခံခဲ့ပြီး ယနေ့အထိ စုစုပေါင်း အိမ်ထောင်စု ၂၅၃ စု၊ ကျား ၅၅၄ ဦး၊ မ ၆၅၃ ဦး လူဦးရေ ၁၂၀၇ ဦး တို့ကို စိစစ်လက်ခံနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နယ်မြေဆက်လက်ရှင်းလင်းစဉ် လက်နက်များ၊ ခဲယမ်းများ ရှာဖွေသိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မုံးကိုးမြို့အတွင်းနှင့် အနီးပတ်ဝန်းကျင်နေရာတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီခန့်က အမှတ်(၆) ရပ်ကွက်အနီး ကြံခင်းအစပ်နေရာ၌ အမ် ၂၂ သေနတ် တစ်လက်၊ ယင်းကျည်အိမ် သုံးခု၊ လက်ပစ်ဗုံး သုံးလုံးနှင့် ၉ ဒသမ ၄၅ ကျည်အတောင့် ၃၀၀ တို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းလွဲ ၂ နာရီခန့်က ဟေမိုးလုံကျေးရွာ တောင်ဘက် မီတာ ၅၀၀ ခန့်အကွာ ကြံခင်းအစပ်နေရာ၌ အာပီဂျီ ဗုံးသီး နှစ်လုံး၊ လက်ပစ်ဗုံး တစ်လုံး၊ စက်လတ်ကျည် ၄၅ တောင့်၊ အမ် ၂၂ ကျည် ၂၀ တို့ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဆေးရုံတက်လူနာများ၏ စကားသံများ

**ဒေါ်မြမြစန်း(လူမှုဆက်ဆံရေးမှူး)**



တိုက်ပွဲတွေစဖြစ်တဲ့ နိုဝင်ဘာ ၂၀ ရက်က ဒီဇင်ဘာ ၄ ရက်အထိ ကျွန်မတို့ ပြည်သူ့ဆေးရုံကြီးကို ရောက်ရှိလာတဲ့ လူနာတွေကတော့ တပ်မတော်က ၃၄ ဦး၊ ရဲတပ်ဖွဲ့ဝင် ရှစ်ဦး၊ ပြည်သူ ၃၁ ဦး စုစုပေါင်း ၇၃ ဦး ရောက်ရှိလာတယ်။ အဲ့ဒီအထဲကမှ တပ်မတော်သား ၃၄ ဦး၊ ရဲတပ်ဖွဲ့ဝင် ရှစ်ဦးနဲ့ ပြည်သူ သုံးဦးတို့ကို လားရှိုးပြည်သူ့ဆေးရုံကို ရဟတ်ယာဉ်နဲ့ လွှဲပြောင်းပေးပို့ခဲ့ပါတယ်။ တိုက်ပွဲအတွင်း ထိခိုက်သေဆုံးပြီးမှ ရောက်ရှိလာတာက ကိုးဦး၊ ဒဏ်ရာပြင်းထန်လို့ ဆေးရုံရောက်မှ သေဆုံးတာက တစ်ဦးရှိပါတယ်။ ကျွန်မတို့ ပြည်သူ့ဆေးရုံသို့ ဒဏ်ရာတွေရရှိပြီး ရောက်လာတဲ့ လူနာတွေကို အမြန်ဆုံးဆေးကုသပေးသလို လိုအပ်တဲ့သွေးတွေကိုလည်း စေတနာရှင်ပြည်သူတွေက လာရောက်လှူဒါန်းပေးသလို ပရဟိတလူငယ်အသင်းအဖွဲ့တွေကလည်း လာရောက်လှူဒါန်းကြပါတယ်။ လိုအပ်တဲ့ ဆေးဝါးတွေကိုလည်း ပြည်သူ့ဆေးရုံက စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုဆိုရင် လူနာ ငါးဦးပဲ ကျန်ပါတော့တယ်။ တချို့ သက်သာလို့ ဆေးရုံက ဆင်းသွားကြပါပြီ။

**မနန်းဖုန်း**

ကျွန်မကတော့ ရှမ်းတိုင်းရင်းသူပါ။ ဇာတိကတော့ မိုင်းရှူးကပါ။ အခု မုံးပေါ်အုပ်စု မန့်ပိန်းကျေးရွာက ပြောင်းခြံတွေမှာ ပြောင်းဖူးလာချိုးတာ။ ပြောင်းဖူးချိုးတဲ့ရာသီဆိုတော့ ပြောင်းခြံထဲမှာ အရင်ရက်တွေကလိုပဲ ပြောင်းဖူးချိုးနေရင်း နိုဝင်ဘာ ၂၇ ရက်က လက်နက်ကြီးစ ထိမှန်ခံရတာပါ။ ဝမ်းဗိုက်မှာထိတာ၊ ရောက်တုန်းကဆို လှုပ်တောင်မလှုပ်နိုင်ဘူး။ ဒီနေ့ဆိုရင် ခါတ်မှန်ပြန်ရိုက်ရတယ်။ ဆရာဝန်တွေ၊ ဆရာမတွေက ဂရုစိုက်ကြပါတယ်။

**ကိုတာရှီဂွမ်းအောင်၊ ကချင်တိုင်းရင်းသား**

ကျွန်တော်ကတော့ အရင်ရက်တွေကလိုပဲ ခြံထဲကို သွားအလုပ်လုပ်ပြီး အပြန် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက စပါးပုံတွေနားရောက်တော့ သေနတ်သံတွေကြားရပြီး ကျွန်တော့်ကို ထိတော့တာပါပဲ။ ပြီးတော့ဆေးရုံက ဆရာဝန်တွေပြောတာကတော့ အသည်းကို ထိတယ်လို့ပြောတယ်။ အခုလည်း ဗိုက်က ပိုက်တန်းလန်းနဲ့ မြင်တဲ့အတိုင်းပါပဲ။ ကျွန်တော်ကတော့ ဘယ်သူ့ဘယ်သူကိုမှ အပြစ်မတင်ချင်တော့ပါဘူး။

**မလွေးအမ်**

ကျွန်မကတော့ မိုင်းယုလေးကျေးရွာ စစ်ဘေးရှောင်စခန်းကနေ နမ့်ဖတ်ကာကို တက်ပြီး ပြောင်းဖူးချိုးတာပါ။ ကျွန်မတို့ပြောင်းခြံက လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးဘေးနားမှာပါ။ ပန်ဂျရှေ့ရွာနဲ့လည်း နီးပါတယ်။ ဒီဇင်ဘာ ၄ ရက်မှာ မနက်အစောကြီးပဲရှိသေးလို့ ပြောင်းဖူးမချိုးသေးဘဲ တဲထဲထိုင်နေတုန်း လက်နက်ကြီးကျလာတော့ ကျွန်မရဲ့ လက်ဖျံရိုးကို လာမှန်တယ်။ နောက်ထပ်



တိုက်ပွဲတွေ မဖြစ်ပါနဲ့တော့၊ စစ်ဖြစ်ရင်လည်း ပြည်သူတွေပဲ ထိခိုက်တယ်။ နစ်နာတယ်။

**ဒေါ်မာလု၊ ကချင်တိုင်းရင်းသူ**

ကျွန်မတို့ မိသားစု နိုဝင်ဘာ ၂၀ ရက်က နေ့လယ်စာစားဖို့ ပြင်နေတုန်း ဝုန်းခနဲကျလာပြီး အိမ်အတွင်းမှာ ပေါက်ကွဲသွားတာပဲ သိတယ်။ ကျွန်မ အဖေရယ်၊ ကျွန်မရဲ့ လေးနှစ်အရွယ် သမီးနဲ့ ကျွန်မတို့က ဒဏ်ရာတွေရပြီး အသက်နှစ်နှစ်ခြောက်လ သမီးကလေးကတော့ ဆုံးသွားတယ်။ သားသမီး သုံးယောက်ရှိတာ အခု နှစ်ယောက်ပဲကျန်တော့တယ်။ အခုဆို ကျွန်မခြေထောက်က လှုပ်လို့မရသေးဘူး။ အိမ်လည်းပြန်ချင်တယ်။ အဖေကတော့ သက်သာလို့ ပြန်သွားပြီ။ ကျွန်မတို့က ဗမာစကားသိပ်မပြောတတ်တော့ ဆေးရုံမှာနေရတာ အခက်အခဲတော့ ဖြစ်တယ်။


**(ခရိုင် ပြန်/ဆက်)**

# အမေရိကန်သမ္မတရွေးကောက်ပွဲ ဆိုက်ဘာတိုက်ခိုက်မှု ရှိ၊ မရှိ ပြန်လည်ဆန်းစစ်ရန် အိုဘားမားညွှန်ကြား

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွင်း ဆိုက်ဘာ တိုက်ခိုက်မှုများ ရှိ၊ မရှိပြန်လည်ဆန်းစစ်ရန် ညွှန်ကြားခဲ့ကြောင်း အိမ်ဖြူတော် အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်၏ စည်းရုံးလှုံ့ဆော်ရေးပွဲများ၌ နောက်ကွယ်က ကွန်ပျူတာဖောက်ထွင်းတိုက်ခိုက်မှုများဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အမေရိကန်ရွေးကောက်ပွဲအား နှောင့်ယှက်ရန် ကြိုးစားခဲ့ကြောင်း အိမ်ဖြူတော်က အောက်တိုဘာလက စွပ်စွဲခဲ့သည်။



ယင်းစွပ်စွဲချက်များကို ရုရှားအစိုးရနှင့် အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်တို့က ငြင်းပယ်ထားခဲ့ရုံသာမက စွပ်စွဲချက်များ၏ နောက်ကွယ်၌ နိုင်ငံရေးစေ့ဆော်မှုများ ပါဝင်နေကြောင်း ပြန်လည်စောဒကတက်ခဲ့သည်။

ရှာဖွေတွေ့ရှိမှုများအား ပြည်သူလူထုသို့ ချပြမည်မဟုတ်ဘဲ ထောက်လှမ်းရေး၏ ဆုံးဖြတ်ချက်များအတိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော် အကြမ်းဖက်တိုက်ဖျက်ရေးနှင့် ပြည်တွင်းလုံခြုံရေး အဆင့်မြင့်အကြံပေးတစ်ဦးဖြစ်သူ လီဆာမိုနာကိုက ပြောကြားခဲ့သည်။

စုံစမ်းရရှိမှုနှင့်ပတ်သက်ပြီး သတင်းရင်းမြစ်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ အလေးထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ထိုင်းဆင်းရဲသားများ အစိုးရဘဏ်များမှ စွန့်ကြဲငွေကြေးများရရှိမည်

**ဗန်ကောက် ဒီဇင်ဘာ ၁၀**

ဆင်းရဲမွဲတေမှု စာရင်းတွင်ဖော်ပြထားသော ထိုင်းပြည်သူခုနစ်သန်းနီးပါး နိုင်ငံတစ်ဝန်း အစိုးရဘဏ်များမှ ပေးကမ်းစွန့်ကြဲငွေကြေးများကို လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနကဖော်ပြချက်အရ တစ်နှစ်လျှင် ထိုင်းဘတ်သုံးသောင်း (အမေရိကန်ဒေါ်လာ ၈၅၇) ထက်ပိုမရရှိသူများကို ထိုင်းဘတ် ၃၀၀၀ (အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၇)၊ ထိုင်းဘတ် ၃၀၀၀၀မှ ၁၀၀၀၀၀ အောက် ကြားဝင်ငွေရှိသူများကို ဘတ် ၁၅၀၀ (အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၈)အား စွန့်ကြဲပေးကမ်းငွေကြေးများ အသီးသီးပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ထောက်ပံ့ငွေရရှိရန် ထိုင်းပြည်သူ ၈ ဒသမ ၂၇ သန်းခန့် လျှောက်ထားခဲ့ရာ ၆ ဒသမ ၉၈ သန်းသာ စွန့်ကြဲပေးကမ်းငွေ သတ်မှတ်ချက်နှင့် ကိုက်ညီကြောင်း သိရသည်။ ဝန်ကြီးချုပ် ပရာယုချန်အိုချာက အစိုးရငွေကြေး ထောက်ပံ့မှုသည် လူထုကြိုက်လူပ်ရှားမှုမဟုတ်ဘဲ ဆင်းရဲသားလူတန်းစားဘဝများ တိုးတက်စေရန်ရည်ရွယ်၍ ထောက်ပံ့ပေးရုံသက်သက်သာဖြစ်ကြောင်း ပြောခဲ့သည်။ **(ဆင်ဟွာ)**

# ဂန်ဘီယာသမ္မတ ရွေးကောက်ပွဲရှုံးနိမ့်မှုရလဒ်အား ငြင်းဆို

**ဘန်ဂျူ ဒီဇင်ဘာ ၁၀**

ဂန်ဘီယာသမ္မတ Yahya Jammeh အနေဖြင့် လွန်ခဲ့သောအပတ်ရွေးကောက်ပွဲ ရှုံးနိမ့်မှုရလဒ်အား ငြင်းဆန်ခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားက ကြေညာခဲ့သည်။

ဒီဇင်ဘာ ၁ရက်ဆန္ဒမဲရေတွက်မှုတွင် ကွဲလွဲမှုများရှိခဲ့သည်ဟု Yahya Jammeh ကပြောခဲ့သည်။ ဒီဇင်ဘာ ၁ရက်မဲရေတွက်မှုတွင် ၎င်း၏ အတိုက်အခံပြိုင်ဘက် Adama Barrow ကို မဲနိုင်သူအဖြစ်ကြေညာခဲ့သည်။

၎င်း၏ကြေညာချက်တွင် ရွေးကောက်ပွဲကော်မရှင်သည် မှားယွင်းမှုပြုလုပ်ခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးမှုများအရ ထောက်ခံသူအများစု၏မဲများကို ထုတ်ပယ်ထားသည်ကို တွေ့ခဲ့ရကြောင်း ၎င်းကပြောခဲ့သည်။ ထို့ပြင် ၎င်းကဆန္ဒမဲမှတ်ပုံတင်မှု လုပ်ထုံးလုပ်နည်းများကိုလည်း မေးခွန်းထုတ်ထားကြောင်းသိရသည်။

ယခုအချိန်သည် Yahya Jammeh အတွက် စည်းကမ်းဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်အချိန်ဖြစ်ကြောင်း၊ ဂုဏ်သိက္ခာရှိရှိ အေးချမ်းစွာဖြင့် အာဏာလွှဲပြောင်းပေးမှု ပြုလုပ်ရမည်ဖြစ်ကြောင်း ဗန်းဂတ်အာဖရိက အမှုဆောင်အရာရှိ ဂျက်ဖာရီစမစ်က ပြောခဲ့သည်။ **(ဆင်ဟွာ)**

# ကုလအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ဂူတာရက်စ် ကျမ်းသစ္စာကျိန်ဆိုမည်

**ဂျိနီဗာ ဒီဇင်ဘာ ၁၀**

ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်တိုနီယိုဂူတာရက်စ်သည် ဒီဇင်ဘာ ၁၂ ရက်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သစ်အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ၏ ပြောရေးဆိုခွင့်ရှိသူ ဒန်သောမတ်စ်က မီဒီယာများသို့ ပြောကြားခဲ့သည်။



ကျမ်းသစ္စာကျိန်ဆိုမှုကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂူတာရက်စ်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ငါးနှစ်တာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

အသက် ၆၇ နှစ်အရွယ်ရှိ ဂူတာရက်စ်သည် ၂၀၀၅ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအထိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။

ယင်းမတိုင်မီက ၎င်းသည် ပေါ်တူဂီနိုင်ငံ၌ အစိုးရဝန်ထမ်းတစ်ဦးအဖြစ် နှစ်ပေါင်း ၂၀ အကြာ အလုပ်လုပ်ကိုင်ခဲ့ဖူးသည်။ ထို့ပြင် ၁၉၉၅ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ပေါ်တူဂီနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

ဂူတာရက်စ်သည် ဘန်ကီမွန်းနေရာ၌ ဆက်ခံမည်ဖြစ်ပြီး ကိုးယောက်မြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်လာမည်ဖြစ်သည်။

**(ဆင်ဟွာ)**

# အလက်ပိုမြို့ရှိ အရပ်သား ၅၀၀၀ ခန့်ကို ဘေးကင်းရာသို့ပြောင်းရွှေ့

**အလက်ပို ဒီဇင်ဘာ ၁၀**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုရှိ သူပုန်တပ်ဖွဲ့ဝင်များထိန်းချုပ်ထားရာဒေသမှ အရပ်သား ၅၀၀၀ခန့်ကို ဘေးကင်းရာသို့ပြောင်းရွှေ့ပေးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အလက်ပိုမြို့ အရှေ့ပိုင်းသူပုန်ထိန်းချုပ်ရာဒေသရှိ အရပ်သားများကို ယင်းမြို့တောင်ပိုင်းရှိ ဂျီဘရင်ကယ်ဆယ်ရေးစခန်းသို့ပြောင်းရွှေ့ပေးခဲ့ကြောင်း အလက်ပိုသက်သာချောင်ချိရေးကော်မတီမှ အလာအက်ဒီယန်ကွက်ဆက်ကပြောသည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များသည် အလက်ပိုတစ်မြို့လုံးပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် အပြင်းအထန် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ **(ဆင်ဟွာ)**

# ဟိုက်ဒရာဘတ်မြို့ အဆောက်အအုံပြိုကျမှု သေဆုံးသူ ၁၁ ဦးရှိလာ

**နယူးဒေလီ ဒီဇင်ဘာ ၁၀**

အိန္ဒိယနိုင်ငံတောင်ပိုင်း တယ်လန်ဂါနာပြည်နယ် ဟိုက်ဒရာဘတ်မြို့တွင် နာနာခရမ်ဂူဒါအမည်ရ ဆောက်လက်စအဆောက်အအုံတစ်လုံးပြိုကျမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၁၁ ဦးအထိ မြင့်တက်လာခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်သားများက သေဆုံးသူ ခြောက်ဦး၏အလောင်းအား သောကြာနေ့ညက အဆောက်အအုံအပျက်အစီးများကြားမှ ဆွဲထုတ်ခဲ့ရကြောင်း၊ အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးအား ယင်းအပျက်အစီးများကြားမှ အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အပျက်အစီးအပိုင်းအစများကို ရှင်းလင်းမှုလုပ်ဆောင်ရန် အချိန်အတော်ယူခဲ့ရကြောင်း၊ သေဆုံးသူများမှာ ဆောက်လုပ်ရေးလုပ်သားများနှင့် ၎င်းတို့၏မိသားစုဝင်များဖြစ်ကြောင်း သိရသည်။ သေဆုံးသူအများစုမှာ ဗီဂျာယာနာဂရမ်ပြည်နယ်မှဖြစ်ကြောင်းသိရပြီး နစ်နာကြေးအဖြစ် တစ်ဦးလျှင် ရူပီး ၁၀ သိန်းစီပေးအပ်သွားမည်ဖြစ်ကြောင်း တယ်လန်ဂါနာပြည်နယ်အစိုးရက ပြောခဲ့သည်။

ယင်းအဆောက်အအုံပြိုကျမှုကြောင့် အစိုးရက မြို့တော်စီမံကိန်းလက်ထောက်အရာရှိနှင့် အစိုးရကော်မရှင်အဖွဲ့ဝင်တစ်ဦးအား ရာထူးမှရပ်နားလိုက်ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# ဒုတိယအကြိမ် လူ့အခွင့်အရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

လူ့အခွင့်အရေးနေ့သည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုကြောင်း ထုတ်ပြန်ကြေညာခဲ့သည့် ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် သတ်မှတ်ခဲ့ခြင်းဖြစ်ကာ စာတမ်းတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးက လူသားအားလုံးအကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည့် အခြေခံလူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့် 'စံ' များ ပါရှိကြောင်း ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပန်ဒါဟိုတယ်၌ကျင်းပသည့် လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားမှ သိရသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြကက "လူသားတွေအနေနဲ့ မိမိတို့ရဲ့ ကိုယ်ကျိုးကိုသာမကြည့်ဘဲ လူသားအားလုံးအကျိုး၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအကျိုး၊ မိမိတို့ရဲ့ အခွင့်အရေးသာမကဘဲ တစ်ပါးသူတွေရဲ့ အခွင့်အရေးအတွက် ရပ်တည်ရှေးရှုဆောင်ရွက်ခြင်းသည် လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းနဲ့ လူ့အခွင့်အရေးအတွက် ဝိုင်းဝန်းရပ်တည်ဆောင်ရွက်ပေးရာရောက်ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "လူ့အခွင့်အရေး ရှင်သန်ရပ်တည်ဖို့နဲ့ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ လွတ်လပ်ခွင့်သည် အခြားလူတစ်ယောက်ရဲ့လွတ်လပ်ခွင့်ကို မထိပါးဖို့လိုအပ်ပါတယ်။ ဒါမှသာ မိမိတို့နိုင်ငံဟာ လူ့အခွင့်အရေး ရှင်သန်တဲ့နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ စီနီယာလူ့အခွင့်အရေး အရာရှိ မစ္စတာ အင်ဒရူးမက်ရေဂါက "လူ့အခွင့်အရေးအတွက်ဆောင်ရွက်မယ်ဆိုရင် စိန်ခေါ်မှုတွေအများကြီးရှိပါတယ်၊ မိမိတို့အဖွဲ့အစည်းအနေနဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအားလုံး လူ့အခွင့်အရေးတွေ ခံစားနိုင်ဖို့ ရရှိဖို့အတွက်ကို ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။

အခမ်းအနားတွင် လူ့အခွင့်အရေး အထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ယခုနှစ် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးနေ့ဆောင်ပုဒ်သည် "တစ်ပါးသူ အခွင့်အရေး ရပ်တည်ပေး" (Stand up for someone's rights today) ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေငြာစာတမ်းအတည်ပြုရန် မဲခွဲသည့်နေရာတွင် ထောက်ခံမဲပေးခဲ့ပြီး လူ့အခွင့်အရေးတွင် အဓိကကျသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ အခမ်းအနားများကို ကျင်းပကြပြီး မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းပြီးနောက် ယခုအခမ်းအနားကို ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း -မြတ်စန္ဒီ၊ ဓာတ်ပုံ - လှမိုး**

# လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာ ဝိုင်အမ်စီအေနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသမှ Impulse NGO Network အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း အစိုးရဌာနများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် ရည်ရွယ်၍ လူထုအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စနစ်တစ်ခုပေါ်ပေါက်လာစေရေးအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးသောသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မင်းကြီးဟိုတယ်၌ ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပခဲ့သည်။

ယင်းသင်တန်းဖွင့်ပွဲတွင် မြန်မာဝိုင်အမ်စီအေမှ စီမံကိန်းမန်နေဂျာ ဦးစောခူက သင်တန်းနှင့်ပတ်သက်၍ လည်းကောင်း၊ Impulse လူကုန်ကူးမှုဆိုင်ရာ သတင်းအချက်အလက်ပေးစင်တာ (ICIC)အကြောင်းကို Impulse NGO Network ဘုတ်အဖွဲ့ဥက္ကဋ္ဌ Ms. Hasina Kharbhih နှင့် စစ်ကိုင်းတိုင်း ဒေသကြီး အမှတ် (၁၄) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ရဲမှူးခင်မောင်ကြွယ်က လူကုန်ကူးမှုတားဆီးရေးနှင့် ပတ်သက်ပြီး အသီးသီးပြောကြားသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးသောသင်တန်းသို့ သင်တန်းသား ၆၀ တက်ရောက်ပြီး သတင်းနှင့်မီဒီယာ အဖွဲ့အစည်းများအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သတင်းရေးသားခြင်းများအတွက် စွမ်းရည်မြှင့်သင်တန်းကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ သင်တန်းသား ၅၀ အား သင်ကြားပို့ချသွားရန် စီစဉ်ထားပါသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေကြသော အစိုးရဌာန၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများနှင့် မီဒီယာအဖွဲ့အစည်းများ ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်နိုင်သည့် ကွန်ရက်တစ်ခုကို ဖော်ဆောင်နိုင်စေရန်အတွက် လှုပ်ရှားမှုများအနေဖြင့် လူကုန်ကူးမှုဆိုင်ရာ သတင်းအချက်အလက်ပေးစင်တာ ဖွင့်လှစ်ခြင်း၊ လက်တွဲဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းမီဒီယာအဖွဲ့အစည်းများအတွက် စွမ်းရည်မြှင့်သင်တန်းနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် သတင်းအချက်အလက် မှတ်တမ်းတင်ဖလှယ်နိုင်သော Online Software ကို အသုံးပြုနိုင်ရန် သင်တန်းများပို့ချပေးခြင်း စသည့်လှုပ်ရှားမှုများကို ၂၀၁၃ ခုနှစ်မှစတင်ကာ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၁၆ ခုနှစ်တွင် ထပ်မံ၍ သုံးနှစ်တာစီမံကိန်းကို ဆက်လက်တိုးချဲ့ ဆောင်ရွက်ခြင်းဖြစ်သည်။

**ကိုလတ်(သတင်းစဉ်)**



လူထုအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စနစ်တစ်ခုပေါ်ပေါက်လာစေရေးအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးသောသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင်ဖွင့်လှစ်ရာ သင်တန်းဆရာများနှင့် သင်တန်းသားများမှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်

**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက သာယာဝတီမြို့ ရာပြည့်လမ်းရှိ အဆိုပါတရားရုံး အဆောက်အအုံသစ်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ ဖွင့်လှစ်ပေးစဉ်**

သန့်ဇင်(ပဲခူး)



# ဒုတိယအကြိမ် ဒီဇင်ဘာလူထုအားကစားလမ်းလျှောက်ပွဲကျင်းပ

**တနိုင်း ဒီဇင်ဘာ ၁၀**

"ကျန်းမာခြင်းသည် လာဘ်တစ်ပါး" "ကျန်းမာမှုချမ်းသာရ" ဟူသော ဆောင် ပုဒ်နှင့်အညီ ကချင်ပြည်နယ် တနိုင်း မြို့နယ်၌ ဒုတိယအကြိမ် ဒီဇင်ဘာလူထု လမ်းလျှောက်ပွဲကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ စုပေါင်း၍ ယနေ့နံနက် ၅ နာရီခွဲ တွင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ရှေ့မှ စထွက်ကာ ပန်ဆောင် - တနိုင်း- မြစ်ကြီးနား လီဒိုလမ်းမကြီးအတိုင်း လမ်းလျှောက်ပြီး ကင်ဆားရာရပ်ကွက် မူလွန်တပ်နယ်ကျောင်းအထိ လမ်း လျှောက်ကာ အဆိုပါကျောင်းအားကစား ကွင်းအတွင်း၌ ကိုယ်ကာယလေ့ကျင့် ခန်းနှင့် ကိုယ်လက်လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါလမ်းလျှောက်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့နယ်မီးသတ်၊ ကြက်ခြေနီ၊ အမျိုး သမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၄၀၀ ကျော်ခန့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ခရီးသည်တင်မှန်လုံယာဉ်များ အန္တရာယ်မဖြစ်ရေး စလင်း၌ဆွေးနွေး

**စလင်း ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့နယ်မှူးရုံးစည်းဝေးခန်းမ၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက စလင်း၊ ဆင်ဖြူကျွန်းမြို့ပေါ်ရှိ ခရီးသည်တင်မှန်လုံယာဉ်ပိုင်ရှင်များနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ မှန်လုံယာဉ်ခရီးသည်များ အန္တရာယ်မဖြစ်စေရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်မှူး ရဲမှူးငွေတင်က ယခုအခါ စလင်း၊ ဆင်ဖြူကျွန်းတွင် ခရီးသည်တင်မှန်လုံယာဉ်ငယ်များ နေ့စဉ် စလင်း - မင်းဘူး - မကွေးမြို့များသို့ နံနက် ၄ နာရီမှစ၍ တစ်နာရီလျှင်တစ်စီး ခရီးသည်များတင်ဆောင်၍ သယ်ယူပို့ဆောင်နေကြောင်းနှင့် အချို့မှန်လုံယာဉ်ငယ်များမှာ သတ်မှတ်လူဦးရေထက်ပိုမိုတင်ဆောင်ခြင်း၊ ကားခေါင်မိုးပေါ်တွင်လိုက်ပါစီးနင်းခြင်း၊ ကားမောင်းနေစဉ် ကားတံခါးဖွင့်ထားခြင်း၊ လူတွယ်စီးခြင်းများပြုလုပ်နေသည်ကိုတွေ့ရှိရ၍ ထိုလုပ်ရပ်များသည် ခရီးသည်များ၏ အသက်အန္တရာယ်ကိုထိခိုက်နိုင်၍ သတ်မှတ်ဦးရေအပြင် လူဦးရေပိုမိုတင်ဆောင်ခြင်းမပြုလုပ်ကြရန်၊ လိုက်နာမှုမရှိပါက မော်တော်ယာဉ်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား၍ တက်ရောက်လာသောယာဉ်ပိုင်ရှင်များအား ယာဉ်အန္တရာယ်ပညာပေးအစီအစဉ်များကို ပရိုဂျက်တာဖြင့်ပြသပြီး မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

**အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။**

# အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရန် လက်တွေ့သရုပ်ပြ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော် ပျဉ်းမနားမြို့နယ် ဘောဂသီရိယာဉ်ရပ်နားစခန်းအတွင်းရှိ အဝေးပြေးခရီးသည်တင်မော်တော်ယာဉ်များ၏ ယာဉ်မောင်းနှင်သူများနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရန် အပါအဝင် ယာဉ်အန္တရာယ်ကင်းဝေးရေး စစ်ဆေးပညာပေးမှုများကို တာဝန်ရှိအဖွဲ့အစည်းများပူးပေါင်း၍ ဒီဇင်ဘာ ၉ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အသက်ကယ်ထိုင်ခုံခါးပတ်အသုံးပြု**

နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် နေပြည်တော် မ.ထ.သ(အဝေးပြေး)တို့မှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ဘောဂသီရိယာဉ်ရပ်နားစခန်းအတွင်းရှိ အဝေးပြေးခရီးသည်တင်မော်တော်ယာဉ်များမှ ယာဉ်မောင်းသူနှင့် ခရီးသည်များအား အသက်ကယ်ထိုင်ခုံခါးပတ် လက်တွေ့အသုံးပြုပုံ၊ ယာဉ်မတော်တဆမှုဖြစ်ပွားပြီး ယာဉ်အတွင်း၌ပိတ်မိနေလျှင် ယာဉ်အပြင်သို့ထွက်ခွာနိုင်ရန် အရေးပေါ်မှန်ခွဲကိရိယာအသုံးပြုပုံများကို သရုပ်ပြ၍ အသိပညာပေးကာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေးဟောပြောပွဲများလည်း ပြုလုပ်ခဲ့သည်။ ထို့အတူ ယာဉ်မောင်းသူများ အရက်သေစာသောက်စားလာမှုရှိ/မရှိကို အယ်လ်ကိုဟောတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူး ထားရှိမှု စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဥပဒေနှင့်အညီ အရေးယူမည်**

"အသက်ကယ်ထိုင်ခုံ ခါးပတ်များကို "ဖြ" အက္ခရာနှင့်အထက် လူစီးယာဉ်များအားလုံး တပ်ဆင်ပါရှိရမှာပါ။ အကယ်၍ "ဖြ"အက္ခရာအောက်ယာဉ်ဖြစ်သော်လည်း ၁၉၉၅ ခုနှစ်အထက် ထုတ်လုပ်သည့်ယာဉ်များဖြစ်ပါက မူလစက်ရုံထုတ်ပုံစံဖြင့် ပါရှိသည့်အတိုင်း အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) တပ်ဆင်ပါရှိရပါမယ်။ Pick up၊ Light Truck၊ Truck၊ City Bus ယာဉ်များတွင် ယာဉ်မောင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် (Driver Seat Belt) မဖြစ်မနေ တပ်ဆင်ပါရှိရမှာဖြစ်သလို ကျောင်းသားများအား သယ်ယူပို့ဆောင်တဲ့ ကျောင်းသုံးယာဉ်(School Bus)နဲ့ အဝေးပြေးခရီးသည် ပို့ဆောင်ရေးယာဉ်(Express Bus) များအားလုံး ယာဉ်မောင်းနှင့် စီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ပြည့်စုံစွာတပ်ဆင်ရပါမယ်။ မော်တော်ယာဉ်မောင်းနဲ့ စီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မောင်းနှင်ခြင်း၊ စီးနင်းခြင်းများ ပြုလုပ်ကြရန် ပညာပေးကာလက နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိဖြစ်ပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှစ၍ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုခြင်းမရှိသူများအား ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တာဝန်ခံအင်ဂျင်နီယာ ဦးကံဟိန်းက ပြောသည်။

**တစ်နိုင်ငံလုံး အသိပညာပေး**

၂၀၁၅ ဇန်နဝါရီမှ ဒီဇင်ဘာအတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် မော်တော်ယာဉ်ကြောင့် ဖြစ်ပွားသော ယာဉ်တိုက်မှုများကြောင့် သေဆုံးသူ ၂၁၅၉ ဦးရှိခဲ့ပြီး ထိုသို့သေဆုံးမှုများတွင် အများစုမှာ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုခြင်းမရှိကြောင်း စိစစ်တွေ့ရသဖြင့် ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ်ပတ်၍ စီးနင်းရေးလုပ်ငန်းစဉ်များကိုချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် လူထိခိုက်ဒဏ်ရာရမှုနှင့် အသက်သေဆုံးမှု လျော့နည်းစေရေးအတွက် မော်တော်ယာဉ်မောင်းနှင်သူများနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ် ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုစီးနင်းရေးလုပ်ငန်းစဉ်ကို လက်ရှိအချိန်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲရဲ (ပျဉ်းမနား)**



# အသက်မွေးဝမ်းကျောင်းနှင့် ဘဝတွက်တာကျွမ်းကျင်မှုသင်တန်းဆင်းပွဲကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၁၀**

ထားဝယ်မြို့ ဆန်းချီရပ်ရှိ NRC စင်တာ၌ NRC Education Programme ၏ အသက်မွေးဝမ်းကျောင်းနှင့် ဘဝတွက်တာကျွမ်းကျင်မှုသင်တန်း အပတ်စဉ်(၃) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး NRC Education Programme မှ Development Manager Mr. Fabio Mancini u NRC လူငယ်ပညာရေးအစီအစဉ်၏ အသက်မွေးဝမ်းကျောင်းနှင့် ဘဝတွက်တာကျွမ်းကျင်မှုသင်တန်း အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် NRC Education Programme မှ တာဝန်ရှိသူများက လူငယ်မောင်မယ်စက်ချုပ်အဖွဲ့နှင့် လူငယ်မောင်မယ်စက်ပြင်အဖွဲ့များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ NRC အသက်မွေးဝမ်းကျောင်းနှင့် ဘဝတွက်တာကျွမ်းကျင်မှုသင်တန်းကို သင်တန်းကာလ သုံးလကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး စက်ပြင်သင်တန်းတွင် သင်တန်းသား ၄၉ ဦး၊ စက်ချုပ် သင်တန်းတွင် သင်တန်းသူ ၄၆ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# အလိုတော်ပြည့်ထီးတော်ကြီး ကျောက်ပန်းတောင်းမြို့၌ အပူဇော်ခံ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၀**

ပုဂံညောင်ဦးမြို့ရှိ အလိုတော်ပြည့် စေတီတော်ကြီးတွင် တင်လှူပူဇော်မည့် ရွှေချိန်ငါးပိဿာကျော်ဖြင့် ပြုလုပ်ထားသော ရွှေထီးတော်ကြီးကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ အောင်မြေရတနာစာသင်တိုက်ကြီး၌ ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက် နှစ်ညတာ ထားရှိအပူဇော်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ အလိုတော်ပြည့်ဘုရား ရွှေထီးတော်ကြီးကို အလိုတော်ပြည့်ကျောင်းဆရာတော်ကြီးက ဦးဆောင်၍ တပည့်ဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းမှုဖြင့် ရွှေချိန်ငါးပိဿာကျော်ဖြင့် ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထီးတော်ကြီးကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မိတ္ထီလာမြို့များတွင် လှည့်လည်အပူဇော်ခံခဲ့ပြီး ဒီဇင်ဘာ ၉ ရက်တွင် ကျောက်ပန်းတောင်းမြို့သို့ ရောက်ရှိလာခဲ့ကာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန်နှင့် ကုသိုလ်ပါဝင် လှူဒါန်းနိုင်ရန်အတွက် ရွှေထီးတော်ကြီးအား ပုဂံညောင်ဦးမြို့သို့ မပင့်ဆောင်မီ ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာမြို့များနှင့် ကျောက်ပန်းတောင်းမြို့သို့ လှည့်လည်အပူဇော်ခံခြင်းဖြစ်ကြောင်း သိရသည်။

ထီးတော်ကြီးကို ကျောက်ပန်းတောင်းမြို့မှ ဒီဇင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီတွင် ညောင်ဦးမြို့သို့ပင့်ဆောင်ခဲ့ပြီး ပုဂံညောင်ဦးမြို့ရှိ အလိုတော်ပြည့်စေတီတော်၌ ဒီဇင်ဘာ ၁၃ ရက်တွင် တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



**တပ်မတော်ဆရာဝန်ကြီးများ ကြီးကြပ်သော အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ဝင်များက ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းမှ ပြည်သူများအား အထွေထွေရောဂါ၊ မျက်စိနှင့်အရိုးရောဂါများကို ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၅)ရပ်ကွက်ရှိ မြို့လယ် ဓမ္မာရုံ၌ အခြေပြု၍ ဒီဇင်ဘာ ၉ ရက်က အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးစဉ်။**
(မြို့နယ် ပြန်/ဆက်)






# ကျောက်ခွက် - လက်ပံတို ရေနံပိုက်လိုင်းယိုစိမ့်မှုဖြစ်ပွား

**ပခုက္ကူ ဒီဇင်ဘာ ၁၀**

ပခုက္ကူမြို့နယ် ကမ္မမြို့ အမှတ်(၂) ရပ်ကွက်နေ ဦးသန်းဌေး၏ နေအိမ်ဝိုင်းအတွင်း၌ ဒီဇင်ဘာ ၉ ရက် နံနက် ၅ နာရီ မိနစ် ၄၀ ခန့်က ကျောက်ခွက်-လက်ပံတို ရေနံမြေမှ အရာတော်ရေနံမြေသို့ ပို့လွှတ်သော ရှစ်လက်မရေနံပိုက်လိုင်းပေါက်ပြီး ယိုစိမ့်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ရေနံပိုက်လိုင်း ယိုစိမ့်မှုဖြစ်ပွားရာသို့ ကမ္မမြို့အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်နှင့် တာဝန်ရှိသူများက လုံခြုံရေးနှင့် ပိုက်လိုင်းဖာထေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပိုက်လိုင်းယိုစိမ့်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းနှင့် နံနက် ၁၀ နာရီခွဲတွင် ပြုပြင်ဖာထေးပြီးစီးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ဖါးမြို့၌ ကလေးငယ်တစ်ဦး ဆိုင်ကယ်တိုက်မိ၍ သေဆုံး

**ဖါး ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဖါးမြို့နယ် ကျောင်းတွင်းရပ်ကွက် မကျီးစုရပ်၌ ဒီဇင်ဘာ ၈ ရက် ညနေ ၅ နာရီခွဲခန့်က ကလေးငယ်တစ်ဦး လမ်းဖြတ်ကူးစဉ် ဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖါးမြို့ မကျီးစုရပ် အနော်ရထာလမ်းတွင် ဆိုင်ကယ်မောင်းသူ မောင်ဝေယံဖြိုး (၁၉ နှစ်) ကျောင်းတွင်းရပ်ကွက်နေသူသည် မြို့မရပ်ကွက်မှ ကျောင်းတွင်းရပ်ကွက်ဘက်သို့ မော်တော်ဆိုင်ကယ်အား အရှိန်ဖြင့် မဆင်မခြင်မောင်းနှင်လာခြင်းကြောင့် လမ်းဖြတ်ကူးနေသည့် မမေတွယ်တာ (၈ နှစ်) ဒုတိယတန်းကျောင်းသူ(အထက-ဖါး) မကျီးစုရပ် ကျောင်းတွင်းရပ်ကွက် ဖါးမြို့နေသူအား ဝင်ရောက်တိုက်မိ၍ ဒဏ်ရာများရရှိသဖြင့် ဖါးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူခဲ့ရာ ဒဏ်ရာပြင်းထန်သည့်အတွက် မကွေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းဆေးကုသမှုခံယူနေရာမှ ဒီဇင်ဘာ ၈ ရက် ည ၉ နာရီ မိနစ် ၂၀ ခန့်တွင် သေဆုံးသွားခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်သူ ဝေယံဖြိုး အား အမှုဖွင့်စစ်ဆေးအရေးယူထားကြောင်း သိရသည်။ **သန်းနိုင်ဦး(ဖါး)**

# တရားမဝင်ကျွန်းတံခါးရွက်များ သယ်ဆောင်လာသူများအား သထုံသစ်တောနှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်းဖမ်းဆီး

**သထုံ ဒီဇင်ဘာ ၁၀**



မွန်ပြည်နယ် သထုံမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သိန်းထွန်းလှအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်စံလွင်နှင့် ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ပထမပတ်က ရန်ကုန်-မော်လမြိုင်ကားလမ်း၌ သွားရောက်စောင့်ဆိုင်းနေစဉ် နောင်ကုလားကျေးရွာ ဘုရားလေးတိုက်ကျောင်း မုခ်ဦးအနီး ရန်ကုန်ဘက်မှ မော်လမြိုင်ဘက်သို့ သထုံမြို့ နန်းခဲရပ်ကွက်နေ ကုလားကြီး(ခ)သက်စိုးဝေ(၂၉ နှစ်)မောင်းနှင်ပြီး လိပ်အင်းရပ်ကွက်နေ မောင်ဇော် (၃၂ နှစ်)နှင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်နေ အောင်မိုး (၃၉နှစ်)တို့လိုက်ပါလာသည့် 5F/---- တိုယိုတာယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ တရားမဝင် ကျွန်းတံခါးရွက် ဆိုက်စုံ ၁၄၉ ချပ် (၁ ဒသမ ၆၂၂၄ )တန် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၉၄၆၈၀၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ ကုလားကြီး(ခ)သက်စိုးဝေးပါ သုံးဦးတို့အား သထုံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# သာကေတနှင့် ဘားအံမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



စောစိုးသူ၊ မျိုးဇော်နှင့် ခွန်ကွမ်းတို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက်က ဘားအံမြို့ ကရင်ကော့ကျိုက်အုပ်စု ကရင်ကော့ကျိုက်ကျေးရွာရှိ စောစိုးသူ၏ အုတ်ဖိုအတွင်းမှ ၎င်းမောင်းနှင်လာသည့် ပါဂျဲရိုးယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ အလားတူ ကော့ကျိုက်ကျေးရွာအုပ်စု သီရိမင်္ဂလာရွာအဝင်၌ မျိုးဇော်မောင်းနှင်ပြီး ခွန်ကွမ်းလိုက်ပါလာသည့် ဟွန်ဒါဖစ်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်း၌ ဇင်ညီညီလွင် မောင်းနှင်ပြီး ချစ်ကိုကိုနှင့် မြတ်ကျော်အောင်တို့ လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀ သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချသူ ရဲမင်းသူ၏ မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅၀ ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အင်းတော်မြို့နယ်၌ ဆိုင်ကယ်နှင့်ကား တိုက်မှုဖြစ်

**မော်လူး ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ စီးမော်ကျေးရွာအုပ်စု စီပိန်းကျေးရွာ နန့်ဒရန့်ချောင်းကူးတံတားအနီး၌ ဒီဇင်ဘာ ၉ ရက် ညနေ ၆ နာရီခန့်က ဆိုင်ကယ်နှင့်ကား တိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ရွှေဘိုဘက်မှ မြစ်ကြီးနားဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် YGN/CC---- ယာဉ်သည် ရှေ့မှဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ဆိုင်ကယ်မောင်းနှင်သူမှာ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိသဖြင့် မော်လူးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအား မော်လူးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝ၆၉)


**ရန်ကုန်စက်မှုတက္ကသိုလ်**
**(၁၉၉၃-၂၀၀၀) ခုနှစ် ဘာသာရပ်ပေါင်းစုံ**
**ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့်**
**စတုတ္ထအကြိမ် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားခြင်း**

**ကျင်းပမည့်ရက်** - ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့)
**ကျင်းပမည့်အချိန်** - ညနေ ၅း၀၀နာရီမှ ည ၁၀း၀၀နာရီထိ
**ကျင်းပမည့်နေရာ** - MCC ခန်းမ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
**ဆက်သွယ်ရန်**
(၁) ကိုဇော်မင်းဦး ဖုန်း-၀၉-၄၂၀၀၁၂၁၂၄၊ (၂) ကိုနေလင်း ဖုန်း-၀၉-၅၀၂၂၂၂၀၊
(၃) ကိုမင်းမင်းသန့် ဖုန်း-၀၉-၅၀၈၇၃၅၃၊ (၄) ကိုသန့်ဇင်အောင် ဖုန်း-၀၉-၅၁၂၂၀၂၅၊
(၅) မလင်းလင်း ဖုန်း-၀၉-၅၀၀၀၈၀၆၊ (၆) မခိုင်ခိုင်ဦး ဖုန်း-၀၉-၅၁၄၃၁၉၂
Facebook.com/Y.I.T Social Network (1993-2000)
**(သီးခြားဖိတ်စာမပို့ပါ)**



**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**
**အမှတ် ၅၂/၆၆၊ ပိုလ်တထောင်ဘုရားလမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် ၀၄/၂၀၁၆-၂၀၁၇ (၂၁-၁၂-၂၀၁၆)**
**အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် ရောင်းဝယ်ရေးဌာနမှ ကျွန်းသစ်လုံး/ ကျွန်းတိုင်/ကျွန်းမျှောများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်** - ၂၁-၁၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)
(ခ) **ရောင်းချမည့်အချိန်** - မွန်းလွဲ ၁း၃၀ နာရီ
(ဂ) **ရောင်းချမည့်သစ်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး၊ (၃၀၀၃)လုံး၊ ၂၁၀၄.၆၅၄တန်
- ကျွန်းတိုင်/ကျွန်းမျှော၊ (၃၂၈၀)လုံး၊ ၇၀.၅၆၄တန်
(ဃ) **ရောင်းချမည့်နေရာ** - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန (ရုံးချုပ်)၊ မြန်မာ့သစ်လုပ်ငန်း၊ အမှတ် ၇၂/၇၄ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၀၁၀၇၃၅၊ ၀၉-၄၃၂၀၂၅၄၄၊ ၀၉-၄၅၀၀၂၅၉၃၁ နှင့် ၀၉-၇၉၉၅၇၄၀၃၉ တို့သို့ စုံစမ်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**



**အောင်ပါခေ**
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊ ဂိုဒေါင်၊
ဌာနဆိုင်ရာရုံးခန်းများပြောင်းရွှေ့လိုပါက
၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်အလုပ်သမားများအပါ
စိတ်တိုင်းကျ ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)
၀၉ ၂၅၃၂၆၆၆၆၅၊ ၀၉ ၂၅၀၅၅၄၇၉၃၊ ၀၉ ၂၅၆ ၂၆၃ ၂၆၄



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ကန်လမ်း (သီရိလမ်းသွယ်)၊ အမှတ်(၂၄) ဟုခေါ်တွင်သောမြေကွက် (မြေတိုင်းရပ်ကွက်အမှတ် ၁၀(F)၊ ဦးပိုင်အမှတ်-၁၆(က)၊ ဧရိယာ ၀ ဒသမ ၁၀ ဧက မြေပိုင်မြေ၊ လ/န-၃၉၊ ဦးထွန်းဝေအမည်ပေါက်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေကွက်၏ အနောက်ဘက်အခြမ်း၊ ဧရိယာပေ(၂၀×၆၀)ရှိသော မြေကွက်ကို ပိုင်ရှင်များဖြစ်သော ဒေါ်အေးကေသီကျော် ၁၂/အစန(နိုင်)၁၇၃၁၅၅ နှင့် ဦးဇင်လင်းထက် ၁၂/အစန(နိုင်)၁၈၇၃၆၉တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုမာသင်း ၅/မမန(နိုင်)၀၇၂၄၆၈ က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးအပ်ထားပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ပိုင်ရေးပိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ- ဦးကံမြင့်၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၃၃/၁၉၈၅)**
**ဒေါ်ယုယုထွန်း၊ အထက်တန်းရှေ့နေ (စဉ်-၂၅၈၂၉)**
**ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံး၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၅၀၉၂၄၉၂**




# ၂၀၁၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်




**မန္တလေး ဒီဇင်ဘာ ၁၀**

၂၀၁၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲက မန္တလေး ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၇၃ လမ်းဆုံ မင်္ဂလာတံတားထိပ်စုရပ်နေရာတွင် ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ ဦးဆောင်၍ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီးအဆင့်၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ပေါ်မှ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ပညာရေးကောလိပ်၊ အား/ကာသိပ္ပံ၊ မြန်မာဘောလုံးအကယ်ဒမီကျောင်း၊ သားဖွားနှင့်သူနာပြုတက္ကသိုလ်၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် စည်ပင်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ အဖွဲ့အစည်းဝင်များ၊ မန္တလေးမြို့တော်မှ မိဘပြည်သူများ စုစုပေါင်းအင်အား ၁၂၀၀၀ ကျော်တို့သည် သတ်မှတ်စုရပ်နေရာတွင် ရောက်ရှိကြပြီး တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများသည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း အရှေ့ဘက် ၆၆ လမ်းအထိ၊ ထိုမှ ၆၆ လမ်းအတိုင်း လမ်း ၃၀၊ ၇၁ လမ်းနှင့် လမ်း ၇၀ ကြားရှိ ဗထူးအားကစားခန်းမဝင်ပေါက်မှ တစ်ဆင့် ဗထူးကွင်းအတွင်းသို့ စုပေါင်းလမ်းလျှောက်ပွဲ ပျော်ရွှင်စွာဆင်နွှဲကြပြီး ဒီဇင်ဘာလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများသည် ဗထူးအားကစားကွင်းတွင် စုပေါင်းကိုယ်ကာယကြံ့ခိုင်မှုအတွဲ (၁)၊ (၂) လေ့ကျင့်ခန်းတို့ကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ၏ ဦးဆောင်မှု၊ ရန်ကုန်တိုင်း ကရာတေးဒိုဆပ်ကော်မတီ၏ ကြီးကြပ်မှုတို့ဖြင့် ဒုတိယအကြိမ် TAKUYA TAMYAMA CUP ကရာတေးဒိုပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် သက်တန်းအလိုက်အမျိုးသမီး 'ခတ'၊ ၄၇ ကီလိုနှင့်အောက် 'ကုမိတဲ့'၊ ၄၇ ကီလိုအထက် 'ကုမိတဲ့'၊ ၄၈ ကီလိုနှင့်အောက်'ကုမိတဲ့'၊ ၅၃ ကီလိုနှင့်အောက်၊ ၅၃ ကီလိုနှင့်အထက်၊ 'ကုမိတဲ့'နှင့်အမျိုးသားတစ်ဦးချင်း'ခတ'၊ ၅၂ ကီလိုနှင့်အောက်၊ ၅၇ ကီလိုနှင့်အောက်၊ ၅၇ ကီလိုနှင့်အထက်၊ ၅၅ ကီလိုနှင့်အောက်၊ ၆၁ ကီလိုနှင့်အောက်၊ ၆၁ ကီလိုနှင့်အထက်၊ 'ကုမိတဲ့'တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ ကရာတေးဒိုကလပ်အသင်းများမှ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်ပုံစံများကို ပေးပို့ကြရန်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနဖုန်း ၀၁-၈၅၆၄၄၈၉၊ ၀၁-၈၅၀၀၈၄၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## ◆ကျောဖုံးမှ

တူးတူးနဲ့တစ်ပွဲ၊ လက်ရှိချန်ပီယံ ထွန်းထွန်းမင်းနဲ့ တစ်ပွဲသရေရလဒ်ကို ပိုင်ဆိုင်ထားပါတယ်။ ထွန်းထွန်းမင်းနဲ့ ယခုတစ်ကြိမ်မှာ ပရိသတ်များ၏ မျှော်လင့်ချက်အတိုင်း ချန်ပီယံဘွဲ့ကို အကောင်းဆုံးထိန်းသိမ်းသွားမှာပါ" ဟု ဒွေလက်ဒပ်က ပြော သည်။

အဆိုပါ ပြိုင်ပွဲတွင် ပြည်တွင်းငါးချီစိန်ခေါ်ပွဲ ခြောက်ပွဲနှင့် ပြည်ပစိန်ခေါ်ပွဲ ငါးချီစိန်ခေါ်ပွဲ၌ ကမ္ဘာ့မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံဖျံသွေးနှင့် မွေထိုင်းချန်ပီယံ နျူကလီးယားဟာဒီ(အီရန်)၊ အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့် မွေထိုင်းချန်ပီယံ ဒွေလက်ဒပ်(ကနေဒါ) တို့ဖြစ်ပြီး အမျိုးသမီးလေးချီစိန်ခေါ် ပွဲတွင် တနင်္သာရီတိုင်းလက်ရွေးစင် ရွှေစင်မင်းနှင့် ဂျပန်နပန်းလက်ရွေးစင် မိုမိုကို(ဂျပန်) ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

## ❂ ကျောဖုံးမှ

တခြားပရီမီယာလိဂ်ပွဲစဉ်ရလဒ်များအဖြစ် အာဆင်နယ်က စတုတ်စီးတီးကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသည်။ စတုတ်စီးတီးအတွက် ဦးဆောင်ဂိုးကို ၂၉ မိနစ်တွင် ချာလီအဒမ်က ပယ်နယ်တီမှ သွင်းယူခဲ့သည်။ အာဆင်နယ်အတွက် အနိုင်ဂိုးများကို ၄၂ မိနစ်တွင် ဝဲလ်ကော့၊ မိနစ် ၅၀ တွင် အိုဇေးလ်၊ ၇၅ မိနစ်တွင် အိုင်ဝိုဘီ **(အောက်ပုံ)** တို့က သွင်းယူခဲ့သည်။ ဘန်လေက ဘုန်းမောက်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟားလ်စီးတီးနှင့် ပဲလေ့စ်တို့ တစ်ဖက်သုံးဂိုးစီ သရေကျပြီး ဆွမ်ဆီးက ဆန်းဒါးလန်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။



# ၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ စတင်



**သစ္စာ အားမာန် အသင်းနှင့် ဂန္ဓမာ အသင်း ယှဉ်ပြိုင်နေစဉ်**
ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ (KBZ Bank Myanmar Women League) ဖွင့်ပွဲအခမ်းအနားနှင့် ပထမနေ့ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့သည်။ အခမ်းအနားကို အမျိုးသမီးဘောလုံးလိဂ်ကော်မတီဥက္ကဋ္ဌ ဦးလှငွေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီမှ တာဝန်ရှိသူများ၊ KBZ Group of Companies မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ပြိုင်ပွဲ ပထမဆုံးပွဲအဖြစ် ဂန္ဓမာအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဖက်အသင်းသားများအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်သည်။

အဖွင့်ပွဲတွင် သစ္စာအားမာန်အသင်းက ဂန္ဓမာအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲကို အသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် သစ္စာအားမာန်၊ ဂန္ဓမာ၊ မြဝတီ၊ ဇွဲကပင်၊ အား/ကာသိပ္ပံ၊ အားကစားနှင့် ကျန်းမာရေး၊ ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ခဲ့သည်။ ဇွဲကပင်အသင်းမှလွဲ၍ကျန်အသင်းများမှာ ဝန်ကြီးဌာနအသင်းများဖြစ်ကာ ပွဲစဉ်(၁)အပြီးတွင် ခေတ္တရပ်နားမည်ဖြစ်သည်။ ပွဲစဉ်(၁) ဒုတိယနေ့အဖြစ် ဒီဇင်ဘာ ၁၁ ရက် ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် မြဝတီအသင်းယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း**

**မြေညီတိုက်ခန်း ရောင်းမည်**
သာကေတ၊ ဒေါပုံမြို့နယ်၊စာတိုက်လမ်း၊ ဗန္ဓုလတံတားအဆင်း၊ နှစ်လမ်းကျော်၊ အရှေ့လှည့် ပေ (၁၂×၅၀) ကွေ့ပြားခင်းပြီး။
**သိန်း ၃၀၀ အမြင့် ၉ ပေ**
**ဖုန်း-၀၉-၇၈၇၀၀၇၀၀၉**

**အမည်ပြောင်း**
ပုသိမ်မြို့နေ ဦးဇော်ဦး ၁၄/ပသန(နိုင်) ၀၁၈၂၉၆ နှင့် ဒေါ်ထွေးထွေး(ခ) ဒေါ်မြင့်မြင့် BSNW ၀၃၃၃၄တို့၏ သမီး ပုသိမ်မြို့ အမက (၂၃)၊ ကသဲတန်း စတုတ္ထတန်း(A)မှ မယွန်းမီမီဇော်အား မယွန်းမီမီဟု ပြောင်းလဲခေါ်ပါရန်။

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် ၇ဂ/၉၅၀၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 9H/6184 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**

**ဖခင် အမည်မှန်**
ဦးလှမိုး၏သမီး ကျုံပျော်မြို့၊ ဇရစ်ရိုးကျေးရွာနေ (အထက) တောက်တဲ့ရိုး၊ နဝမတန်း(A)မှ နမ့်ဟန်နီမိုး၏ အမည်မှန်မှာ မဟန်နီမိုး ဖြစ်ပါကြောင်း။ **မဟန်နီမိုး**

**ကြော်ငြာစာ**
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၂၄)၊ ဦးပိုင်အမှတ် ၁၀၊ ၅၄×၅၅လမ်းကြား၊ မနော်ဟရီနှင့် ခိုင်ရွှေဝါလမ်းကြားတွင်ရှိ ဦးခင်မောင်ကြီး အမည်ပေါက်တောဂရန်မြေကွက်အား ဖခင် ဦးမြမောင်၊ မိခင်ဒေါ်လှမေ၊ သား ဦးခင်မောင်ကြီး (လူပျိုကြီးဘ၀)၊သမီး ဒေါ်မြမြဝင်း၊ သားသမက် ဦးရန်ဝိန်ယုန်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော (တူမ/သမီး) ဒေါ်ဝင်းသီဂီဦး ၉/မဟမ(နိုင်) ၀၁၅၉၆၀က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါသည်**
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၇) ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ် ၂၁ဟု ခေါ်တွင်သော နှစ်ခန်းတွဲ (၄)ထပ်အဆောက်အအုံ၏ (၄)ထပ်(ဝဲ)ဘက်ခန်း ပေ (၂၅×၆၀) အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိနေထိုင်ပိုင်ဆိုင်ထားရှိသူ ဒေါ်တင်လှ ၁၂/ဗတထ(နိုင်) ၀၂၈၉၃၀အပါအဝင် အမွေဆိုင် (၁၂)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် ရောင်းဖိုးတန်ကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးအပ်ပြီးဖြစ်ရာ အဆိုပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ပတ်သက်သက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက် ၅၊ အခန်း ၀၀၈၊ အေးရိပ်မွန် ၉လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၉၆၅၁၈၁၈၂၀**

**အယူခံမှုဆိုင်ရာ ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့်**
**အကြောင်းကြားစာ**
**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၆ခုနှစ်၊ တရားမအယူခံမှုအမှတ်- ၉၆**
ဒေါ်ဝေဝေမိုး နှင့်
၁။ ဦးညွန့်မောင်
၂။ ဒေါ်ခင်လေး
၃။ ဦးကျော်ဆန်းဝင်း(ခ) ဦးကျော်ကွန့်
၄။ ဒေါ်ခင်ငွေးညွန့်
၅။ ဦးမောင်မောင်
၆။ ဒေါ်နီလာ
၇။ ဦးမျိုးတင့်
၈။ ဒေါ်ရီရီငွေး
၉။ ဒေါ်ဝါဝါညွန့်
၁၀။ ဦးသိန်းဟန်
**အယူခံတရားလို** **အယူခံတရားပြိုင်များ**
မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဘုရားကြီးအနောက်ဘက်၊ မရမ်းခြံရပ်နေ ဒေါ် ခင်လေး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ (၈၈-၆/၅၆) နေ ဦးမျိုးတင့်၊ မိတ္ထီလာမြို့၊ အမှတ် (၁)စက်သုံးဆီထိန်းသိမ်းရေးတပ်ခွဲနေ ဒေါ်ရီရီငွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။
ယခုအမှုတွင် ချမ်းအေးသာစံမြို့နယ်တရားရုံးမှချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကိုမကျေနပ်၍ ဒေါ်ဝေဝေမိုးကအယူခံရာဤရုံးတွင်မှတ်ပုံတင်စာရင်း တင်သွင်းပြီး ထိုအယူခံအမှုကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက် (၁၃၇၈ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။
ထို့အပြင်သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင်ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာသွင်းရမည်။
၂၀၁၆ခုနှစ်၊ ဒီဇင်ဘာ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။
**(ယဉ်ယဉ်ဟန်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မန္တလေးခရိုင်တရားရုံး**

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း
နိုင်ငံတကာသတင်းဂျာနယ်
2016 DECEMBER 12 TO 16 MONDAY | 1090|
အတွေးအမြင် ဆောင်းပါးအမြင်
ကြပ်ကြပ်သတိထားကြရမည့် နိုင်ငံတကာ "ရုပ်ပြေး" သတင်းသမား
နှစ်ပေါင်းများစွာ ရင်းနှီးတည်ဆောက်ခဲ့ရသည့် တရုတ်-အမေရိကန် ဆက်ဆံရေး ဒေါ်နယ်ထရန့်ကြောင့် ပျက်ပြားရတော့မှာလား
စစ်ရေးအရှိန်မြင့်တက်လာသည့် အရှေ့အလယ်ပိုင်းနိုင်ငံများ
ပူကြီးကလေးအရွယ်ကပင် ပညာရေးကို အလေးထားတဲ့ ဂျပန်
ဝန်ကြီးချုပ်အာဘေးရဲ့ သံခင်းတမန်ခင်း လက်ဦးမှုရယူရေးခရီးစဉ်
နိုင်ငံတကာရာဇဝတ်ခုံရုံးရဲ့ စစ်ရာဇဝတ်မှု စွဲချက်တွေကို ငြင်းဆန်လိုက်တဲ့ ယူဂန္ဒာစစ်ဘုရင်ဟောင်း
တနင်္လာနေ့တိုင်း ထွက်ပြီ
နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇
E-mail:internationaljournalmm@gmail.com

**အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ**

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူ များဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ် တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။**

# ပညာရပ်ဆိုင်ရာ ကျွမ်းကျင်လုပ်သားများအတွက် နိုင်ငံတကာဈေးကွက် စနစ်တကျရှိသင့်

**သတင်းဆောင်းပါး - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး**

ရေကြောင်းတက္ကသိုလ်ဆင်း သင်္ဘောတည်ဆောက်မှုဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူ ကိုမင်းသူအတွက် ပြည်ပနိုင်ငံများရှိ သင်္ဘောကျင်းတစ်ခုတွင် အလုပ်ရရန် အလွန်အလားအလာရှိသည်။ သို့သော် အလုပ်အကိုင်ရှာဖွေခြင်းနှင့် အလုပ်ရရှိစေရေး ကြိုးပမ်းမှုအပိုင်းတွင်မူ စိန်ခေါ်မှုများစွာရှိနေသည်ဟု ကိုမင်းသူက ယူဆသည်။ သူကဲ့သို့ပင် ပြည်တွင်းရှိ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူအများစုသည် ပြည်ပနိုင်ငံများသို့ အလုပ်ထွက်လုပ်နေကြသော်လည်း ခိုင်မာသည့် လစာ၊ ခိုင်မာသည့်ရာထူးရရှိနိုင်ရန် တစ်ဦးချင်းကြိုးပမ်းနေကြရကြောင်း သိရသည်။

"အခြေခံလုပ်သားတွေအတွက် ပြည်ပအလုပ်အကိုင်အခွင့်အလမ်းတွေက အရင်ကထက်စာရင် လွယ်ကူပြီး အထောက်အထားတွေခိုင်မာလာကြတယ်။ ဒါပေမယ့် ကျွမ်းကျင်ပညာရှင်တွေအတွက် အလုပ်အကိုင်က အေဂျင်စီတွေကနေသွားတာမျိုးထက် တစ်ဦးချင်း ချိတ်ဆက်မှုတွေနဲ့ သွားလာကြတဲ့အတွက် ခိုင်မာတဲ့ အလုပ်အကိုင်ဖြစ်ဖို့ စိန်ခေါ်မှုတွေ ကြုံတွေ့ရတယ်"ဟု ကိုရီးယားနိုင်ငံရှိ သင်္ဘောကျင်းတစ်ခုတွင် သွားရောက်၍ တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်နေသူ ရေကြောင်းတက္ကသိုလ်ဆင်းတစ်ဦးက ပြောသည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်လုပ်ငန်းများဖြစ်သည့် ဆရာဝန်၊ အင်ဂျင်နီယာ၊ သူနာပြု၊ အိုင်တီပညာရှင်များနှင့် ယခုနောက်ပိုင်းတွင် ဒီဇိုင်နာများ၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများ၊ ပန်းချီ၊ ပန်းပုကျွမ်းကျင်သူများနှင့် စီမံခန့်ခွဲမှု၊ စီးပွားရေး အထူးပြုစသည့် ပညာရှင်အများစုသည် ပြည်ပနိုင်ငံများ၌ အလုပ်လုပ်ကိုင်မှု မြင့်တက်လာကြရာ အများစုမှာ အဆက်အသွယ်ကောင်းများနှင့် ချိတ်ဆက်၍ သွားလာမှု ပိုမိုများပြားလျက်ရှိသည်ကို မြင်တွေ့ရသည်။

"ဖိလစ်ပိုင်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတွေဆို အရင်က အခြေခံလုပ်သားကို အဓိကတင်ပို့တဲ့ နိုင်ငံတွေဖြစ်တယ်။ နောက်ပိုင်းမှာ အခြေခံလုပ်သားအပြင် ကျွမ်းကျင်ပညာရှင်တွေကိုလည်း အထောက်အထားခိုင်ခိုင်မာမာနဲ့ စေလွှတ်လာကြတယ်။ ဥပမာပြောရရင် ဆရာဝန်တစ်ဦးဟာ သူတို့နိုင်ငံအတွင်းမှာ တစ်နှစ်ကို အမေရိကန်ဒေါ်လာ နှစ်သောင်းလောက်ဝင်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပေမယ့် အခြားနိုင်ငံတစ်ခုခုမှာ အဲဒီထက်များပြားတဲ့လစာကို ရတယ်။ ဒါတွေကို အစိုးရတွေကလည်း တရားဝင်အခွန်အခတွေ ရရှိဖို့အတွက်ရော၊ သူတို့နိုင်ငံက ပညာရှင်



တွေရဲ့အလုပ်လုပ်ကိုင်မှုဆိုင်ရာ ခိုင်မာတည်တံ့မှုအတွက်ကိုရော တာဝန်ယူပေးပြီး တရားဝင်စေလွှတ်တဲ့အတွက် နိုင်ငံအတွက် အများကြီးအကျိုးရှိလာတာကိုမြင်တွေ့ရတယ်"ဟု ILO မြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းနိုင်ငံများတွင် အစိုးရက ဦးဆောင်ကာ စွမ်းရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးပြီး နိုင်ငံတကာတွင် သတ်မှတ်စံချိန်စံနှုန်းများအတိုင်း လုပ်သားစွမ်းအားလိုအပ်ချက်များကို ဖြည့်တင်းရန် စဉ်းစား ဆောင်ရွက်လာကြခြင်းဖြစ်သည်။

တက္ကသိုလ်များနှင့် သက်မွေးပညာသင်ကျောင်းများ၏ သင်ထောက်ကူပစ္စည်းများ အကူအညီကို အသုံးပြုကာ နိုင်ငံတကာ စံချိန်စံနှုန်းသတ်မှတ်ချက်များ ပြည့်မီသည့် ကျွမ်းကျင်ပညာရှင်များကို မွေးထုတ်ပေးခြင်း၊ နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ်များ၊ ကျောင်းများအဖြစ် ပြောင်းလဲတည်ထောင်ခြင်းနှင့် ကျွမ်းကျင်ပညာရှင်များအတွက် ပြည်ပအလုပ်အကိုင်များ စနစ်တကျရရှိစေရေး၊ ခိုင်မာသည့် လုပ်ခလစာနှင့် အကျိုးခံစားခွင့်များရရှိစေရေးတို့အတွက် ဆိုက်ရောက်နိုင်ငံများမှ အစိုးရအပါအဝင် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ကျွမ်းကျင်အလုပ်သမားများ စေလွှတ်နိုင်ရေး အလေးထားလာကြခြင်းဖြစ်ကြောင်း သိရသည်။



မြန်မာနိုင်ငံမှ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်လုပ်သားအများစုမှာ ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့အရပ်ရပ်သို့ သွားရောက်လုပ်ကိုင်နေကြပြီး အများစုမှာ ဆိုက်ရောက်နိုင်ငံမှ အလုပ်ရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်သွားလာကြခြင်းဖြစ်ကြောင်း၊ အများစုမှာ ပညာရှင်အဆင့်ဖြစ်သည့်အတွက် လုပ်ခလစာများပြားစွာရရှိကြောင်း အမေရိကန်နိုင်ငံ သတင်းဌာနတစ်ခုတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် သတင်းထောက်တစ်ဦးကလည်း သူ့အတွေ့အကြုံကို ပြောသည်။

"ကျွန်တော်တို့ ပြည်ပကိုရောက်တဲ့အခါ ပြည်ပရောက်မြန်မာတွေအများကြီးနဲ့ ကြုံရတယ်။ ပညာရှင်တွေက ပြည်ပမှာ ကိုယ့်နိုင်ငံထက် လုပ်ခလစာပိုမိုရရှိပြီး အောင်မြင်နေတာမြင်တော့ ဝမ်းသာရတယ်။ သူတို့ဆီက ထိုက်သင့်တဲ့အခွန်အခတွေသာ တိုင်းပြည်ကို ပြန်လည်စီးဝင်လာခဲ့မယ်၊ သူတို့အနေနဲ့ မြန်မာနိုင်ငံသားအဖြစ် ဆက်လက်တည်ရှိနေမယ်ဆိုရင်အကောင်းဆုံးဖြစ်မှာပါ"ဟု စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က ပြောကြားခဲ့ဖူးသည်။

ယခုနှစ် ဩဂုတ်လအတွင်းက ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံလုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းပါ အချက်အလက်များအရ ပြည်ပ၌ အခြေချနေထိုင်သူများ၏ ၇၄ ဒသမ ၃ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံ၊ ၁၄ ဒသမ ၅ ရာခိုင်နှုန်းမှာ မလေးရှားနိုင်ငံ၊ ၂ ဒသမ ၄ ရာခိုင်နှုန်းမှာ စင်ကာပူနိုင်ငံ၊ ၁ ဒသမ ၅ရာခိုင်နှုန်းမှာ အမေရိကန်ပြည်ထောင်စု၊ ၁ ဒသမ ၁ ရာခိုင်နှုန်းမှာ ဘရူနိုင်း၊ ၁ရာခိုင်နှုန်းမှာ တောင်ကိုရီးယား၊ ၀ ဒသမ ၈ ရာခိုင်နှုန်းမှာ ဆွစ်ဇာလန်နိုင်ငံနှင့် ၀ ဒသမ ၄ ရာခိုင်နှုန်းမှာ ဂျပန်နိုင်ငံ၊ ၀ ဒသမ ၄ ရာခိုင်နှုန်းမှာ ဂျာမနီနိုင်ငံတို့ဖြစ်ပြီး အခြားနိုင်ငံအသီးသီးတွင်လည်း အခြေချနေထိုင်သူ ၃ ဒသမ ၅ ရာခိုင်နှုန်းရှိနေကြောင်းတွေ့ရှိရသည်။


မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျွမ်းကျင်ပြီး အရည်အသွေးပြည့်ဝသည့် မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာပြီး လက်တွဲဆောင်ရွက်ရန် များစွာလိုအပ်နေသေးရာ ယင်းကဲ့သို့ပင် ပြည်ပနိုင်ငံများတွင် အတွေ့အကြုံဗဟုသုတများ ပိုမိုရရှိပြီးခိုင်မာသည့် အလုပ်အကိုင်များရရှိခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေတိုးပွားမှုရရှိနိုင်စေရန် အရည်အချင်းမြင့်မားသူများအတွက် အစီအမံများ ချမှတ်သင့်ကြောင်း၊ ဦးနှောက်ယိုစီးမှုဟု တင်စားခေါ်ဝေါ်ကြသည့် ကျွမ်းကျင်ပညာရှင်များ နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းကို စနစ်တကျဖြင့် အရည်အသွေးမြှင့်ကာ ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်အတွက် ဝင်ငွေရရှိစေသည့်အပြင် ပြန်လည်ရောက်ရှိလာပါကလည်း အရည်အသွေးပြည့်ဝသည့် ပညာရှင်များအဖြစ် အကျိုးအမြတ်ရရှိလာနိုင်ကြောင်း ပြည်ပအလုပ်အကိုင် အေဂျင်စီတစ်ခုမှ တာဝန်ရှိသူက ထောက်ပြသည်။


သို့သော် လက်ရှိတွင် ကျွမ်းကျင်ပညာရှင်များထက် အခြေခံအလုပ်သမားများကို အထောက်အထားဖြင့် ခိုင်မာသည့် အေဂျင်စီများမှတစ်ဆင့် ပြည်ပသို့ စေလွှတ်ခြင်းများသာ အများဆုံးရှိနေပြီး ကျွမ်းကျင်ပညာရှင်များအား စနစ်တကျ စေလွှတ်မှုအပိုင်းတွင် အားနည်းနေသေးသည်ကို မြင်တွေ့ရသည်။


ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်အများစုမှာ လစာငွေ အမေရိကန်ဒေါ်လာ ၁၂၀၀ မှ ၆၀၀၀ ဝန်းကျင်အထိပင် ရရှိနေကြပြီး ကျွမ်းကျင်မှုအလိုက် လစာကွာခြားကြောင်း ပြည်ပရောက်မြန်မာများထံမှ သိရသည်။


"ဒါပေမယ့် ကျွန်တော်တို့တစ်တွေက နိုင်ငံခြားသားတွေနဲ့ယှဉ်ရင် လစာနည်းနေသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က သူတို့လောက် လုပ်ငန်းအတွေ့အကြုံမရှိဘူး။ နိုင်ငံခြားမှာ နှစ်တွေအကြာကြီးသွားနေတဲ့ ပညာရှင်တွေအတွက်ကတော့ လစာများပါတယ်။ ကျွန်တော်တို့လို ကျောင်းဆင်းပြီး အတွေ့အကြုံအားနည်းတဲ့သူတွေအတွက်တော့ အလုပ်ရှာရတာ ခက်သလို ရလာရင်လည်း အခြားနိုင်ငံသားတွေနဲ့ယှဉ်ရင် လစာနည်းနေသေးတယ်"ဟု လက်ရှိအနေအထားကို ကိုမင်းသူက ပြောသည်။


သို့သော် သင်္ဘောတည်ဆောက်ရေးပညာရပ်ဖြင့် ကျောင်းဆင်းလာခဲ့သူချင်းအတူတူ အခြားနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသူ၏ လစာငွေမှာ အမေရိကန်ဒေါ်လာ ၁၅၀၀ နှင့်အထက်ရရှိနေပြီး ပြည်တွင်းတွင် လုပ်ကိုင်နေသူတစ်ဦး၏ လစာမှာ အမေရိကန်ဒေါ်လာ ၄၀၀နှင့် ညီမျှသည့် မြန်မာငွေကိုသာ ရရှိနေကြရာ အခြားသော အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်ကျွမ်းကြသည့် ပညာရှင်များ၏ လစာသည်လည်း အလားတူကွာခြားမှု ကြီးမားနေခြင်းကြောင့် လတ်တလောတွင် ဦးနှောက်ယိုစီးသည့် ပြဿနာမှာ ဆက်လက်ဖြစ်တည်နေဦးမည်ဟု နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် အင်ဂျင်နီယာတစ်ဦးက ထောက်ပြသည်။











HULK!
END


HTOO

# မြန်မာဗျည်း(၈)



## မောင်ခင်မင်(ဓနုဖြူ)

“ တစ်ခုမေးပါရစေဆရာ။ မြန်မာဗျည်းတွေကို ထုံးတမ်းစဉ်လာအရ ဃောသနဲ့ အဃောသခွဲတာ၊ သိထိလနဲ့ ဓနိတခွဲတာတွေ ဆရာရှင်းပြထားလို့ ကျွန်တော်တို့ မှတ်ထားပါတယ်။ ဘာသာဗေဒ၊ သဒ္ဒဗေဒအမြင်နဲ့ ခွဲရင်ရော ဘယ်လို ခွဲပါသလဲ”

“ထုံးတမ်းစဉ်လာအရခွဲခွဲ၊ ဘာသာဗေဒအရခွဲခွဲ သဘောကအတူတူပဲလို့ မှတ်နိုင်ပါတယ်။ ဃောသ၊ အဃောသဆိုတာ အသံကြိုးတုန်ခါတာ မတုန်ခါတာကို မူတည်ပြီး ခွဲတာပါပဲ။ အသံကြိုးတုန်ခါတဲ့ ဂ၊ ဇ၊ ဒ၊ ဗ လို ဗျည်းတွေက ဃောသဗျည်းတွေပါပဲ။ သံပြင်းလို့လည်းခေါ်တယ်။ အင်္ဂလိပ်လိုတော့ voiced ပေါ့။ အသံကြိုးမတုန်ခါတဲ့ က၊ စ၊ တ၊ ပ တို့ ခ၊ ဆ၊ ထ၊ ပ တို့လို ဗျည်းတွေက အဃောသဗျည်းတွေပေါ့။ အသံပျော့တဲ့ ဗျည်းတွေ၊ သံညင်းလို့ ခေါ်တာများတယ်။ “ညင်ညင်သာသာ ညင်းညင်းပျောင်းပျောင်းဆိုတဲ့ အဓိပ္ပာယ်ပေါ့။ အင်္ဂလိပ်လိုတော့ voiceless ပေါ့”

“ ဟုတ်ကဲ့၊ သိထိလနဲ့ ဓနိတ ကရော ဆရာ”

“သိထိလနဲ့ ဓနိတ ကတော့ နောက်ကအသံ မပါတာ၊ ပါတာအပေါ်မူတည်ပြီး ခွဲတာပါ။ နောက်က ဟ သံမပါတဲ့ က၊ စ၊ တ၊ ပ လို ဗျည်းတွေကို သံလျော့ဗျည်းလို့ခေါ်တယ်။ သိထိလနဲ့ အတူတူပဲ။ အင်္ဂလိပ်လို unaspirated ပေါ့။ နောက်က ဟသံပါတဲ့ ခ၊ ဆ၊ ထ၊ ဖ ဗျည်းတွေက ဓနိတဗျည်းတွေပေါ့။ လေတင်းဗျည်းလို့လည်းခေါ်တယ်။ သံတင်းလို့ လည်း ခေါ်တယ်။ aspirated ပေါ့”

“ ဟုတ်ကဲ့ပါ”

“ ဆရာ၊ ဒါဆိုရင် နှာသံဗျည်းတွေလို့ ဆရာပြောတဲ့ မှ၊ နှ၊ ညှ၊ ငှ ဗျည်းတွေက ရှေ့မှာ ဟသံပါတဲ့ ဗျည်းတွေပေါ့နော်။ ဆရာက ဟ နဲ့ မ ကို ‘ဟမ’ လို့ မြန်မြန်ဆိုရင် မှ ဖြစ်တယ် မဟုတ်လား ဆရာ။ ဆရာပြောတာ သမီးမှတ်မိပါတယ်”

“ သြော်.. ဟုတ်ပါရဲ့၊ အဲဒီဗျည်းတွေက နှာခေါင်းက လေထွက်လို့ နှာသံဗျည်းလို့ခေါ်တဲ့အကြောင်း ပြောပြီးပြီ။ မ၊ န၊ ည၊ င က အသံကြိုးတုန်ခါတဲ့ သံပြင်းဗျည်းတွေလေ။ ရှေ့က ဟသံပါလာတော့ အဲဒီသံပြင်းတွေ ပျောက်သွားတယ်။ အသံကြိုးမတုန်ခါတော့ဘူး။ ‘မနဲ့ မှ’ကို ယှဉ်ဆိုပြီး လည်မျိုပေါ်လက်ညှိုးတင်ကြည့်ပါလား။ ‘မ ’ဆိုရင်တုန်ခါတယ်၊ ‘မှ’ဆိုရင် မတုန်ခါဘူး။ နှ-န၊ ညှ-ည၊ ငှ-င လည်းအဲဒီလိုပဲ။ အဲဒီ မှ၊ နှ၊ ညှ၊ ငှ ကို သံပြင်း လျှော့လို့လည်းခေါ်တယ်။ devoiced ပေါ့။ ရှေ့က ဟသံပါလို့ ရှေ့သံတင်းဗျည်း preaspirated လို့လည်း ခေါ်တယ်”

“ မှတ်ထားပါ့မယ် ဆရာ”

“အဲဒီဗျည်းတွေကို နှာသံဗျည်းလို့ခေါ်ပြီး ကျန်တဲ့ဗျည်းအားလုံးကို ခံတွင်းဗျည်းလို့ခေါ်တာလည်းရှိတယ်။ oral ပေါ့။ ဒါကတော့ လေထွက်ပေါက်ကိုလိုက်ပြီး ခွဲတာပေါ့။ ခံတွင်းက လေထွက်ရင်ခံတွင်းဗျည်းပေါ့။ နှာခေါင်းက လေထွက်ရင် နှာသံဗျည်းပေါ့”

> **“သိထိလနဲ့ ဓနိတ ကတော့ နောက်ကအသံ မပါတာ၊ ပါတာ အပေါ်မူတည်ပြီး ခွဲတာပါ။ နောက်က ဟ သံမပါတဲ့ က၊ စ၊ တ၊ ပ လို ဗျည်းတွေကို သံလျော့ဗျည်းလို့ခေါ်တယ်။ သိထိလနဲ့ အတူတူပဲ။ အင်္ဂလိပ်လို unaspirated ပေါ့။ နောက်က ဟသံပါတဲ့ ခ၊ ဆ၊ ထ၊ ဖ ဗျည်းတွေက ဓနိတဗျည်းတွေပေါ့။ လေတင်းဗျည်းလို့ လည်း ခေါ်တယ်။ သံတင်းလို့လည်း ခေါ်တယ်။ aspirated ပေါ့”**

“မှတ်ထားပါ့မယ် ဆရာ”

“ကဲ ... ဒီလိုဆိုရင် ဗျည်းသံတစ်သံကိုသရုပ်ဖော်တဲ့အခါ အခုပြောခဲ့တဲ့ အချက်တွေအရ သရုပ်ဖော်နိုင်တယ်ဆိုတာ သိပြီပေါ့။ ဒီတော့ လေ့ကျင့်ခန်းလုပ်ကြည့်ရအောင်။ ကဲ... သမီးကစပြော”

“ဟုတ်ကဲ့ပါ”

“ ပ ဗျည်းကို သရုပ်ဖော်မယ်။ အသံဖြစ်ရာ ဌာန်အရ ဘာဗျည်းလဲ”

“နှုတ်ခမ်းဗျည်းပါ ဆရာ”

“အသံဖြစ်ဟန်အရ ဆိုရင်ရော”

“ရုန်းပွင့်သံပါ ဆရာ”

“ဟုတ်ပြီ။ ကဲ ... သွားကပြော၊ အသံကြိုးအနေအထားအရဆိုရင်”

“အသံကြိုးမတုန်ခါတဲ့အတွက် အသံပျော့ပါ ဆရာ။ သံညင်းဗျည်းပါ”

“လေအတင်းအလျော့အရဆိုရင်ကော”

“ဟသံမပါတဲ့အတွက် သံလျော့ဗျည်းပါ ဆရာ”

“လေထွက်ပေါက်အရကော”

“ခံတွင်းက လေထွက်တဲ့အတွက်ခံတွင်းဗျည်းပါဆရာ”

“ဒီတော့ ပဗျည်းဟာနှုတ်ခမ်းရုန်းပွင့်သံဖြစ်တယ်။ သံညင်း-သံလျော့ဗျည်းဖြစ်တယ်။ ခံတွင်းဗျည်းဖြစ်တယ်ဆိုတဲ့ အချက်တွေတွေ့ရတာပေါ့ကွယ်။ ကျန်တဲ့ဗျည်းတွေလည်း အဲဒီလို စိစစ်ကြည့်နိုင်တာပေါ့”

“နားလည်ပါပြီဆရာ။ ပြီးတော့ ဗဟုသုတအဖြစ် သိချင်လို့ပါ ဆရာ။ အခုမြန်မာဗျည်းတွေအကြောင်း သေသေချာချာ သိရပါပြီ။ မြန်မာဗျည်းနဲ့မတူတဲ့ တခြားဗျည်းတွေက ဘယ်လို အသံထွက်တဲ့ ဗျည်းတွေရှိပါသလဲ ဆရာ”

“အင်း ... မေးချင်စရာပေါ့။ ဘာသာစကားတွေမှာ ဗျည်းသံတွေ ထပ်တူမတူတော့မြန်မာဗျည်းနဲ့တူတဲ့ ဗျည်းသံတွေရှိသလို မတူတဲ့ဗျည်းသံတွေလည်းရှိတာပေါ့။ အမြင်သာဆုံး သာဓကက အင်္ဂလိပ် f နဲ့ v ပဲ။ မြန်မာစကားမှာ အဲဒီဗျည်းသံတွေမရှိဘူးလေ။ မြန်မာမှာ နှုတ်ခမ်းနှစ်ခုပိတ်ပြီး ပြန်ဖွင့်ရတဲ့ ‘ဖ နဲ့ ဗ’ ရှိတယ်။ အင်္ဂလိပ်ဗျည်း f နဲ့ v က အောက်နှုတ်ခမ်းကို အပေါ်သွားနဲ့ ဖိပြီးဆိုရတဲ့အသံလေ။ လက်တွေ့ဆိုကြည့်ရင် သိပါတယ်။ အဲဒီဗျည်းတွေကို နှုတ်ခမ်း-သွားဗျည်း(Labio-dental)လို့ ခေါ်တယ်။

“ဟုတ်ကဲ့”

“နောက်သာဓကတစ်ခုက အရင်ဆရာပြောခဲ့တဲ့ ပါဠိဗျည်းတွေပဲ။ မှတ်မိသေးလားမသိဘူး။ မြန်မာစကားမှာမရှိတဲ့ ဗျည်းသံတွေကို ပြောတာ ပါ။ ဃ ဆိုရင် ဂ နောက်က ဟသံတွဲပြီး ဆိုရတယ်။ ကမ္ဘဝါ ဖတ်ရင်‘သံဃော’ လို့ အသံပြင်းပြင်းဆိုရတဲ့ ဗျည်းသံမျိုးပေါ့။ မြန်မာစကားမှာ ဂ သံတစ်သံတည်းပဲရှိတယ်။ ပါဠိမှာ ဂ သံရော၊ ဃ သံရောရှိတယ်။ အဲဒီလိုပဲ ပါဠိမှာရှိတဲ့ ဈသံ၊ ဎ သံ၊ ဓ သံ၊ ဘ သံတွေဟာလည်း ဇ၊ ဍ၊ ဒ၊ ဗ ဗျည်းတွေနောက်က ဟသံတွဲဆိုရတဲ့အသံတွေပဲ။ အဲဒီအသံတွေက ဃောသသံခေါ်တဲ့သံပြင်းလည်းဖြစ်တယ်။ ဓနိတသံခေါ်တဲ့ သံတင်းလည်း ဖြစ်တယ်။ အင်္ဂလိပ်လိုတော့ Voiced aspirated ပေါ့။ မြန်မာစကားမှာကတော့ သံပြင်းတွေက လေအားလျော့လျော့ ရွတ်ရတဲ့ သံလျော့တွေလေ။ Voiced unaspirate ပေါ့။ ဒီတော့ အဲဒီ ပါဠိဗျည်းသံတွေ မြန်မာမှာမရှိဘူးဆိုတာ ကွဲကွဲပြားပြားမှတ်ရမှာပေါ့”

“ဟုတ်ကဲ့ပါ”

“နောက်မွန်စကားမှာ ‘ဍုင်’ဆိုတဲ့ အသံရှိတယ်။ ရှေးမွန်စကားမှာ ‘တိုင်းပြည်’ လို့ အဓိပ္ပာယ်ရတယ်။ အဲဒီအသံက ဍသံဟာ အပြင်ကိုပွင့်ထွက်တာမဟုတ်ဘဲ အထဲကို စုပ်သွင်းသလိုမျိုး၊ အသံမြည်တဲ့ဗျည်းသံပဲ။ implosive လို့ခေါ်တယ်။ မြန်မာစကားမှာ အဲဒီဗျည်းသံမရှိဘူးလေ”

“နားလည်ပါပြီ ဆရာ။ အဲဒါဆိုရင် မြန်မာစကားမှာ ဗျည်းသံဘယ်နှသံရှိတယ်လို့ ပြောရမလဲ ဆရာ”

“ဆရာကြီး ဦးဖေမောင်တင်က ၁၉၂၅ ခုနှစ်မှာ လန်ဒန်တက္ကသိုလ်က သဒ္ဒဗေဒဝါရင့်ကထိက မစ္စအမ်းစထရောင်း Ms.L.E.Armstrong နဲ့ တွဲဖက်ပြီး မြန်မာစကားသံတွေကို သဒ္ဒဗေဒနည်းနဲ့ စနစ်တကျလေ့လာပြီးတော့ မြန်မာသဒ္ဒဗေဒဖတ်စာ(A Burmese Phonetic Reader) ဆိုပြီး ပြုစုခဲ့တယ်။ ဒါဟာ မြန်မာစကားကို သဒ္ဒဗေဒနည်းနဲ့ အစောဆုံးလေ့လာချက်လို့ဆိုရမှာပေါ့။ ခုဆိုရင် နှစ် ၉၀ တောင်ကျော်ပြီလေ။ အဲဒီစာအုပ်ထဲမှာတော့ ဆရာကြီးက မြန်မာဗျည်း ၃၂ လုံးလို့ပြတယ်။ အဲဒီ ဗျည်းတွေထဲမှာ (ʔ) သင်္ကေတနဲ့ပြတဲ့ရပ်သံ (glottal Stop) လည်း ပါတယ်။ ရပ်သံအကြောင်း ဆရာပြောခဲ့ပြီးပါပြီ။ ဆရာကြီးရဲ့ ဗျည်းစာရင်းမှာ မပါတဲ့ဗျည်းတွေကို နောက်ပညာရှင်တွေက ထည့်ပြတာတွေ ရှိတယ်။ လျှာလိပ်သံနဲ့ ဆိုရတဲ့ ‘ရ’ ဗျည်းက တချို့က အသုံးနည်းတယ်ဆိုပြီး မပြဘူး။ ဆရာကြီးလည်း ထည့်မပြဘူးပေါ့။ ပြီးတော့ ‘ဝှ’ဆိုတဲ့ ဗျည်းသံ။ ဒါလည်း တချို့ထည့်မပြကြဘူး။ နောက်အသံပြင်းပြင်းနဲ့ဆိုရတဲ့ ‘ဟ’ ဆိုတဲ့ အသံ။ သံပြင်း ဟ သံပေါ့။ ဒီအသံကိုလည်း အများစုက ထည့်မပြဘူး။ ဒီတော့ ဆရာကြီးရဲ့ ဗျည်း ၃၂ လုံးနဲ့ ခုပြောတဲ့ သုံးလုံးနဲ့ ပေါင်းရင် ဗျည်း ၃၅ လုံးအထိ ရှိတာပေါ့။ ပညာရှင်တွေ အယူအဆချင်းကွဲပြားသလို ဗျည်းအရေအတွက်လည်း ကွဲပြားတာပေါ့ကွယ်”

“အဲဒီလိုဆိုရင် ဗျည်းအရေအတွက်ကို သမီးတို့ ဘယ်လိုမှတ်ရင်ကောင်းမလဲ ဆရာ”

“ဆရာ့သဘော ပြောရရင်တော့ အာမေဋိတ်သံပဲရှိပြီး စကားလုံးမရှိတဲ့ ဟှ ကို ဗျည်းစာရင်းထဲ မထည့်ဘဲထားသင့်တယ်ထင်တယ်။ဒီလိုဆိုရင်တော့ မြန်မာဗျည်း ၃၄ လုံး၊ ၃၄ သံရှိတယ်လို့ မှတ်ဖို့ပဲ”

“ဟုတ်ကဲ့ပါဆရာ”

“နောက်တစ်ခုက ကမ္ဘာပေါ်မှာရှိတဲ့ ဘာသာစကားအားလုံးမှာတွေ့ရတဲ့ ဗျည်းသံ၊ သရသံ၊ တက်ကျသံတွေကို သဒ္ဒဗေဒပညာရှင်တွေက စနစ်တကျလေ့လာပြီး အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒအက္ခရာ (International Phonetic Alphabet IPA) ပေါ့။ အဲဒီအက္ခရာ စနစ်ကို တီထွင်ထားတာ သားတို့၊ သမီးတို့သိပြီးသားပဲ။ စကားသံတွေကို စနစ်တကျ ရေးမှတ်ထားမယ်ဆိုရင် အဲဒီ IPA ကိုသုံးပြီး ရေးမှတ်တာက တိတိကျကျရှိပါတယ်။ စကားသံတွေကို ရည်ညွှန်းရင် IPA နဲ့ရေးပြီးဖော်ပြလေ့ရှိကြတယ်။ IPA မှာ ဗျည်းသံတွေကို ဆရာပြောတဲ့ အသံဖြစ်ရာ ဌာန်နဲ့ အသံဖြစ်ဟန်အရ ဖော်ပြထားတာမို့ ဘယ်နေရာကနေပြီး ဘယ်လိုအသံထွက်တယ်ဆိုတာ သေသေချာချာလေ့လာနိုင်ပါတယ်။ ခုဆိုရင် ဘယ်အက္ခရာကို ဘယ်လိုအသံထွက်တယ်ဆိုပြီး ယှဉ်တွဲပြတဲ့ စနစ်တွေလည်း ကွန်ပျူတာမှာပေါ်နေပါပြီ။ တတ်ကျွမ်းတဲ့ ဆရာတွေဆီမှာ သင်ယူလို့လည်း ရပါတယ်။ ဘာသာစကားကို စနစ်တကျလေ့လာမယ်ဆိုရင်တော့ သဒ္ဒဗေဒ (Phonetics) မတတ်လို့ မဖြစ်ပါဘူး။ သဒ္ဒဗေဒမှာလည်း အဲဒီ IPA ဟာ မတတ်မဖြစ် တတ်ဖို့လို့တဲ့ အစိတ်အပိုင်းပါ။ ကဲ.... မြန်မာဗျည်းအကြောင်းတော့ ဒီနေရာမှာ ရပ်ကြပါစို့”

“အများကြီးကျေးဇူးတင်ပါတယ် ဆရာ”

# ဆီးချိုရောဂါကြိုတင်ကာကွယ်ပါ

## တင်လင်းအောင်

**ဘရူနိုင်းနိုင်ငံတွင် ဆီးချိုရောဂါသည် ကင်ဆာနှင့် နှလုံးရောဂါပြီးနောက် သေဆုံးမှုအများဆုံးဖြစ်သည့် ရောဂါတစ်ခုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောခဲ့သည်။ ဘရူနိုင်းနိုင်ငံတွင် အရွယ်ရောက်သူ ၁၂ ဒသမ ၄ ရာခိုင်နှုန်းတွင် ဆီးချိုရောဂါ ဖြစ်ပွားနေကြောင်း သိရသည်။ ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ပြုလုပ်သော သုတေသနတစ်ရပ်တွင် နိုင်ငံတွင်း ၄၄ ရာခိုင်နှုန်းသော ဆီးချိုရောဂါဖြစ်ပွားမှုသည် ရောဂါလက္ခဏာမပြကြောင်း သိရသည်။ သုတေသနပြုချက်အရ ဘရူနိုင်းနိုင်ငံရှိ လူပေါင်း ၂၀၀၀၀ ကျော်သည် ဆီးချိုရောဂါရှိသော်လည်း ကျန်းမာရေးဌာနသို့ ရောက်ရှိလာခြင်းမရှိသေးကြောင်း၊ ထို့အပြင် ၎င်းတို့၌ ဆီးချိုရောဂါ ရှိနေသည်ကိုပင် မသိကြောင်း သိရသည်။**



ဘရူနိုင်းဒါရုဆလမ်နိုင်ငံသည် ဆီးချိုရောဂါလက္ခဏာများကို သတိထားမိစေရန် ရည်ရွယ်ကာ အခြားနိုင်ငံများသာမက ကမ္ဘာ့ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်း၍ နိုဝင်ဘာ ၁၄ ရက်က ကမ္ဘာ့ဆီးချိုရောဂါနေ့ကို ကျင်းပခဲ့သည်။ ထို့အပြင် ဆီးချိုရောဂါ ခံစားနေရသော်လည်း စိတ်ဓာတ်မကျဘဲ ဘဝကိုရင်ဆိုင်အန်တုနေသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကိုလည်းအားပေးသည့်အနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့ဆီးချိုရောဂါနေ့မိန့်ခွန်းတွင် ကျန်းမာရေးဝန်ကြီးက ပြောခဲ့သည်။

ဘရူနိုင်းနိုင်ငံတွင် ဆီးချိုဖြစ်ပွားသည့်နှုန်း မြင့်မားလာလျက်ရှိရာ လက်ရှိတွင် ဆီးချိုရောဂါဖြစ်ပွားနေသူပေါင်း ၅၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ ဆီးချိုရောဂါကို ကုသမှုမပြုဘဲ ပေါ့ပေါ့ဆဆနေလျှင် သတိလစ်မေ့မြောသည်အထိဖြစ်ပွားပြီး အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ဆီးချိုဖြစ်ပွားရသည့် အဓိကတရားခံမှာ သွေးထဲတွင် သကြားဓာတ်များနေခြင်းပင်ဖြစ်သည်။ ဘရူနိုင်းနိုင်ငံတွင် ဆီးချိုရောဂါဖြစ်ပွားနေသော အရွယ်ရောက်သူများတွင် အမြင်အာရုံဆုံးရှုံးခြင်း၊ ကျောက်ကပ်ရောဂါဖြစ်ပွားခြင်းနှင့် ခွဲစိတ်မှုပြုရာတွင် အကျက်နှေးခြင်းများဖြစ်ပွားကြောင်း သိရသည်။ ထို့အပြင် ဆီးချိုရောဂါရှိသူများသည် အခြားသူများထက် နှလုံးရောဂါနှင့် လေဖြတ်ခြင်းဖြစ်ပွားနိုင်ခြေ နှစ်ကြိမ်မှ လေးကြိမ်အထိရှိကြောင်း ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

> **ဆီးချိုရောဂါကို ကုသမှုမပြုဘဲ ပေါ့ပေါ့ဆဆနေလျှင် သတိလစ်မေ့မြောသည် အထိ ဖြစ်ပွားပြီး အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်**

ဆီးချိုရောဂါမဖြစ်အောင် သွေးတွင်းသကြားပါဝင်မှု လျှော့ချခြင်း၊ အဆီအဆိမ့်မစားခြင်း၊ လမ်းများများလျှောက်ခြင်း သို့မဟုတ် တစ်နေ့လျှင် နာရီဝက်ခန့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ခြင်း၊ အသားများကို အလွန်အကျွံမစားဘဲ မျှတအောင်သာ စားသုံးခြင်း၊ ဟင်းသီးဟင်းရွက်များ စားသုံးခြင်းတို့ကို ပြုလုပ်ပေးရမည်ဖြစ်သည်။

ဆီးချိုရောဂါတိုက်ခိုက်မှုများတွင် ဘရူနိုင်းနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကြိုတင်ကာကွယ်ခြင်းနှင့် ဆီးချိုရောဂါ ကြိုတင်စမ်းသပ်ခြင်းတို့ကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆီးချိုရောဂါရှိကြောင်း စောစောသိအောင်လုပ်ကာ သိလျှင်သိချင်း ပိုမိုဆိုးရွားမသွားစေရန် ကုသမှုမြန်မြန်ဆန်ဆန်လုပ်ဆောင်သင့်ကြောင်း ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။


မြန် မာ့ ရိုး ရာ အား က စား

# မကျော့ပွဲပြန်နွှဲဦးမယ့် ဒွေ့ဗ်လက်ဒပ်(ကနေဒါ)နဲ့ အလွတ်တန်းချန်ပီယံထွန်းထွန်းမင်း ဘယ်သူ အဲကမ္ဘောဇအောင်လံ ဆွတ်ခူးမလဲ

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်



ထွန်းထွန်းမင်း



ဒွေ့ဗ်လက်ဒပ်(ကနေဒါ)

မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် တတိယအကြိမ်မြောက်ကျင်းပမယ့် အဲကမ္ဘောဇအောင်လံ နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ယှဉ်ပြိုင်ထိုးသတ်တော့မှာဖြစ်ပါတယ်။ အဲကမ္ဘောဇအောင်လံလုပွဲကြီးကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်ကတည်းက ကျင်းပခဲ့ပြီး ပထမဆုံး အောင်လံလုပွဲကြီးတွင် ယခုအလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့် ဆိုင်းရပ်စ်(ဝါရှင်တန်)တို့ ကနဦးထိပ်တိုက်ရင်ဆိုင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပါတယ်။ အဲဒီပွဲမှာ ဆိုင်းရပ်စ်ရဲ့ အမှတ်မထင် နောက်ပြန်တံတောင်ရိုက်ချက်ကြောင့် ထွန်းထွန်းမင်း အလဲထိုးနဲ့ ရှုံးနိမ့်ကာ ပထမဆုံး အဲကမ္ဘောဇအောင်လံကို လက်လွှတ်လိုက်ရပါတယ်။

ဒါပေမယ့် ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် အဲကမ္ဘောဇအောင်လံလုပွဲကြီးမှာတော့ လက်ရှိချန်ပီယံ ထွန်းထွန်းမင်းက ဆိုင်းရပ်စ်(ဝါရှင်တန်)ကို ပြန်လည်စိန်ခေါ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အလဲထိုးဖြင့် အနိုင်ရခဲ့တာကြောင့် လက်ရှိအဲကမ္ဘောဇအောင်လံ ချန်ပီယံပိုင်ရှင်မှာ ထွန်းထွန်းမင်းဖြစ်လာပါတယ်။ ယခု တတိယအကြိမ် အဲကမ္ဘောဇအောင်လံကို ထွန်းထွန်းမင်းအနေဖြင့် ဆက်လက်ကာကွယ်နိုင်မလား၊ စိန်ခေါ်သူ ဒွေ့ဗ်လက်ဒပ်(ကနေဒါ)ကပဲ ဆွတ်ခူးသွားမလားဆိုတာကိုတော့ ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများ စောင့်ကြည့်ရတော့မှာပါ။

လက်ရှိ အဲကမ္ဘောဇအောင်လံဆုရှင် မြန်မာပြည်အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းဟာ အသက် ၂၅ နှစ်၊ ဝိတ်တန်း ၇၈ ကီလို၊ အရပ် ၅ ပေ ၉ လက်မရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ပွဲပေါင်း ၅၉ ပွဲမှာ ၄၇ ပွဲနိုင်၊ ၁၁ ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ထားကာ လတ်တလော ပူပူနွေးနွေး မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်ကိုလည်း ပိုင်ဆိုင်ထားသူဖြစ်ပါတယ်။ ထွန်းထွန်းမင်းဟာ ပါဝါကောင်းပြီး လျင်မြန်သွက်လက်မှုပိုင်းမှာ သူမတူသူတစ်ဦးဖြစ်ပါတယ်။ သူရဲ့ အားသာချက်ကတော့ ပြိုင်ဘက်အပေါ် အခွင့်ရေးရရင်ရသလို အသုံးချတတ်တာကြောင့် ပြိုင်ပွဲအများစုကို အလဲထိုးနဲ့ ပွဲသိမ်းနိုင်ခဲ့တာတွေ များပါတယ်။ ပြိုင်ဘက်အပေါ် ကျားရဲတစ်ကောင်လို မာန်ဖီအုပ်မိုးနိုင်တဲ့စွမ်းအားက လတ်တလော မြန်မာ့ရိုးရာလက်ဝှေ့လောကမှာတော့ ပြိုင်ဘက်ကင်းသူတစ်ယောက် ဖြစ်နေပါတယ်။

ပြိုင်ဘက်ကင်းမြန်မာ့လက်ဝှေ့ကျော်နဲ့ တတိယအကြိမ်မကျော့ပွဲကို ပြန်လည်နွှဲဖို့ မြန်မာ့မြေပေါ်ရောက်လာမယ့် ဒွေ့ဗ်လက်ဒပ်ဟာ လက်ရှိအလွတ်တန်းချန်ပီယံကို ဖြိုနိုင်မလား၊ တတိယအကြိမ် ဘယ်လိုအနေအထားမျိုးနဲ့ ကနေဒါကိုပြန်ရမလဲ ဆိုတာကတော့ ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ စိတ်ဝင်တစား စောင့်မျှော်ကြည့်ရှုရတော့မှာဖြစ်ပါတယ်။

“ဒီပွဲကို အရင်ပွဲနဲ့မတူအောင် အများကြီးပြင်ဆင်ထားပါတယ်။ အရင် သူက တူးတူးနဲ့ ယှဉ်ပြိုင်ထိုးသတ်ထားတယ်။ ကျွန်တော်နဲ့လည်း ပထမတစ်ကြိမ် ယှဉ်ပြိုင်ထိုးသတ်ထားတာဆိုတော့ ဒီဒုတိယအကြိမ် တွေ့ဆုံတဲ့ပွဲမှာ ကျွန်တော့်အနေနဲ့ အကောင်းဆုံးရလဒ်ဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ တချို့ထင်သလို ဒီပွဲက ကမ္ဘာ့ရိုးရာလက်ဝှေ့ချန်ပီယံလုမှာ မဟုတ်ပါဘူး။ အဲကမ္ဘောဇအောင်လံကိုပဲ ဒီပွဲမှာလုမှာပါ။ အရင်ပွဲတွေထက် ဒီပွဲမှာ အကောင်းဆုံးပြင်ဆင်ထားတာမို့ ပရိသတ်တွေ စိတ်ဆန္ဒမျှော်လင့်နေသလိုမျိုး ကျေနပ်အောင် ကျွန်တော်ကြိုးစားသွားမှာပါ။ ဒီပွဲမှာ အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ဒွေ့ဗ်ကို အဓိကသတိပြုရမှာက သူ့ရဲ့ဘယ်လက်သီးတစ်လုံးပါပဲ။ ပြီးတော့ သူ့ရဲ့အရပ်အမောင်းက ကျွန်တော့်ထက် မြင့်နေတာကလည်း အားသာချက်တစ်ခုဖြစ်နေတာပါ။ အရပ်အမောင်းသာလို့လည်း ကျွန်တော်တို့နဲ့ လယ်ဗယ်ထိုးနိုင်တယ်လို့ မြင်ပါတယ်။ ဒါကြောင့် သူ့ရဲ့ဟာကွက်ကိုကြည့်ပြီး အကောင်းဆုံး ပြင်ဆင်ထားပါတယ်”ဟု လက်ရှိ အဲကမ္ဘောဇအောင်လံဆုရှင် ထွန်းထွန်းမင်းက ပွဲအကြိုပြင်ဆင်မှုအနေနဲ့ ပြောပြပါတယ်။

မြန်မာပြည်အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းဟာ လတ်တလော ကမ္ဘာ့ ရိုးရာလက်ဝှေ့ ချန်ပီယံရွှေခါးပတ်ပိုင်ရှင်လည်းဖြစ်ပြီး ယခု အဲကမ္ဘောဇအောင်လံဆုရှင်လည်း ဖြစ်ပါတယ်။ ယခု ဒွေ့ဗ်နဲ့ ယှဉ်ပြိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုအနေနဲ့ အောက်တိုဘာလကတည်းက လက်ဦးဆရာများဖြစ်တဲ့ ဖခင်ဦးထွန်းထွန်းဇော်(လက်ဝှေ့သမားဟောင်း)နဲ့ သမိန်ရဲသွေးတို့ထံမှာ လေ့ကျင့်သင်ယူမှုများကို နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိတစ်ကြိမ် စုစုပေါင်း တစ်နေ့ လေးနာရီဝန်းကျင် ကြိုးစားပြင်ဆင်ထားတယ်လို့သိရပါတယ်။

သူနဲ့အတူ ယှဉ်ပြိုင်ထိုးသတ်မယ့် စိန်ခေါ်သူ ဒွေ့ဗ်လက်ဒပ်(ကနေဒါ)ကတော့ အသက် ၂၅ နှစ်၊ ဝိတ်တန်း ၇၅ ကီလို၊ အရပ်ခြောက်ပေရှိ မွေထိုင်းလက်ဝှေ့ကျော် တစ်ဦး ဖြစ်ပါတယ်။ ဒွေ့ဗ်ထိုးသတ်ခဲ့တဲ့ ပွဲပေါင်း ၅၀ မှာ နိုင်ပွဲ ၃၇ ပွဲ၊ ရှုံးပွဲ ၁၁ ပွဲနဲ့ သရေနှစ်ပွဲရလဒ် ပိုင်ဆိုင်ထားပြီး လက်ရှိ ကနေဒါနိုင်ငံ ၇၅ ကီလိုတန်းမှာ မွေထိုင်း ချန်ပီယံဖြစ်ပါတယ်။ လက်ဝှေ့သမားဘဝတစ်လျှောက် ပထမတန်းလက်ဝှေ့ကျော် တူးတူးနဲ့ တစ်ပွဲ၊ လက်ရှိချန်ပီယံ ထွန်းထွန်းမင်းနဲ့ တစ်ပွဲသာ သရေရလဒ်ကို ပိုင်ဆိုင်ထားသူဖြစ်ပါတယ်။ ဒွေ့ဗ်လက်ဒပ်ဟာ အရပ်အမောင်းမြင့်သလို သတ်လုံးသတ်ကွက်လည်းစုံလင်တဲ့ လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်ကာ ပါးနပ်မှုရှိပြီး တစ်ဖက်ပြိုင်ဘက်ကို ယှဉ်ပြိုင်တဲ့အခါမှာ စိတ်အေးတည်ငြိမ်သူ ဖြစ်ပါတယ်။

ပါဝါပြင်းထန်တဲ့ ခြေကန်ချက်များနဲ့အတူ ပင့်ထောက်လက်သီးတွဲလုံးများကိုလည်း အခါမလပ် တွင်တွင်သုံးလေ့ရှိသလို ဒူး၊ တံတောင် ရိုက်ချက်ကလည်း ပြိုင်ဘက်လက်ဝှေ့သမားကို မဝင်လာရဲအောင် ကတ်သဖွယ် လုံခြုံမှုရှိတဲ့ လက်ဝှေ့ကျော် တစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့ ဘယ်ထောက်လက်သီးဟာ ပြိုင်ဘက်ကို အချိန်နဲ့အမျှ ပြိုလဲစေပါတယ်။ ဒီလိုစွမ်းအင်ပါဝါမျိုး ပိုင်ဆိုင်ထားလို့လည်း မြန်မာနိုင်ငံရဲ့ ပထမတန်းလက်ဝှေ့ကျော် တူးတူးကို အပေါ်စီးကနေ ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သလို လက်ရှိ မြန်မာပြည်အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းကိုလည်း သရေထိုးသတ်နိုင်ခဲ့တာ ဖြစ်ပါတယ်။



လက်ရှိအဲကမ္ဘောဇအောင်လံချန်ပီယံ ထွန်းထွန်းမင်း လေ့ကျင့်နေစဉ်

လက်ရှိ အဲကမ္ဘောဇအောင်လံဆုရှင် ထွန်းထွန်းမင်းရဲ့ဆရာ နည်းပြသမိန်ရဲသွေးက “ဒွေ့ဗ်ရဲ့ အားနည်းချက်၊ အားသာချက်တွေကို ပြီးခဲ့တဲ့ အရင်တူးတူးနဲ့ ပွဲရော၊ ထွန်းထွန်းမင်းနဲ့ပွဲပါ သေချာဂရုစိုက် လေ့လာကြည့်ထားပါတယ်။ အဲဒီနှစ်ပွဲစလုံးရဲ့ အားသာချက်၊ အားနည်းချက်တွေကို မူတည်ပြီးတော့ ထွန်းထွန်းမင်းကို ပြင်ဆင်ပေးထားပါတယ်။ ထွန်းထွန်းမင်းကို ဒီပွဲမှာ ရာခိုင်နှုန်း ၇၀ လောက်တော့ နိုင်မယ်လို့ မှန်းထားပါတယ်။ ကျန်တဲ့ ရာခိုင်နှုန်း ၃၀ ကတော့ သရေဖြစ်နိုင်ပါတယ်။ နိုင်ဖို့ပုံသေမပြောနိုင်တာက သူကလည်း အရပ်အမောင်းရှိတဲ့ လက်ဝှေ့သမားတစ်ဦးဖြစ်သလို၊ သတ်လုံးသတ်ကွက်လည်းစုံလင်တဲ့ လက်ဝှေ့သမားတစ်ဦးပါ။ ပြီးတော့ ဒွေ့ဗ်က တိုင်ပင်လက်သီးပိုင်ရှင်တစ်ဦးပါ။ ကျန်တာတွေကတော့ ထွန်းထွန်းမင်းအနေနဲ့ သိပ်ပြီးဂရုပြုစရာမရှိပါဘူး။ သူ့ရဲ့ခြေကန်ချက်ကြောင့်တော့ ထွန်းထွန်းမင်း မကျနိုင်ဘူး။ သူ့ရဲ့ အဓိကအားသာချက်က လက်သီးနဲ့ ပတ်တံတောင်ပါ။ အဲဒါကို ထွန်းထွန်းမင်းအနေနဲ့ ထိန်းကစားနိုင်မယ်ဆိုရင် သေချာပေါက် မရှုံးနိုင်ပါဘူး။ လက်ရှိချန်ပီယံဆုကို ဆက်ထိန်းဖို့များပါတယ်။ ထွန်းထွန်းမင်းအနေနဲ့ တိုက်စစ်တော့ ဖွင့်ကစားမှာပါ။ ပြီးတော့ တိုက်ကွက်တိုင်းမှာ ပါဝါရှိဖို့ကိုလည်း လေ့ကျင့်ပေးထားပါတယ်။ အဓိက ဒူးတိုက်ချက်နဲ့ အနိုင်ယူဖို့ပြင်ဆင်ထားပါတယ်။ ဒီပွဲကတော့ ပရိသတ်အတွက် အကောင်းဆုံးဖြစ်မယ်လို့ မျှော်လင့်ထားပါတယ်”ဟု သူ့ရဲ့ပွဲကြိုသုံးသပ်ချက်အမြင်ကို ဆိုသည်။

တတိယအကြိမ်ကျင်းပမယ့် အဲကမ္ဘောဇအောင်လံ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို အဓိကစီစဉ်သူ မြန်မာမီဒီယာဂရု(ပ်)မှ ဦးဝဏ္ဏ(မာဂျေ)က “အခုကျင်းပမယ့်ပွဲက အဲကမ္ဘောဇအောင်လံလုပွဲ ဖြစ်ပါတယ်။ ပြိုင်ပွဲခေါင်းစဉ် တပ်ထားတာကလည်း တတိယအကြိမ်မြောက် အဲကမ္ဘောဇအောင်လံလုပွဲပါ။ ကောလာဟလပြောနေသလို မဟုတ်ပါဘူး။ ရုံဝင်ကြေးအနေနဲ့လည်း နိုင်ငံခြားပွဲတွေပါပေမယ့် ဈေးနှုန်းမြှင့်မထားပါဘူး။ ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူတွေ ဘယ်သူမဆို လာရောက်ကြည့်ရှုနိုင်အောင် စီစဉ်ပေးထားပါတယ်”ဟုပြောသည်။

ယခု တတိယအကြိမ်ကျင်းပမယ့် အဲကမ္ဘောဇရွှေအောင်လံလုပွဲကြီးကို ဒီဇင်ဘာ ၁၁ ရက်(ယနေ့) မွန်းလွဲ ၂ နာရီမှာ ရန်ကုန်မြို့သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံမှာ ကျင်းပမှာဖြစ်ပြီး အဆိုပါ တတိယအကြိမ် အဲကမ္ဘောဇရွှေအောင်လံလုပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မယ့် ငါးချိ ပြည်တွင်းတွဲဆိုင်းများကတော့ တိုင်းဒေသကြီးနှင့်ပြည်နယ် ရွှေတံဆိပ်ဆုရှင် ထွန်းမင်းနိုင်(ထွန်းထွန်းမင်း)နှင့် မိုက်သွေး(ဗမာ့သွေး)၊ ရာဇာ(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် စိန်လုံးချော(ဗမာ့သွေး)၊ ရွှေခါးပတ်ချန်ပီယံ စွမ်းထက်နိုင်(ဗမာ့သွေး)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရွှေတံဆိပ်ဆုရှင် ဒေါင်းဖြူလေး(အဲလ်ဗန်ချား)၊ စောသဲဦး(STL)နှင့် ချိုင်းထူး(နဂါးမာန်)၊ ဘိုစိုးအောင်(ဗမာ့သွေး)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရွှေတံဆိပ်ဆုရှင် ထွန်းနိုင်ဦး(STL)၊ ကရင်ပြည်နယ်အောင်လံဆုရှင် ထက်အောင်ဦး(တောင်ကလေး)နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ရွှေတံဆိပ်ဆုရှင် ရွှေရာမာဉ်(1886 Mandalay)တို့ ဖြစ်ပြီး ပြည်ပငါးချိစိန်ခေါ်ပွဲများမှာတော့ ဖျံသွေး(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် အီရန် မွေထိုင်းချန်ပီယံ နျူကလီးယားဟာဒီ၊ မြန်မာပြည်အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့် ဒွေ့ဗ်လက်ဒပ်(ကနေဒါ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်ပါတယ်။ အထူးပွဲစဉ်အနေဖြင့် လေးချိအမျိုးသမီးစိန်ခေါ်ပွဲကတော့ မိုမိုကို(ဂျပန်)နဲ့ ရွှေစင်မင်း(မြွေဟောက်မင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်လို့ လက်ရှိ အဲကမ္ဘောဇအောင်လံဆုရှင် ထွန်းထွန်းမင်းကပဲ ချန်ပီယံဆုကို ကာကွယ်နိုင်မလား၊ စိန်ခေါ်သူ ကနေဒါနိုင်ငံသား မွေထိုင်းလက်ဝှေ့ကျော် ဒွေ့ဗ်လက်ဒပ်ကပဲ ဆွတ်ခူးသွားမလားဆိုတာ ရိုးရာလက်ဝှေ့ချစ်ပြည်သူများ စောင့်မျှော်ကြည့်ရှုရတော့မှာဖြစ်ပါကြောင်း။ ။

ခ ရီး သွား ဆောင်း ပါး

# 'မြိုင်'

ငွေအောင်(ခရီးသွား)

ကျွန်တော် မေမြို့ခေါ် ပြင်ဦးလွင်ကို ၁၉၆၉ ခုနှစ် ဒီဇင်ဘာလက စတင်ရောက်ဖူးခဲ့၏။ ထိုစဉ်က ပြင်ဦးလွင်သည် သာမန်တောင်ပေါ်မြို့ကလေးတစ်မြို့ စစ်သင်တန်းကျောင်းများ အခြေပြုရာနေရာတစ်ခုအဖြစ်သာ တည်ရှိ၏။ ရောင်းဝယ်ဖောက်ကားမှုနည်းပါးပြီး လူဦးရေ ထူထပ်မှုမရှိ။ တစ်မြို့လုံးမှာ သစ်ပင်ထူထပ်သဖြင့် စိမ်းစိုညို့မှိုင်းနေတတ်သည်။ သာမန်အားဖြင့် ဆိတ်ငြိမ်အေးချမ်းသဖြင့် အနားယူအပန်း ဖြေလိုသူများအတွက် နေချင်စဖွယ်ဒေသဖြစ်သည်။

ကျွန်တော့်အတွက်တော့ လမ်းမပေါ်တွင် မနင်းရက်စရာကြွေကျနေသော ချယ်ရီပန်းပွင့်လေးများအပေါ် မရှောင်သာသဖြင့် တိုက်ပွဲဝင်ဖိနပ်ဖြင့် နင်းချေသွားမိတိုင်း နှမြောတသသည့်ခံစားမှုမျိုး ရင်တွင်း၌ ဖြစ်ပေါ်စမြဲ။ သင်တန်းဆရာက အနားပေးသည့်အချိန်တိုင်း ကျွန်တော်တို့တစ်တွေ ချယ်ရီပင်တန်းအောက်တွင် ထိုင်ကြရင်း ကိုယ့်အရပ်ဒေသအကြောင်းများ ပြောကြ၊ ဟိုဟိုဒီဒီ ဆွေးနွေးကြ၊ တစ်နေ့တာကာလအတွင်း အမှတ်မထင်ကိုယ်စီပြုခဲ့သော ကြောင်ကွက်၊ ဟားကွက်များကို စားမြုံ့ပြန်ရင်း ရယ်မောနောက်ပြောင်ကြသည့် မြင်ကွင်းမှာလည်း တွေးမိတိုင်းလွမ်းချင်စရာ။ သည်လိုနှင့် လေးနှစ်တာကာလ ပြီးဆုံးသွား၍ တာဝန်ကျရာဒေသအသီးသီးသို့ ထွက်ခွာလာသည့်အခါ ပြင်ဦးလွင်နှင့် အလှမ်းဝေးခဲ့ရသည်။

ထို့အတူ ပြင်ဦးလွင်တွင် အမှတ်တရဖြစ်ခဲ့သော ပေါင်မုန့်သည်ကုလားအဘိုးကြီး၊ ဒိုဘီသိန်းမောင်၊ လေဝွန်၊ ရှန်ဟိုင်းစားသောက်ဆိုင်များ၊ တောင်ကြီးကိတ်မုန့်၊ ပန်းခြံမုန့်ဟင်းခါး၊ မြို့မရုပ်ရှင်ရုံ၊ ဘီအီးရေတံခွန်၊ နောင်ခိုင်းကြီးဘုရား၊ ဘီတီဘရားသားရေကူးကန်၊ ကန်တော်ကြီး၊ စတော်ဘယ်ရီခင်း၊ ရထားသံလမ်း၊ အမိုက်ကျင်း၊ အိမ်နီကြီးနှင့် ဓာတ်တော်ချိုင့် စသည်တို့ကိုလည်း နှုတ်ဆက်ခွဲခွာခဲ့ရလေသည်။ တစ်ခါတစ်ရံ တာဝန်ဖြင့် လားရှိုးသို့ တက်ကြရသည့်အခါ ကျောင်းတော်ကြီးကို သတိတရဖြင့် ဝင်ရောက်ကြည့်ရှုမိသည်။ ပြင်ဦးလွင်နှင့်အတူ အမိကျောင်းတော်ကြီးသည် အချိန်ကာလနှင့်အချိုးညီစွာ တိုးတက်ပြောင်းလဲလျက်ရှိသည်။ ထိုစဉ်က ဂေါက်ကွင်းတစ်ဝိုက်ကွင်းပြင်တွင် 'ငါ့အသံငါကြား ၁၅၆ ဆက်သွယ်ရေးစက်များ' ကို ကျောပိုး၍ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စကားပြောလေ့ကျင့်ခဲ့စဉ်က ရိုက်ကူးခဲ့သော အမှတ်တရဓာတ်ပုံကို ပြန်ကြည့်မိရာတွင် တချို့က လူ့ဘဝတွင် မရှိတော့၊ တချို့က နိုင်ငံတာဝန်ထမ်းဆောင်ဆဲ၊ မိမိအပါအဝင် အများစုကတော့ အငြိမ်းစားများ။ ဘာပဲပြောပြော လူ့လောကထဲရှိနေသရွေ့ ပျော်သလိုသာနေ ကိုယ့်လူရေဟု ကြွေးကြော်ရမလား။ တစ်ခါက ကျွန်တော့်ဆရာတစ်ဦး ပြောခဲ့သော စကားတစ်ခွန်းကိုလည်း သတိရမိသည်။ သူက "အခုချိန်မှာ မြန်မာတွေသက်တမ်းက ၆၀ ပဲရှိတာ။ ကျွန်တော်က အခု ၆၀ ပြည့်ပြီဆိုတော့ ဆက်နေရသမျှ ကိုယ့်အတွက် အမြတ်ပဲလို့သာမှတ်" ဟု ရယ်မောရင်း သူ့ဒဿနကိုဖွင့်ဆိုခဲ့ရာ သူပြောတာလည်း ဟုတ်ပေသားပဲဟု တွေးမိခဲ့လေသည်။

ပြင်ဦးလွင်ကို နှစ်ပေါင်းများစွာ ခွဲခွာလာခဲ့ပြီးမှ နောက်တစ်ခေါက် ပြန်ရောက်ခဲ့ရပြန်သည်။ ဤတစ်ခေါက်၌ ပြင်ဦးလွင်တွင်ရေပန်းစားသည့် မြိုင်တို့နှင့် ရင်းနှီးကျွမ်းဝင်ဖြစ်ခဲ့သည်။ ဤအရပ်တွင် ကျွန်တော်တို့အခေါ် မြိုင်ခြောက်မြိုင်ရှိသည်။ သူတို့က သဇင်မြိုင်၊ ဂန္ဓမာမြိုင်၊ သီရိမြိုင်၊ နန်းမြိုင်၊ ချယ်ရီမြိုင်နှင့် ယုဇနမြိုင်တို့ ဖြစ်ကြသည်။ သူတို့အထဲတွင် နန်းမြိုင်က အကြီးဆုံး၊ မြေဧရိယာလည်း အကျယ်ဆုံး။ အခန်းက အဆောင်သုံးဆောင်ပေါင်းမှ ၃၂ ခန်းသာရှိ၏။ ဆောက်ထားသည့်ပုံစံက ကိုလိုနီဒီဇိုင်းဆန်သည်။ ရိုးရိုးနှင့် ယဉ်ယဉ်လေး လှနေဟန်ရှိသည်။ ယူကလစ်ပင်များ၊ ချယ်ရီပင်များအကြားက ညှို့ကြိုခန်းမျက်နှာစာနှင့် ဘေးဖက်မြက်ခင်းပြင်စိမ်းစိမ်းတွင် ရာသီပန်းများက ရောင်စုံပွင့်နေပြီး ခိုဖြူမိသားစုတစ်သိုက် တွတ်တီးတွတ်တာ လှုပ်ရှားသွားလာနေပုံမှာ မြင်ရသူရင်တွင်း စိတ်ကြည်နူးချမ်းမြေ့စရာပင်။ ဤအဆောက်အအုံကို အင်္ဂလိပ်တို့က တရားရုံးအဖြစ် ဆောက်လုပ်ခဲ့ပြီး 'ခရက်ဒေါက်ကုတ်' ဟု အမည်တွင်စေခဲ့သည်။ တစ်ခါက မျိုးချစ်မြန်မာတို့ကြွေးကြော်ခဲ့သော 'ခရက်ဒေါက် ဂတ်အောက်' ဆိုသည်ကို သတိရမိသည်။ ဂျပန်တို့လက်ထက်တွင် ကင်ပေတိုင်ရုံး ဖွင့်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် တပ်မတော် ရိက္ခာသိုလှောင်ရုံအဖြစ် အသုံးပြုခဲ့သည်။ ၁၉၈၂ ခုနှစ်ရောက်ခါမှ ဟိုတယ်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သူပြီးတော့ သီရိမြိုင်။ သူက နန်းမြိုင်လောက် မကျယ်သော်လည်း နန်းမြိုင်တစ်ဝက်လောက်တော့ ရှိသည်။ ကိုလိုနီဒီဇိုင်းပုံဖြစ်သည်။ အဆောက်အအုံမှာ ကုန်းပေါ်တွင် တည်ဆောက်ထားသဖြင့် ထင်ရှားသည်။ မျက်နှာစာနံရံတွင် နွယ်ပင်များကပ်ပေါက်လျက်ရှိရာ အမြင်ဆန်းသလိုရှိ၏။ သူ့ကို မူလပိုင်ရှင်ဖြစ်သော ဘုံဘေဘားမားထရေးဒင်းကုမ္ပဏီက သူ့သစ်လုပ်ငန်းမှအရာရှိများ အပန်းဖြေအနားယူရန် တည်ဆောက်ခဲ့ပြီး ဆောက်လုပ်သူ ကနေဒါနိုင်ငံသားကိုအစွဲပြု၍ 'ကင်ဒီဂရိတ်' ဟု ကင်ပွန်းတပ်ခဲ့၏။ တစ်ချိန်က ဤဟိုတယ်မှ အမဲနှပ်ကို လူကြိုက်များခဲ့၏။ အခန်း ခုနစ်ခန်းသာ ရှိသော်လည်း နိုင်ငံခြားဧည့်သည်များ တည်းခိုနေထိုင်လေ့ရှိသည်။ သီရိမြိုင်ကိုဆောက်စဉ်က မြန်မာငွေငါးသောင်း ကုန်ကျခဲ့သဖြင့် 'ငါးသောင်းတိုက်' ဟု ကမ္ပည်းရေးထိုးခဲ့သည်။ သူ့ကို ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက ရှေးပုံမပျက် ဒီဇိုင်းပုံစံအသစ်ဖြင့် ခေတ်မီဟိုတယ်တစ်လုံးတည်ဆောက်ရန် စီစဉ်ခဲ့သော်လည်း လုပ်ငန်းမစနိုင်သေးကြောင်း သိရသည်။

တတိယမြိုင်အဖြစ် ကျန်ရှိနေသူကတော့ ဂန္ဓမာမြိုင် ဖြစ်သည်။ သူက ငါးခန်းသာရှိသော်လည်း ငါးဧကခန့်ကျယ်သဖြင့် တိုးချဲ့တည်ဆောက်နိုင်သည်။ ဂေါက်ကွင်းအနီး လမ်းဆုံနေရာတွင်ရှိသဖြင့် ဝင်ထွက်လမ်းကောင်းသည်။ ရေမီးအဆင်ပြေသည်။ သူ့ကိုတိုးချဲ့လုပ်ကိုင်မည့်လုပ်ငန်းရှင်က အချိန်ကောင်းကို စောင့်ဆိုင်းနေပုံရသည်။ သူ့ကိုအင်္ဂလိပ်တို့က 'ကရော့ပ်တန်' ဟု သမုတ်ခဲ့သည်။

ပြင်ဦးလွင်အား တောင်ပေါ်စခန်းတစ်ခုအဖြစ် ရွေးချယ်ခဲ့သည့်အတွက် ပြည်တွင်းပြည်ပဧည့်သည်များ တည်းခိုနိုင်ရန် အစိုးရက ဌာနပိုင် ဤမြိုင်သုံးမြိုင်ကို ဟိုတယ်များအဖြစ် အသက်သွင်းခဲ့ခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း နိုင်ငံတော်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပြုခဲ့ရာ ပြင်ဦးလွင်တွင် ပုဂ္ဂလိကပိုင် ဟိုတယ်နှင့် တည်းခိုရိပ်သာများ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်။ မနှစ်ကစာရင်းအရ ဟိုတယ်နှင့် တည်းခိုရိပ်သာ အလုံး ၅၀ နှင့် အခန်း ၁၀၀၄ ခန်း ရှိပြီဖြစ်သည်။ လက်ရှိ လေ့လာအပန်းဖြေစရာများအပြင် အသစ်ဖန်တီးမှုများ ပေါ်ထွန်းလာပြီး ဆွဲဆောင်မှုအား ကောင်းလာသည့်အခါ ပြင်ဦးလွင်သည်လည်း အထင်ကရခရီးစဉ်ဒေသတစ်ခုဖြစ်လာရန် အလားအလာကောင်းများရှိပါသည်။ သို့ရာတွင် ယင်းကို အစိုးရ၊ ပုဂ္ဂလိကနှင့်အတူ ဒေသခံလူမှုအဖွဲ့အစည်းများက ပူးပေါင်းအကောင်အထည်ဖော်နိုင်ဖို့ လိုအပ်ပေသည်။

စင်စစ် ပြင်ဦးလွင်ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာတို့၌ နေထိုင်သူ ပြည်တွင်းပြည်ပဧည့်သည်ဦးရေတွင် ပြည်တွင်းဈေးကွက်က ပိုသည်။ အထူးသဖြင့် စစ်ကျောင်းများရှိ သင်တန်းသားများကို မကြာခဏ လာရောက်တွေ့ဆုံသော ဆွေမျိုးမိတ်သင်္ဂဟဈေးကွက်က အားကောင်းသည်။ သာမန်အားဖြင့် ပြင်ဦးလွင်သို့ အလည်အပတ်လာရောက်ရာတွင် နေ့ချင်းပြန်လေ့ရှိသည်။ တချို့က ပြင်ဦးလွင်ကိုဖြတ်ကျော်ပြီး ဂုတ်ထိပ်ကတစ်ဆင့် သီပေါတွင် ညအိပ်ကြသည်။ သီပေါသည်ပင် ယခုအခါ လေ့လာနေထိုင်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် နာမည်ရစပြုလာသည်။

ကျွန်တော့်ဘဝတွင် ပြင်ဦးလွင်က မြိုင်သုံးမြိုင်နှင့် ဆုံခဲ့ပြီးနောက် မိတ်ဆွေသစ် မြိုင်များနှင့် ထပ်မံတွေ့ဆုံရန် အကြောင်းမရှိတော့ဟု ထင်ခဲ့မိသည်။ သို့ရာတွင် ၂၀၁၄ ခုနှစ်တွင် ပြည်ပအဖွဲ့အစည်းတစ်ခုဖြစ်သည့် အက်ရှင်အေ့ဒ်မှ ကိုယ်စားလှယ်နှစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ အကြောင်းမှာ ၎င်းတို့အဖွဲ့သည် ကမ္ဘာအနှံ့ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လှုပ်ရှားမှုအနေဖြင့် ကျေးလက်ဒေသရှိ လူမှုအဖွဲ့အစည်းများ၏ အသေးစားလုပ်ငန်းများတွင် ကိုယ်ရောစိတ်ပါ တက်ကြွစွာ ဝင်ရောက်ပူးပေါင်း မြှင့်တင်ပေးလျက်ရှိပြီး လိုအပ်ပါက ငွေကြေးနှင့် ပစ္စည်းအထောက်အပံ့များကိုပါ စီစဉ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အချို့ကျေးလက်ဒေသများတွင် တက်ကြွစွာ ပူးပေါင်းလုပ်ကိုင်နေပါကြောင်း၊ အထူးသဖြင့် ပုဂံ၊ ညောင်ဦးနှင့် ပခုက္ကူဒေသများရှိ ကျေးရွာများတွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးအောင် ကူညီပေးပါကြောင်း၊ ယင်းတို့မှထွက်ရှိသည့် ပစ္စည်းများကို အမှတ်တရပစ္စည်းများအဖြစ် ပုဂံတွင် ဆိုင်ဖွင့်ရောင်းချလျက်ရှိရာ တစ်စထက်တစ်စ ရောင်းအားမြင့်တက်လာပါကြောင်း၊ ယခုအခါ ခရီးသွားလုပ်ငန်းမှာ ဒေသခံလူမှုအဖွဲ့အစည်းကို တိုက်ရိုက်အကျိုးသက်ရောက်စေသော လုပ်ငန်းတစ်ရပ်အဖြစ် ကမ္ဘာမှ စိတ်ဝင်စားလာရာ မိမိတို့အဖွဲ့အနေဖြင့်လည်း ဒေသခံလူမှုအဖွဲ့အစည်းအကျိုးပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက်စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း အကျယ်တဝင့် ရှင်းပြပါသည်။ အဆိုပါအဖွဲ့၏ တင်ပြချက်မှာ စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ယင်းတို့နှင့်အတူ ပုဂံ၊ ပခုက္ကူဒေသသို့ ခရီးဆက်ဖြစ်ခဲ့ကြသည်။

ကျွန်တော်တို့အဖွဲ့ ပခုက္ကူရောက်ပြီး ရောဝတီကမ်းခြေတစ်လျှောက်ရှိ ကျေးရွာများတွင် ချည်ထည်ရက်လုပ်ခြင်း၊ သစ်အခြေခံအချောထည်ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းများကို သွားရောက်ကြည့်ရှုခဲ့ရာ လုပ်သားအများစုမှာ အိမ်ထောင်သည်များဖြစ်ကြပြီး ကလေးငယ်များနှင့်အတူ အလုပ်ရုံတွင် တက်ကြွစွာလုပ်ကိုင်နေသည်ကို တွေ့ရ၏။ ကလေးငယ်များ၏ စားသောက်ရေးကိုပါ အဖွဲ့က ကြည့်ရှုထိန်းသိမ်းပေးထားပြီး မိခင်၏လုပ်အားဖြင့် မြန်မာ့ရိုးရာအဝတ်အထည်နှင့် အမှတ်တရပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိသည်။

ကျွန်တော်တို့အဖွဲ့သည် ကမ်းခြေရွာများမှတစ်ဖန် ကားလမ်းပေါ်သို့ပြန်တက်ပြီး ဆက်လက်ခရီးနှင်ခဲ့ရာ မြိုင်သို့ ရောက်ရှိလာပါသည်။ မြိုင်မှာ ပခုက္ကူနှင့် မဝေးလှ။ လမ်းဘေးဝဲယာတွင် သနပ်ခါးပင်များကို ခြံဖွဲ့ကာ စီးပွားဖြစ် စိုက်ထားကြသည်။ မြို့ထဲတစ်နေရာတွင် အက်ရှင်အေ့ဒ်မှ အလုပ်ရုံရှိသဖြင့် ဝင်ရောက်ကြည့်ရှုရာ အမှတ်တရပစ္စည်းအမျိုးမျိုး ထုတ်လုပ်နေသည်ကို တွေ့ရ၏။ စနစ်တကျ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ထားသော ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်ကြောင်း သတိပြုမိ၏။

**ရောဝတီကမ်းခြေတစ်လျှောက်ရှိ ကျေးရွာများတွင် ချည်ထည်ရက်လုပ်ခြင်း၊ သစ်အခြေခံအချောထည်ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းများကို သွားရောက်ကြည့်ရှုခဲ့ရာ လုပ်သားအများစုမှာ အိမ်ထောင်သည်များဖြစ်ကြပြီး ကလေးငယ်များနှင့်အတူ အလုပ်ရုံတွင် တက်ကြွစွာလုပ်ကိုင်နေသည်ကို တွေ့ရ၏။**

ထိုမှတစ်ဖန် ကျွန်တော့်အား ၎င်းတို့စီမံကိန်းနယ်မြေဖြစ်သော ဆူးလေပန်ကျေးရွာသို့ ခေါ်သွားပြီး ဦးစွာ ရွာခံဆရာတော်နှင့် တွေ့ဆုံစေ၍ ကျေးရွာအခြေအနေကို ဆရာတော်က ရှင်းပြသည်။ ကျေးရွာမှာ အိမ်ခြေနည်းပြီး စာသင်ကျောင်းမရှိသည့်အတွက် ကလေးငယ်များမှာ အခြားကျေးရွာများသို့ သွားရောက်ပညာသင်ကြားရကြောင်း၊ ဖြစ်နိုင်လျှင် မူလတန်းအဆင့် စာသင်ကျောင်းတစ်ကျောင်း ဖြစ်စေလိုကြောင်း ရှင်းပြသည်။ ဆရာတော်အား အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးမည့်အကြောင်းလျှောက်ထားခဲ့ပြီး ကျေးရွာမှ ရွာသားများနှင့်တွေ့ဆုံမည့် ရွာအရှေ့ဘက်ကုန်းပေါ်သို့ ထွက်လာခဲ့လေသည်။ ကျွန်တော့်စိတ်ထဲတွင် ရွာနာမည်မှာ ဆန်းသလိုရှိသဖြင့် ရွာလူကြီးကို မေးမြန်းကြည့်ရာ အဖြေက ဒဏ္ဍာရီဆန်သဖြင့် မေ့ဖျောက်ထားလိုက်သည်။

ကျွန်တော်တို့ကားသည် တောလမ်းအတိုင်းမောင်းလာရာမှ ကုန်းငယ်တစ်ခုပေါ်သို့တက်လာရာ လက်ဝဲဘက်တွင် စားကျက်မြေနှင့် ကန်ငယ်တစ်ကန်ကို သတိပြုမိသည်။ ကုန်းပေါ်သို့ရောက်သည့်အခါ နားနေဆောင်၌ ရွာသားများနှင့် တွေ့ဆုံရာ ရွာလူကြီးက ကျေးရွာအကြောင်းမိတ်ဆက်ပြီး ရွာ၏အဓိကလိုအပ်ချက်ဖြစ်သော မူလတန်းကျောင်း ဖြစ်မြောက်ရေး၊ စားကျက်မြေနှင့်ဆက်စပ်သော ဆည်ငယ်ကို ယခုထက် ပိုမိုတိုးတက်အောင် စီစဉ်ပေးရေး၊ ကျောင်းအတွက်လိုအပ်သော ဆရာ ဆရာမများကို ဤရွာအတွက် လူငယ်များက စေတနာဖြင့် သင်ကြားပေးမှာဖြစ်၍ ၎င်းတို့၏ စားဝတ်နေရေးအတွက် စောင့်ရှောက်ပေးရေးတို့ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အက်ရှင်အေ့ဒ်မှ တာဝန်ခံက ၎င်းတို့ ဤနေရာကို ရောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် နယ်မြေခံအစိုးရ အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း၊ ကျေးရွာလူထုအနေဖြင့် ၎င်းတို့ဒေသ၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးလာရန် စိတ်အားထက်သန်ကြပါကြောင်း၊ မိမိအဖွဲ့အနေဖြင့် ဆောက်လက်စတန်းလန်းကျောင်းငယ် ပြီးစီးအောင် ဖြည့်ဆည်းဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း၊ ယနေ့တင်ပြလိုသည့် အဓိကအချက်မှာ လူမှုအဖွဲ့အစည်းပါဝင်သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအစီအစဉ်အရ ဤနေရာကို စံပြအဖြစ် ထားရှိဆောင်ရွက်လိုပါကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကသာမက ပြည်သူလူထုကလည်း လိုလားသည့်အတွက် ဤလုပ်ငန်းလုပ်ကိုင်ရန် အထူးကောင်းမွန်ပါကြောင်း၊ ယခု ကျွန်တော်တို့ရောက်ရှိလာသော ကုန်းမြေမှာ စခန်းနေရာဖြစ်ပါကြောင်း စသည်တို့ကို ဒီဇိုင်းပုံစံများနှင့် ရှင်းပြ၏။ ဆက်လက်၍ ရွာရှိ လူလတ်ပိုင်းပုဂ္ဂိုလ်များက ၎င်းတို့သည် စိတ်ရင်းစေတနာမှန်ဖြင့် ရွာအကျိုးပြုလုပ်ငန်းတွင် အားတက်သရော ပါဝင်လုပ်ကိုင်မှာဖြစ်ကြောင်း တင်ပြကြသည်။ ကျွန်တော်ကိုယ်တိုင်လည်း ယင်းစီမံကိန်းအောင်မြင်အောင် အကောင်အထည်ဖော်လိုစိတ်ရှိသဖြင့် အားပေးစကားပြောခဲ့၏။ ထို့နောက် စခန်းပတ်ဝန်းကျင်နှင့် ဆောက်လုပ်ဆဲ မူလတန်းကျောင်းဆောင်ကို ကြည့်ရှုပြီး ပုဂံသို့ ပြန်လာခဲ့သည်။

မြိုင်နှင့် ပုဂံမှာ လမ်းကောင်းသော်လည်း တစ်နာရီခွဲခန့် မောင်းရသည်။ ဤစီမံကိန်းမှာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် အစပျိုးဆောင်ရွက်ခဲ့သည့်အတွက် နယ်မြေခံဌာနမှ အရာရှိများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ မိမိတို့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားလိုကြောင်း သတင်းပို့တင်ပြစေခဲ့ပါသည်။ ယင်းနောက် ပုဂံရှိ ဟိုတယ်လုပ်ငန်းရှင်များအဖွဲ့၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအဖွဲ့တို့နှင့် ညှိနှိုင်းကာ ဟိုတယ်ဆိုင်ရာ အခြေခံသင်တန်းများကို စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားပေးရန် စတင်ပြင်ဆင်ပါတော့သည်။

ဒုတိယတစ်ခေါက် မြိုင်သို့သွားသည့်အခါတွင် ကျောင်းအတွက်လိုအပ်သည့်လှူဒါန်းမှုများပြုခဲ့ပြီး စခန်းကုန်းမြေသို့ သွားကြည့်ရာတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်သဖြင့် တိုးတက်မှုကိုအားရမိသည်။ စခန်းဖွင့်ချိန်တွင် ဧည့်သည်များနှင့်အတူ အခမ်းအနားဖွင့်လှစ်ရေး၊ ကျောင်းဆောင်လွှဲအပ်ရေးနှင့် ပြည်ပဧည့်သည်များ ညအိပ်နေထိုင်ခွင့် ရရှိရေးစသည့် လုပ်ငန်းများကိုပါ ဆွေးနွေးညှိနှိုင်းကြသည်။

သိပ်မကြာလိုက်ပါ။ အက်ရှင်အေ့ဒ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ပဧည့်သည် ၂၀ ဦးခန့်နှင့်အတူ ကျွန်တော်တို့၏ မြိုင်စခန်းကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့၏။ မူလတန်းကျောင်းဆောင်သစ်ကိုလည်း လွှဲအပ်ပေးနိုင်ခဲ့၏။ ဆရာ၊ ဆရာမတို့အတွက် လိုအပ်သည့်အထောက်အပံ့များကိုလည်း စီစဉ်နိုင်ခဲ့၏။ ဆက်လက်၍ လာမည့်ခရီးသွားရာသီတွင် ဂျာနီခရီးသွားမှ ဦးဝင်းတင်၏အဖွဲ့များ အသုတ်လိုက်စေလွှတ်မည့်အကြောင်း စရံသတ်နိုင်ခဲ့၏။

